# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ နယုန်လပြည့်ကျော် (၁)ရက် ၊ စနေနေ့ ၊ (22-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာနိုင်ငံကို ကမ္ဘာ့ခရီးသွားဧည့်သည်များအကြားတွင် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် အဆင့်မြှင့်တင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရေး၊ ခရီးသွားလုပ်ငန်းနှင့်ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအထောက်အကူပြုရေးတို့ကို ဦးစားပေးဆောင်ရွက်



**နေပြည်တော် ဇွန် ၂၁**

အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီဝင်ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊

စာမျက်နှာ ၁၈ ကော်လံ ၁ သို့

**အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာပန်းချီ၊ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ**

စာမျက်နှာ - ၁၉

## နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇွန် ၂၁**

မနက်ဖြန်မွန်းတည့်ချိန်ထိ ခန့်မှန်းချက်။ ။ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၂၂ ရက်

**အယ်ဒီတာ့အာဘော်**

# မူးယစ်ဆေးဝါးအန္တရာယ် ပူးပေါင်းကာကွယ်

ကမ္ဘာတစ်ဝန်းလုံးရှိ လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိပြီး လူသားတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ဆုတ်ယုတ်ပျက်စီးစေသော ပြဿနာမှာ မူးယစ်ဆေးဝါးပြဿနာဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖြန့်ဖြူးသူတို့သည် မူးယစ်ဆေးဝါးပြဿနာ၏ ဖန်တီးရှင်၊ လူသားများ၏ဘဝရှင်သန်တိုးတက်ရေးကို ဖျက်ဆီးသူ ကိုယ်ကျိုးရှာဝိသမလောဘသားများဖြစ်ခြင်းကြောင့် လူသားမျိုးနွယ်အားလုံး၏ ဘုံရန်သူများဖြစ်ကြသည်။ ထို့ကြောင့် ကမ္ဘာ့လူသားများ၏ အကျိုးကိုရှေးရှု၍ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ နှိမ်နင်းတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကမ္ဘာ့လူသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။

မိမိတို့နိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအဆက်ဆက်က အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ကာ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ခေတ်နှင့်အညီ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ကို ဆုတ်ယုတ်ပျက်စီးစေသော မူးယစ်ဆေးဝါးပြဿနာများကို ထိန်းချုပ်နိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုများ သိသာစွာလျော့ကျသွားခြင်း မရှိသေးပေ။

မီဒီယာများတွင် လတ်တလောပါရှိထားသည့် အကြောင်းအချက်များအရ ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင် မောင်တောဒေသရှိ ဘင်္ဂါလီလူမျိုးများကိုသတ်ဖြတ်ပြီး နေအိမ်များမီးရှို့ဖျက်ဆီးမှုများလုပ်ဆောင်ခဲ့သူ အကြမ်းဖက်သောင်းကျန်းသူ **AA** အဖွဲ့သည် မူးယစ်ဆေးဝါးကုန်သွယ်မှု အကြီးအကျယ်လုပ်နေကြသူများဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု မှတ်တမ်းများအရ ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ် မတ်လထိ **AA** အဖွဲ့နှင့်ဆက်စပ်နေသော မူးယစ်ဆေးဝါးဖမ်းဆီးရရှိမှု ကိုးကြိမ်ရှိခဲ့ပြီး မူးယစ်ဆေးဝါးကာလတန်ဖိုး ၂၉၄ ဒသမ ၈၂ ဘီလီယံကျပ် (ဒေါ်လာ သန်း ၁၄၀၀ ကျော်)ထိရှိခဲ့ကြောင်း အံ့သြထိတ်လန့်ဖွယ်တွေ့ရသည်။ မူးယစ်ရာဇာ အကြမ်းဖက်သောင်းကျန်းသူ **AA** အဖွဲ့သည် မူးယစ်ဆေးဝါးဖြင့် ဘဏ္ဍာငွေရှာဖွေပြီး လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို လုပ်ဆောင်နေသည့်အဖွဲ့ဖြစ်သည့်အတွက် လူသားမျိုးနွယ်တစ်ရပ်လုံးအပေါ် အန္တရာယ်ရှိသောကြောင့် လူသားများအကျိုးအတွက် ကန့်ကွက်ရှုတ်ချကြရမည်ဖြစ်သည်။

ထို့ပြင် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးကို ဆောင်ရွက်ကြရာတွင် အခြေခံပညာကျောင်းများ၌ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာများ၊ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ရေးလုပ်ငန်းများကို ပူးပေါင်းပါဝင်လိုစိတ်ထက်သန်အောင် ပညာပေးစည်းရုံးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မည်သို့ပင်စိန်ခေါ်မှုများရှိစေကာမူ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မူးယစ်ဆေးဝါးပြဿနာများသည် လက်နက်မှောင်ခိုမှု၊ အကြမ်းဖက်မှု၊ ငွေကြေးခဝါချမှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ဆက်နွယ်နေသည်ဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ထိပါးနှောင့်ယှက်မှုမဖြစ်စေရန် ပြည်သူတို့၏ပူးပေါင်းပါဝင်မှု အထူးလိုအပ်လှသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်မှုတို့ကို ဖြစ်နိုင်သမျှနည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ရာတွင် မိဘပြည်သူအပေါင်းကလည်း လူသားတို့၏ မွေးရာပါ တာဝန်တစ်ရပ်အဖြစ်ခံယူကာ ပါဝင်ကူညီကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# နယုန်လပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ



**မန္တလေး ဇွန် ၂၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်တွင် နယုန်လပြည့်နေ့၌ နယ်စုံမှလာရောက်ဖူးမြော်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော နယုန်လပြည့် မဟာသမယအခါတော်နေ့ ဖြစ်သည့်အပြင် ဗုဒ္ဓဘာသာဝင်တို့၏ ဥပုသ်နေ့ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်သို့ အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးပြည်သူများ လာရောက် ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်ဦးလေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားလျက်ရှိကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို ဘုရားဖူးပြည်သူတွေအတွက် နေ့စဉ်ဖွင့်လှစ်ပေးထားပါတယ်။ ဒီနေ့ဟာ နယုန်လပြည့် ဥပုသ်နေ့ဖြစ်လို့ ဘုရားဖူးပြည်သူတွေနဲ့ ဘုရားဝတ်ပြုသူတွေ စည်ကားနေပါတယ်။ ဘုရားဖူးပြည်သူတွေဟာ သမိုင်းပန်းချီပြတိုက်၊ ကြေးစည်တော်ကြီးပြတိုက်၊ ကြေးရုပ်ပြတိုက်နဲ့ ကြေးမောင်းကြီး နေရာတွေကို သွားရောက် လေ့လာသူတွေနဲ့ စည်ကားနေပါတယ်။ ဖူးမြော်သူတွေဟာ ကား၊ ဆိုင်ကယ်တွေနဲ့ လာရောက်ဖူးမြော်ကြပြီး ကားပါကင်၊ ဆိုင်ကယ်ပါကင်တွေ၊ စောင်းတန်းတွေမှာလဲ နေရာပြည့်နေပါတယ်။ ငါးကန်၊ လိပ်ကန်ကို သွားရောက်ပြီး ငါးစာ၊ လိပ်စာ ကျွေးသူတွေနဲ့ စည်ကားနေပါတယ်။ ရောင်းချနေတဲ့ ဆိုင်ခန်းတွေမှာလဲ ဝယ်ယူသူတွေနဲ့စည်ကားနေပါတယ်" ဟု ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ နယုန်လပြည့်နေ့တွင် ဘုရားဖူးပြည်သူ ၁၀၃၆၅ ဦး လာရောက်ဖူးမြော်ကြကာ ဘုရားဖူးရဟန်းရှင်လူပြည်သူများ အနေဖြင့် မုခ်ဦးလေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့်အာလူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၂၂**

မန္တလေး ဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပြည်တွင်းမှထွက်ရှိသည့် အာလူးများ ဇွန်လဒုတိယပတ်က အရောင်းအဝယ် ပုံမှန်အတိုင်းသာရှိကြောင်း၊ လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း အာလူးများအရောင်းအဝယ် ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"အခုလတ်တလော အောင်ပန်းဘက်ကနေထွက်ရှိတဲ့ အာလူးတွေ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေးကောင်းမွန်နေတယ်။ အာလူးတွေဈေးကွက်ထဲ အဝယ်လိုက်နေတာကြောင့် ဈေးကွက်ထဲ ကုန်စည်လက်ကျန်ပြန်ရှားလာတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ဇွန် ၂၀ ရက်ပေါက်ဈေးအရ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ခန့်ဈေးရှိပြီး ပြည်တွင်းမှထွက်ရှိသည့်အာလူးများ အရောင်းအဝယ် ကောင်းမွန်လျက်ရှိသည့်အပြင် တရုတ်နိုင်ငံဘက်ကထွက်ရှိသည့်အာလူးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

အာလူးစိုက်ပျိုးခြင်းကို ရှမ်းပြည်နယ်တွင် ရေသွင်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးလျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် ကျွန်းမြေ၌စိုက်ပျိုးနည်းနှင့် သဲချောင်းများ၌ စိုက်ပျိုးနည်းတို့ဖြင့် စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။ (၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး ဇွန် ၂၃**

မန္တလေးမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များ ဝင်ရောက်လာသကဲ့သို့ မြို့တွင်းပိုင်း အချက်အချာကျသည့် နေရာများ ငှားရမ်းမှုရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်ရန်နှင့်ဆိုင်ခန်းဖွင့်လှစ်ရန် ကောင်းမွန်ပြီး အချက်အချာကျသည့် အဓိကလမ်းမကြီးများနှင့် လူစည်ကားရာ ရပ်ကွက်ကြီးတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ကြရန်နှင့်စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာအကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍ ငှားရမ်းမှုဖြစ်နေကြောင်း သိရသည်။

"အငှားဘက် ပိုဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ အရင်က လူပါနေလို့ရတဲ့ဆိုင်ခန်း တစ်ခန်းဆိုရင် ငွေကျပ် ၂၅၀၀၀၀ ကနေ ၃၀၀၀၀၀ လောက်သုံးနိုင်ရင်ရတယ်။ အခုက အနည်းဆုံး ငွေကျပ် ၃၀၀၀၀၀ ကျော်မှရတော့တယ်။ မြို့တွင်းပိုင်းလမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့နေရာတွေ ပိုရှားခိုင်းတယ်။ စီးပွားရေးသမားတွေတော့ မဟုတ်ပေမဲ့ တစ်နိုင်တစ်ပိုင်ဆိုင်ဖွင့်ကြမဲ့သူမျိုးတွေများတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၈၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၂၀၀၀၀၀ ခန့် ဈေးတန်းရှိအိမ်ခန်းများ၊ လုံးချင်းနေအိမ်များ ငှားရမ်းမှုအများဆုံးဖြစ်ကြောင်း၊ မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း(လမ်း ၃၀ မှ မန္တလေးတက္ကသိုလ်အနီးဝန်းကျင်ရပ်ကွက်များ)၊ ၆၂ လမ်းမတန်း(မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း (၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း ၃၀ (၈၄ လမ်းမှ ၆၂ လမ်း)၊ ဘူတာကြီးအနီးတိုက်ခန်းများတွင် ငှားရမ်းလိုမှုအများဆုံးဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် မြို့သစ်ပိုင်း(၁၊ ၂၊ ၃၊ ၄၊ ၅) လမ်းမတန်းမြေကွက်များမှာ ငွေကျပ် သိန်း ၂၀၀၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၅၀၀ မှ ၂၀၀၀ ခန့်၊ စက်မှုဇုန်နှင့် အနီးဝန်းကျင်ရပ်ကွက်များမှ လမ်းတင်မြေကွက်များမှာ ငွေကျပ် သိန်း ၂၅၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ် သိန်း ၇၀၀ မှ သိန်း ၂၀၀၀ ခန့်၊ အောင်ပင်လယ်နှင့် ထန်းကိုးပင်အနီးအကွက်များမှာ ငွေကျပ် သိန်း ၁၂၀၀ မှ ၃၀၀၀ ခန့်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ် သိန်း ၅၀၀ နှင့်အထက်၊ မြရည်နန္ဒာ ရပ်ကွက် (၄၄ လမ်းမှ ၆၁ လမ်း)ရှိ မြေကွက်များမှာ ငွေကျပ် သိန်း ၁၃၀၀ နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၈၀၀ မှ ၁၅၀၀ ခန့်ထိ ဈေးရှိကြောင်း ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လူထုအသိပညာပေး Billboard စိုက်ထူ

**မန္တလေး ဇွန် ၂၁**

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးနှင့်ပတ်သက်၍ လူထုအသိပညာပေး Billboard စိုက်ထူခြင်းကို ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်က မန္တလေး ပြည်ကြီးတံခွန်မြို့နယ် (င)ရပ်ကွက် ၆၂ လမ်းနှင့် လမ်း ၁၂၀ ထောင့်(တွတ်ပီကွေ့)၌ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"စာသားပါပိုစတာကို မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့က စိုက်ထူပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တက်ရောက်လာကြသူများက လမ်းသွားလမ်းလာပြည်သူများကို ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။



အဆိုပါ Billboard စိုက်ထူပွဲသို့ ပြည်ကြီးတံခွန်မြို့နယ်သန်းခေါင်စာရင်း ကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးဌေးဦးခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ဆန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ စုစုပေါင်း လူဦးရေ ၁၂၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၁၅၂)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဝမ်းတွင်းမြို့ ၃၀၈ မိုင် ၇ ဖာလုံနေ ကျောက်ဆင်တောရဆရာတော် ဦးကဝိဓဇက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးစင်မောင်နှင့် ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းတို့က လက်ခံရယူစဉ်။

# မိုးကုတ်မြို့နယ် ကျောက်ပုတ်ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းပြုလုပ်

**မိုးကုတ် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ပုတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးကုတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြမြဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး၊ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် အခြေအနေများနှင့် ကော်မတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာပြည်သူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)နှင့်စပ်လျဉ်း၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

မိုးကုတ်မြို့နယ် ကျောက်ပုတ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ အသုံးပြု၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငရုတ်သီးခြောက် ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ပန်းတနော် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက ငရုတ်သီးခြောက် ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလက ငရုတ်သီးခြောက် ပိဿာချိန် ၅၉၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လတာကာလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ ဈေးရရှိခဲ့ကြောင်း သိရသည်။



"ပြီးခဲ့တဲ့မေလအတွင်း ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးခြောက်ပိဿာချိန် ၈၉၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်က ထွက်တဲ့ ငရုတ်သီးတွေက အရည်အသွေးကောင်းပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေတာကြောင့် ကုန်ပစ္စည်းမှာယူမှုလဲ များပါတယ်။ လက်ရှိ ငရုတ်သီးခြောက်က ၁၀ ပိဿာကို ငွေကျပ် ၇၇၀၀၀ ထိ ဈေးရရှိနေပါတယ်"ဟု ဒေါ်ကြည်ဌေးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထို့ကြောင့် ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များအလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၃၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရမည်းသင်း ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးပဲတီစိမ်း ၁၈၃၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးပဲတီစိမ်း ဧက ၅၀၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလနောက်ဆုံးပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးပဲတီစိမ်း ၁၈၃၇၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် စိုက်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရမည်းသင်းမြို့နယ်မှာ မိုးပဲတီစိမ်း ၁၈၃၇၇ ဧကထိ စိုက်ပျိုးပြီးပါပြီ။ လာမဲ့ရာသီတွေမှာ စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်နဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒီနှစ် မိုးပဲတီစိမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP စနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ရောဂါပိုးမွှားကျရောက်မှုမရှိစေဖို့နဲ့ အရည်အသွေးကောင်းမွန်စေဖို့အတွက်လဲ ကွင်းဆင်းပြီးတော့ လိုအပ်တဲ့နည်းပညာရပ်တွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP စနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ကြောင်း၊ အဆိုပါစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရမည်းသင်းမြို့နယ်တွင် မိုးသီးနှံပဲတီစိမ်းကို ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးထားကြောင်း သိရသည်။ (၁၈၅)



# ဆီးချိုရောဂါသက်သာပျောက်ကင်းစေသည့် သစ်ကြံပိုးခေါက်

ကြည်လွင်မြင့်(မုဒြာ)



ဆေးဖက်ဝင် သစ်ကြံပိုးခေါက်ကို တွေ့ရစဉ်။

သစ်ကြံပိုးက ဟင်းခတ်အမွှေးအကြိုင်ပါ။ အထူးသဖြင့် အိန္ဒိယအစားအစာများတွင်ပါသည်။ကုလားပဲဟင်းကအစ ဒံပေါက်အဆုံးအားလုံးလိုလိုမှာ သစ်ကြံပိုးပါသည်။ သစ်ကြံပိုးကို ဟင်းမွှေးအောင်ထည့်ရာတွင် အခေါက်အတိုင်းထည့်သလို အမှုန့်ထောင်းပြီးကြိတ်ကာ ထည့်သည်လည်းရှိသည်။ သစ်ကြံပိုးနှင့်အတူ ကရဝေး၊ ဇီရာ၊ လေးညှင်းပွင့်တို့ပါ အချိုးကျရောပြီးထည့်သည်လည်းရှိသည်။ ထိုဟင်းခတ်အမွှေးအကြိုင်များပါသည့် ဟင်းလျာပဲဖြစ်စေ၊ ဒံပေါက်ပဲဖြစ်စေ အိုးအဖုံးဖွင့်လိုက်သည်နှင့် ထွက်လာသည့်အနံ့က စားချင်လာအောင်ဖိတ်ခေါ်ပြီးသားဖြစ်နေတတ်သည်။ ဆီးချိုသွေးချိုရောဂါသည် မွေးရာပါ သို့မဟုတ် မျိုးရိုးကြောင့်ဖြစ်သော အမျိုးအစား(၁)ဆီးချိုရောဂါနှင့် မျိုးရိုးကြောင့်မဟုတ်ဘဲ မိမိအစားအသောက်၊ အနေအထိုင်မှားယွင်းမှုကြောင့် အသက်ကြီးမှဖြစ်သည့် အမျိုးအစား(၂)ဆီးချိုရောဂါဟု ဆေးပညာရှင်များက သတ်မှတ်ကြသည်။ ဒေသနာနယဆေးပညာအလိုအရဆိုလျှင် ကံ၊ စိတ်၊ ဥတု၊ အာဟာရကြောင့်ဖြစ်သည်။ မွေးရာပါကြောင့်ဖြစ်ရသည်မှာ ကံကြောင့်၊ မိမိအစားအသောက်မှားယွင်းမှုကြောင့်ဖြစ်ရသည်မှာ အာဟာရကြောင့်ဖြစ်သည်။

လူတို့စားသုံးကြသည့် ရသာခြောက်ပါးတွင် ချို၊ ချဉ်၊ ငန်၊ စပ်၊ ခါး၊ ဖန်ဟုရှိရာ မျှတအောင်စားရမည်။ ရသာခြောက်ပါးစုံအောင်စားလျှင်၊ မျှတအောင်စားလျှင် ရောဂါကင်းသည်။ ဓာတ်ကြီးလေးပါးညီမျှသည်ဟုဆိုသည်။ ရသာတစ်မျိုးမျိုးကိုလွန်ကဲအောင်စားလျှင် ရောဂါရတတ်သည်။ အစပ်စားဖန်များလျှင် မျက်စိရောဂါ၊ အငန်စားဖန်များလျှင်သွေးတိုးနှင့်ကျောက်ကပ်ရောဂါ၊ အချဉ်အစားများလျှင်လေပွလေပျက်ရောဂါ၊ အဖန်အစားများလျှင်လေချုပ်သွေးချုပ်ရောဂါနှင့် အချိုကြိုက်ပြီးလွန်ကဲအောင် စားသူများမှာ ဆီးချိုသွေးချိုရောဂါများဖြစ်နိုင်ပေသည်။ ဆီးချိုရောဂါရှိသူများတွင် ဖြစ်လာတတ်သည့် နောက်ဆက်တွဲရောဂါမှာ ခြေလက်များထုံကျဉ်ခြင်းဖြစ်သည်။ ထုံကျဉ်ရောဂါကြာလာသောအခါ နောက်ဆက်တွဲရောဂါအဖြစ် လေငန်းရောဂါဖြစ်လာတတ်သည်။ ဆီးချိုရောဂါသောက်ဆေးများသည် သွေးတွင်းသကြားကိုထိန်းညှိပေးပြီး သွေးချိုရောဂါကိုပျောက်ကင်းစေနိုင်သည်။ ဆေးအရှိန်ရှိနေသမျှ ထိန်းညှိပေးထားမည်ဖြစ်သည်။ သို့သော် ဆီးချိုရောဂါသောက်ဆေးများသည် ဆီးချိုကြောင့်နောက်ဆက်တွဲဖြစ်သော ထုံကျဉ်ရောဂါကို မပျောက်ကင်းနိုင်ပေ။ အနောက်တိုင်း ဥရောပနှင့် အထူးသဖြင့် အမေရိကန်နိုင်ငံတို့တွင် အများအားဖြင့် ဟင်းခတ်အမွှေးအကြိုင်ဖြစ်သော သစ်ကြံပိုးကိုသုံးစွဲလေ့မရှိကြပေ။ သို့သော် အမှတ်မထင်သစ်ကြံပိုးခေါက်ပါသော အိန္ဒိယအစားအစာများကိုစားသုံးကြည့်ရာမှ သစ်ကြံပိုးခေါက်စားသုံးခြင်းဖြင့် ဆီးချိုထုံကျဉ်ရောဂါကို သက်သာစေနိုင်သည်ဟု သတိပြုမိလာကြသည်။ သစ်ကြံပိုးအမှုန့်ကို တစ်နေ့လျှင် ဟင်းစားဇွန်းတစ်ဇွန်းစားသုံးကြည့်သောအခါ ခြေလက်များတွင် ထုံကျဉ်ခြင်းများ သိသိသာသာ သက်သာလာသည်ကိုတွေ့ရှိရသည်။

**သုတေသနတွေ့ရှိချက်များ**

ဓာတ်ခွဲခန်းစမ်းသပ်မှုများတွင် သစ်ကြံပိုးခေါက်သည် ရောင်ရမ်းခြင်းကိုသက်သာစေပြီး ဓာတ်တိုးခြင်းကိုဆန့်ကျင်နိုင်သော အာနိသင်များရှိပြီး ဗက်တီးရီးယားများကို သေစေနိုင်သည်ဟုတွေ့ရှိထားသည်။ အချို့သောသုတေသနများတွင် သစ်ကြံပိုးခေါက်အမျိုးအစားတစ်မျိုးသည် သွေးတွင်းရှိသကြားဓာတ်ကို ကျဆင်းစေကြောင်း တွေ့ရှိထားသည်။ ဆီးချိုနောက်ဆက်တွဲ အသားတွင်မှိုစွဲသောရောဂါများ(ဥပမာ-ခြေသလုံးတွင်နှင်းခူပေါက်ခြင်း)ကိုလည်း ကာကွယ်နိုင်သည်။ သွေးတွင်းကိုလက်စထရောကျဆင်းခြင်းကိုလည်း အားပေးသည်ဟုဆိုသည်။ သို့သော် သစ်ကြံပိုးခေါက်စားသုံးမှုကိုကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များနှင့်ကလေးများတွင် ဆေးကုသရန်အတွက် အသုံးမပြုသင့်ဟုဆိုသည်။

သစ်ကြံပိုးတွင်လည်း ဓာတ်မတည့်ခြင်းကြောင့် ဘေးထွက်ဆိုးကျိုးများရှိနိုင်သည်။ ဘေးထွက်ဆိုးကျိုးများမှာ-

၁။ မျက်နှာနီရဲခြင်း၊
၂။ နှလုံးခုန်မြန်ခြင်း၊
၃။ အစာအိမ်ရောင်ခြင်း၊ လျှာ၊ သွားဖုံးရောင်ခြင်း၊
၄။ အစားအသောက်ပျက်ခြင်း၊
၅။ ဓာတ်မတည့်ခြင်း၊ အရေပြားယားယံရောင်ရမ်းခြင်း၊
၆။ အသက်ရှူခက်ခြင်း စသည်တို့ဖြစ်နိုင်သည်။

သို့သော်လူတိုင်းအတွက်ဘေးထွက်ဆိုးကျိုးရှိ သည်ဟုမဆိုလိုပါ။ ရာနှုန်းအနည်းငယ်သောလူတချို့တွင်သာ ဖြစ်တတ်သည်။ ထိုသို့ဖြစ်လျှင် ဆေးဝါးကျွမ်းကျင်သူဆရာဝန်များနှင့်ပြသတိုင်ပင်ပါ။ အမှန်တော့သစ်ကြံပိုးခေါက်အမှုန့် သို့မဟုတ် အဆီသည် ဆေးဝါးမဟုတ်ပါ ဆေးဖက်ဝင်ဖြည့်စွက်စာသာဖြစ်သည်။

**သစ်ကြံပိုး၏ ရုက္ခဗေဒ**

| | | |
|---|---|---|
| အင်္ဂလိပ်အမည် | - | Ceylon Cinnamon |
| မျိုးရင်း | - | Lauraceae (ပရွတ်မျိုးရင်း) |
| ရုက္ခဗေဒအမည် | - | Cinnamomum Tamala F.Nees |

**အဓိကဆေးဖက်ဝင်ပုံ**

အစာမကြေရောဂါ၊ လေနာ၊ သည်းခြေနာရောဂါ၊ ဝမ်းသွားရောဂါ၊ ချွေးအလွန်ထွက်သောရောဂါ၊ တုပ်ကွေးရောဂါ၊ ဝမ်းကိုက်ရောဂါ၊ အဆုတ်နာရောဂါ၊ သွားကိုက်ရောဂါ၊ တိုက်ဖွိုက်(ခေါ်)အူရောင်ရောဂါ၊ ဆီးချိုရောဂါများအတွက် ဆေးဖက်ဝင်အသုံးပြုသည်။

**ပေါက်ရောက်သည့်ဒေသ**

မြန်မာပြည်အနှံ့အပြားတွင် စိုက်ပျိုးပေါက်ရောက်နိုင်သည်။ သို့သော် မြေနှင့်ရာသီဥတုကို အလွန်ရွေးချယ်သည်။ မိုးရေချိန် ၈၀ လက်မထက် မနည်းသော အပူပိုင်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။

**ဆေးဖက်ဝင်အစိတ်အပိုင်း**

အပင်၏ အခေါက်၊ အဆီတို့ဖြစ်သည်။

**အပင်ပုံသဏ္ဌာန်**

အမြဲစိမ်းလန်း၍ အနံ့ရှိသော အပင်ကြီးမျိုးဖြစ်သည်။ အမြင့်ပေ ၄၀ မှ ၆၀ ထိ မြင့်သည်။ အကိုင်းများဝေဝေဆာဆာ ထွက်လေ့ရှိသည်။ နုသောအပိုင်းသည် ချောမွတ်နေ၍ ပိုးသားကဲ့သို့ နူးညံ့သော အမွေးများဖြင့် ဖုံးလွှမ်းနေသည်။ အခေါက်သည် အလွန်အဖိုးတန်၏။ မွှေးကြိုင်သော သတ္တိရှိသည်။ ၎င်းအခေါက်မှ အဆီရရှိသည်။ အခေါက်ပါးသည်။ သစ်ကြံပိုးပင်၏အရွက်သည် ရွက်စိုင်ထွက်သည်။ ဘဲဥပုံ၊ လုံ့စွပ်ပုံဖြစ်သည်။ ရွက်ရင်းဝိုင်း၍ ရွက်ဖျားချွန်သည်။ ရွက်ပြားအပေါ် မျက်နှာပြင်ပြောင်ချောသည်။ ရွက်အောက်မျက်နှာပြင် စိမ်းညိုရောင်ရှိသည်။ ရွက်ကြော လေးငါးခုရှိသည်။ ရွက်နုသည် ပန်းရောင်ရှိ၍ ရင့်သော် စိမ်းရင့်ရောင်သို့ ပြောင်းသွားသည်။

အပွင့်သည် ပွင့်ညှာရှည်၍ ကိုင်းဖျားမှလည်းကောင်း၊ ကြားဖူးမှလည်းကောင်း ပွင့်သည်။ အပွင့်သေးငယ်သည်။ အဝါဖျော့ဖျော့ အရောင်ရှိ၍ စူးရှသော အနံ့ရှိသည်။ ပွင့်ဖတ်သည် ခေါင်းလောင်းပုံရှိသည်။ တပို့တွဲ၊ တပေါင်းလတွင် ပွင့်သည်။

အသီးသေးငယ်၍ ညိုရောင်သန်းသော အနီရောင်ရှိသည်။ ရှည်မျောမျောပုံသဏ္ဌာန်ရှိ၍ နှစ်လက်မ၊ သုံးလက်မခန့်ရှည်သည်။ အသီးမှ သစ်ကြံပိုးအဆီထုတ်ယူရရှိသည်။ နယုန်လမှ သီတင်းကျွတ်လအတွင်း အသီးရင့်သည်။

**ဆေးကျမ်းများအဆို**

မြန်မာ့ဆေးကျမ်းများအဆိုအရ သစ်ကြံပိုးခေါက်သည် ခါး၏။ မွှေး၏။ လေသည်းခြေ၊ ရေငတ်ခြင်း၊ လည်ချောင်းရောင်ခြင်း၊ ပူလောင်ခြင်း၊ ဝမ်းသွားခြင်းနှင့် နှလုံးရောဂါများကို ပျောက်ကင်းစေနိုင်သည်။ အဆီသည် သွေးလေတို့ကို ငြိမ်စေ၏။ အကိုက်အခဲနှင့် ရောင်တင်းခြင်း၊ နှုတ်မမြိန်ခြင်း၊ အော့အန်ခြင်း၊ သွေးစီးယိုခြင်းတို့ကိုနိုင်၏။

**ဆေးဖက်ဝင်အသုံးပြုပုံ**

၁။ ချွေးထွက်လွန်သူများသည် သစ်ကြံပိုးခေါက်အမှုန့်ကို ဟင်းစားဇွန်းတစ်ဇွန်းခန့် နေ့စဉ်စားသုံးပေးခြင်းဖြင့် သက်သာစေနိုင်သည်။
၂။ ဝမ်းပျက်လျှင်၊ ဝမ်းကိုက်လျှင် အခေါက်မှုန့်ကို ရှားစေးအနည်းငယ်နှင့်ရော၍ သောက်ပါက ဝမ်းပျက်ရောဂါ သက်သာစေနိုင်သည်။
၃။ တုပ်ကွေးရောဂါ၊ ချောင်းဆိုးရောဂါ၊ အအေးမိရောဂါများဖြစ်လျှင် သစ်ကြံပိုးခေါက်ကို ချင်းတက်အနည်းငယ်နှင့်ရော၍ ပြုတ်ပြီး ပူပူနွေးနွေးသောက်သုံးပေးပါက သက်သာစေနိုင်သည်။
၄။ အစာကြေစေရန်နှင့် ဟင်းရနံ့မွှေးစေရန် သစ်ကြံပိုးခေါက်မှုန့်ကို ဟင်းချက်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။
၅။ အော့အန်ခြင်း၊ ဝမ်းတွင်း၌ ပူလောင်ခြင်း၊ ပင်လယ်အူနာဖြစ်ခြင်း၊ ခရီးသွားလျှင် မူးဝေခြင်းတို့အတွက် သစ်ကြံပိုးခေါက်ကို သွေးဆေးဖော်စပ်ရာတွင် ထည့်သွင်းအသုံးပြုနိုင်သည်။
၆။ ဝမ်းကိုက်ရောဂါဖြစ်လျှင် အခေါက်ပြုတ်သောအရည်ကို သောက်သုံးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
၇။ ဆီးချိုရောဂါရှိသူများသည် ဆီးချိုကြောင့်ဖြစ်သော ခြေလက်ထုံကျဉ်သော ရောဂါများပျောက်ကင်းစေရန် သစ်ကြံပိုးခေါက်မှုန့်ကို ဟင်းစားဇွန်း တစ်ဇွန်းခန့် နေ့စဉ်စားသုံးပေးလျှင် သက်သာပျောက်ကင်းစေသည်။
၈။ သစ်ကြံပိုးအဆီကို ခံတွင်းပျက်ရောဂါ၊ အာသီးရောင်ရောဂါ၊ အစာမကြေရောဂါ၊ လေအောင့်လေနာရောဂါ၊ အူရောင်ရောဂါရှိသူများအတွက် ရေနွေးနှင့်ရောစပ်၍ တစ်စက်၊ နှစ်စက်ထည့်ပြီး သောက်သုံးပေးပါက သက်သာပျောက်ကင်းစေနိုင်သည်။
၉။ ခံတွင်းအနံ့မကောင်းသူ၊ ခံတွင်းအနံ့နံသူ၊ အာပုပ်စော်နံသူများသည် သစ်ကြံပိုးခေါက်ကို နည်းနည်းချင်းဝါး၍ စကားပြောလျှင် အနံ့သက်သာစေနိုင်သည်။
၁၀။ ကလေးများ သွားရည်ကျသောရောဂါ၊ လျှာဝါးသောရောဂါများဖြစ်လျှင် သစ်ကြံပိုးခေါက်ကို သွေးပြီး လျှာတွင်ပွတ်ပေးပါက သက်သာပျောက်ကင်းစေပါသည်။

❖ ဆီးချိုရောဂါသောက်ဆေးများသည် ဆီးချိုကြောင့်နောက်ဆက်တွဲဖြစ်သော ထုံကျဉ်ရောဂါကိုမပျောက်ကင်းနိုင်ပေ။ အနောက်တိုင်း ဥရောပနှင့် အထူးသဖြင့် အမေရိကန်နိုင်ငံတို့တွင် အများအားဖြင့် ဟင်းခတ်အမွှေးအကြိုင်ဖြစ်သော သစ်ကြံပိုးကိုသုံးစွဲလေ့မရှိကြပေ။ သို့သော် အမှတ်မထင်သစ်ကြံပိုးခေါက်ပါသော အိန္ဒိယအစားအစာများကို စားသုံးကြည့်ရာမှ သစ်ကြံပိုးခေါက်စားသုံးခြင်းဖြင့် ဆီးချိုထုံကျဉ်ရောဂါကို သက်သာစေနိုင်သည်ဟု သတိပြုမိလာကြသည်။ သစ်ကြံပိုးအမှုန့်ကို တစ်နေ့လျှင် ဟင်းစားဇွန်းတစ်ဇွန်း စားသုံးကြည့်သောအခါ ခြေလက်များတွင် ထုံကျဉ်ခြင်းများ သိသိသာသာသက်သာလာသည်ကို တွေ့ရှိရသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# မိတ်ကောင်းဆွေကောင်း

- လူတိုင်းအပေါ် စေတနာထား
  ကြင်နာတရားနဲ့ ဆက်ဆံပါ၊
  အပြောအဆို ချိုသာအေးလို့
  ယဉ်ကျေးရမှာ၊
  ကြည်လင်တဲ့ အပြုံးမျက်နှာ
  မြင်သူတကာ ချစ်ခင်ကြ၊
  မနာလို ဝန်တိုကင်းလို့
  ရင်တွင်းထည်စွ။

- အောင်မြင်အောင် ကြိုးစားမှ
  ပန်းတိုင်က မဝေးပေ၊
  တံခွန်ထူ လို့လဖွဲ့နှင့်
  ယဉ်တွဲကြစေ၊
  ရည်မှန်းချက် ရှိပါလေ
  လူသားတွေ ဂုဏ်တင့်၊
  ရှေ့ဆက်ရန် ဘဝလမ်းက
  အောင်ပန်းတွေဆင့်။

- စရိုက်ကို ရိုးရိုးကျင့်လို့
  မြင့်မြင့်တွေး အမှန်ကွယ်၊
  လူသားဆန် ကိုယ့်တန်ဖိုးမို့
  မြတ်နိုးဖက်တွယ်၊
  စာရိတ္တလည်း ကောင်းရမယ်
  အကျင့်ဆိုးဖယ် လှစေကြောင်း၊
  မုဒိတာ မေတ္တာစိတ်နဲ့
  မိတ်ကောင်းဆွေကောင်း။ ။

**ရင်ခတ်ပန်း(စွယ်တော်)**

# သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်အစုံ ၁၀၃၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ကြက်ဟင်းခါးစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်အစုံ ၁၀၃၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်အစုံ ၁၀၃၅ ဧကကို ဇူလိုင်လ ပထမပတ်၌ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်အစုံ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက်အစုံ ဧက ၁၀၀၀ ကျော်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒီနှစ်တောင်သူတွေ ဟင်းသီးဟင်းရွက်တွေကိုစိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းဖို့၊ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့၊ ဈေးကွက်ဝင်တဲ့အသီးအနှံတွေစိုက်ပျိုးနိုင်စေဖို့ကို ဦးစားပေး ပူးပေါင်းဆောင်ရွက်နေပါတယ်။ တောင်သူတွေစိုက်ပျိုးမဲ့သီးနှံတွေ ပိုးမွှားရောဂါကင်းစေဖို့အပါအဝင် အခြားနည်းပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက ကြိုတင်ပို့ချဆောင်ရွက်ပေးထားပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၃၅ ဧကစိုက်ပျိုးရာတွင် ငရုတ်၊ ပန်းဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ သခွားသီး၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်၊ ရွှေဖရုံ၊ ဟင်းနုနယ် စသည့်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝါးခယ်မမြို့နယ် ဒရင်းရွာမကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ ဒရင်းရွာမကျေးရွာ၌ သတ္တမအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါစည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဦးအောင်ကိုဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၄ ဒသမ ၁၃ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒရင်းရွာမကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးကို ငွေကျပ် ၃၁ ဒသမ ၁၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦးကို ငွေကျပ် ၇ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၅ ဒသမ ၂၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ငွေကျပ် ၄၄ ဒသမ ၁၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# သီပေါမြို့နယ် ကုန်းစုံကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**သီပေါ ဇွန် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တုံစင့်ကျေးရွာအုပ်စု ကုန်းစုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဆောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာကဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကုန်းစုံကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြသည်။

ကုန်းစုံကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကိုအသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာမှရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုဘဏ္ဍာနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်နိုင်**

# နိုင်ငံတကာ သတင်းများ

## ဇင်ဘာဘွေနိုင်ငံတွင် တရုတ်နိုင်ငံအခြေစိုက် ဆင်းရှန်းဦးပိုင်ကုမ္ပဏီ၏ သံမဏိစက်ရုံ ထုတ်လုပ်မှုလုပ်ငန်းများစတင်



**ဟာရီရာ ဇွန် ၂၁**

ဇင်ဘာဘွေနိုင်ငံ အလယ်ပိုင်း၌ တရုတ်နိုင်ငံအခြေစိုက် ဆင်းရှန်းဦးပိုင်ကုမ္ပဏီ၏ သံမဏိစက်ရုံသည် ထုတ်လုပ်မှုလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ သံမဏိထုတ်လုပ်ရေး စက်ရုံကို ဆင်းရှန်းဦးပိုင်ကုမ္ပဏီက အမေရိကန်ဒေါ်လာ တစ်ဘီလီယံ သုံးစွဲ၍ တည်ဆောက်ထားခြင်း ဖြစ်သည်။

စက်ရုံလုပ်ငန်း လည်ပတ်မှု ပထမအဆင့်တွင် အဆိုပါသံမဏိစက်ရုံသည် တစ်နှစ်လျှင် ကာဗွန်သံမဏိတန်ချိန် ၆၀၀၀၀၀ ထိ ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကြောင်း ဆင်းရှန်း ဦးပိုင်ကုမ္ပဏီအုပ်စု တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အဆိုပါစက်ရုံသည် သံမဏိထုတ်လုပ်ရာတွင်အသုံးပြုမည့် သံကုန်ကြမ်းတစ်မျိုး စတင်ထုတ်လုပ်နေပြီး ဇူလိုင်လအတွင်း ကာဗွန်သံမဏိအစစ်များ စတင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း ဆင်းရှန်းဦးပိုင်ကုမ္ပဏီအုပ်စု၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဇင်ဘာဘွေနိုင်ငံရှိ အဆိုပါ သံမဏိစက်ရုံ ပထမအဆင့် လုပ်ငန်းလည်ပတ်မှုမှာ မည်မျှကြာမြင့်မည်ကို ဆင်းရှန်းကုမ္ပဏီမှ တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး နီကယ်ထုတ်လုပ်ရေးကုမ္ပဏီ ဖြစ်သည့် ဆင်းရှန်း ဦးပိုင်ကုမ္ပဏီအုပ်စုသည် ပြီးခဲ့သည့်နှစ်များအတွင်း ဇင်ဘာဘွေနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ မြှင့်တင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်နှင့် အမေရိကန်တို့ နျူလက်နက်ထိန်းချုပ်ရေး အလွတ်သဘောဆွေးနွေးပွဲကို မတ်လအတွင်း ကျင်းပခဲ့

**ဝါရှင်တန် ဇွန် ၂၁**

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် ယခုနှစ် မတ်လအတွင်းက နျူကလီးယားလက်နက် ထိန်းချုပ်ရေး အလွတ်သဘောဆွေးနွေးပွဲများ ကျင်းပခဲ့ကြကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ဇွန် ၂၀ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲများသည် တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ငါးနှစ်တာကာလအတွင်း ပထမဆုံး ကျင်းပနိုင်ခဲ့သည့် နျူကလီးယားလက်နက်ထိန်းချုပ်ရေး အလွတ်သဘော ဆွေးနွေးပွဲများဖြစ်ကြသည်။

အကယ်၍ တရုတ်(တိုင်ပေ)နှင့် စစ်ဖြစ်ပွားခဲ့ပါက နျူကလီးယားလက်နက်သုံးစွဲမှု သို့မဟုတ် အသုံးပြုရန် ခြိမ်းခြောက်မှုတို့ ပြုလုပ်မည်မဟုတ်ဟု အဆိုပါဆွေးနွေးပွဲများတွင် တရုတ်ကိုယ်စားလှယ်များက အာမခံချက်ပေးခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် နျူကလီးယားလက်နက်ထိန်းချုပ်ရေးအတွက် အလွတ်သဘော ဆွေးနွေးပွဲများကို နှစ်အတော်ကြာ နှစ်စဉ်ကျင်းပနိုင်ခဲ့သည်။

သို့ရာတွင် ရီပတ်ဘလီကန် သမ္မတဟောင်း ဒေါ်နယ်ထရန့်လက်ထက် ၂၀၁၉ ခုနှစ်တွင် အဆိုပါဆွေးနွေးပွဲများ ဆက်လက်ကျင်းပနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

တရုတ်နှင့် အမေရိကန် နျူကလီးယားလက်နက် ထိန်းချုပ်ရေး အလွတ်သဘော ဆွေးနွေးပွဲများ ပြန်လည်ကျင်းပနိုင်မှုနှင့် ပတ်သက်၍ တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## တရုတ်နိုင်ငံ ချန်ဒူးမြို့၌ တည်ဆောက်ဆဲ မြေအောက်ရထားဘူတာရုံ ပြိုကျမှုဖြစ်ပွား

**ပေကျင်း ဇွန် ၂၁**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချန်ဒူးမြို့တွင် ယနေ့နံနက်ပိုင်းက တည်ဆောက်ဆဲ မြေအောက်ရထားဘူတာရုံတစ်ခု ပြိုကျခဲ့ကြောင်း သိရသည်။



ဆောက်လုပ်ဆဲ မြေအောက်ရထားဘူတာရုံ ပြိုကျမှုကြောင့် လမ်းမပေါ်၌ ကြီးမားသည့် မြေကျွံပေါက်ကြီးတစ်ခု ပေါ်ထွက်ခဲ့ကြောင်း ချန်ဒူးမြို့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်းရှိ ရေပိုက်လိုင်းနှစ်ခု ပွင့်ထွက်ခဲ့ပြီးနောက် ဆောက်လုပ်ဆဲ မြေအောက်ရထားဘူတာရုံ ပြိုကျခဲ့ရခြင်းဖြစ်ပြီး အဆိုပါဖြစ်စဉ်အတွင်း သေဆုံးသူနှင့် ဒဏ်ရာရရှိသူ မရှိခဲ့ကြောင်း ချန်ဒူးမြို့တာဝန်ရှိသူများက ပြောကြားထားသည်။

ပြိုကျခဲ့သည့် မြေအောက်ရထားဘူတာရုံကို တည်ဆောက်နေသည့်နေရာသည် ကမ္ဘာလှည့်ခရီးသည် အသွားအလာများသော နေရာတစ်ခုဖြစ်သည်။

ပြိုကျခဲ့သည့် မြေအောက်ရထားဘူတာရုံသည် ချန်ဒူးမြေအောက် ရထားလမ်း အမှတ် ၁၃ အတွက် တည်ဆောက်နေသော မြေအောက်ရထားဘူတာရုံဖြစ်သည်။

မြေအောက်ဘူတာရုံ ၂၅၃ ပါဝင်သည့် ချန်ဒူး အမှတ် ၁၃ မြေအောက်ရထားလမ်းကို ၂၀၂၅ ခုနှစ်တွင်ဖွင့်လှစ်ရန် တရုတ်နိုင်ငံက စီစဉ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ချီလီနိုင်ငံ၌ ရထားနှစ်စီးဝင်တိုက် လူနှစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိ

**ဆန်တီယေဂို ဇွန် ၂၁**

ချီလီနိုင်ငံ၌ ဇွန် ၂၀ ရက်က စမ်းသပ်မောင်းနှင်မှု ပြုလုပ်နေသော ခရီးသည်တင်ရထားတစ်စီးနှင့် ကုန်တင်ရထားတစ်စီးတို့ ဝင်တိုက်မိရာ လူနှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ရထားနှစ်စီး ဝင်တိုက်မှုဖြစ်စဉ်၌ ပါဝင်ခဲ့သော ခရီးသည်တင်ရထားမှာ နိုင်ငံပိုင် အီးအက်ဖ်အီး ရထားကုမ္ပဏီက ပိုင်ဆိုင်သည့် ခရီးသည်တင်ရထားဖြစ်ပြီး ကုန်တင်ရထားမှာ ပုဂ္ဂလိကရထားကုမ္ပဏီတစ်ခုဖြစ်ပြီး ဖီပါဆာကုမ္ပဏီက ပိုင်ဆိုင်ကြောင်း ချီလီတာဝန်ရှိသူများက ပြောကြားထားသည်။

အချင်းဖြစ်ပွားချိန်တွင် အဆိုပါကုန်တင်ရထားသည် ကြေးနီသတ္တု မက်ဒရစ်တန်ချိန် ၁၃၄၆ တန် သယ်ဆောင်ထားကြောင်း သိရသည်။

ရထားနှစ်စီး ဝင်တိုက်မှုကြောင့် ဒဏ်ရာရရှိသူ ကိုးဦးအနက် လေးဦးမှာ ခရီးသည်တင်ရထား စမ်းသပ်မောင်းနှင်မှုတွင် ပါဝင်နေသည့် တရုတ်နိုင်ငံသားများ ဖြစ်ကြသည်။

လက်ရှိအချိန်တွင် ချီလီတာဝန်ရှိသူများသည် ရထားနှစ်စီးဝင်တိုက်မှုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## အိန္ဒိယ၌ တရားမဝင်ချက်အရက်သောက်သုံးမှုကြောင့် သေဆုံးသူ ၄၇ ဦးထိ မြင့်တက်

**ဒေလီ ဇွန် ၂၁**

အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ တရားမဝင် ချက်အရက်များ သောက်သုံးမှုကြောင့် သေဆုံးခဲ့ရသူအရေအတွက်မှာ ယနေ့တွင် ၄၇ ဦးထိ မြင့်တက်လာခဲ့ကြောင်း အိန္ဒိယပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၁၉ ရက်မှစ၍ တမီလ်နာဒူးပြည်နယ် ကယ်လာကူရီချီခရိုင်၌ လူဦးရေ ၁၅၀ ကျော်တို့မှာ အဆိပ်အတောက်ရှိ ချက်အရက်များ သောက်သုံးခဲ့မှုကြောင့် ဗိုက်နာခြင်း၊ ဝမ်းပျက်ခြင်းနှင့် ပျို့အန်မှုဝေဒနာများ ခံစားခဲ့ကြရကြောင်း သိရသည်။

အဆိုပါ လူနာများအနက် သေဆုံးခဲ့ရသူ အရေအတွက်မှာ ယနေ့တွင် ၄၇ ဦးထိ မြင့်တက်လာပြီး ဆေးရုံတက်နေရသူ အရေအတွက်မှာ ၁၁၈ ဦးထိရှိနေကြောင်း အိန္ဒိယ တာဝန်ရှိသူများက ပြောကြားထားသည်။

ဆေးရုံတက်ရောက် ကုသနေရသူများထဲတွင် အခြေအနေ စိုးရိမ်ရသူများ ပါဝင်နေရာ သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သတ်၍ ပြည်နယ်ရဲတပ်ဖွဲ့က မက်သနောရောထားသည့် တရားမဝင်ချက်အရက် ရောင်းချသူ လေးဦးကို ဖမ်းဆီးထားပြီး ချက်အရက် လီတာ ၂၀၀ ကိုလည်း သိမ်းယူထားကြောင်း မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဆင်းရဲသားများ အနေဖြင့် လိုင်စင်ရ အမှတ်တံဆိပ်အရက်များကို ဝယ်သောက်ရန် အခက်အခဲရှိသော အိန္ဒိယနိုင်ငံ၌ တရားမဝင် ချက်အရက်များကြောင့် လူသေဆုံးမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## Rocket Lab ကုမ္ပဏီက အီလက်ထရွန်ဒုံးပျံ၏ အကြိမ် ၅၀ မြောက် အာကာသမစ်ရှင်ကို လွှတ်တင်ခဲ့



**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် အီလက်ထရွန်ဒုံးပျံ၏ အကြိမ် ၅၀ မြောက် အာကာသမစ်ရှင်ကို ယနေ့တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

LoT အမည်ရှိ အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုငယ် ငါးစင်း သယ်ဆောင်ထားသည့် အီလက်ထရွန်ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး တစ်နာရီနှင့် ခြောက်မိနစ်ခန့်အကြာတွင် အီလက်ထရွန်ဒုံးပျံသည် LoT ဂြိုဟ်တု ငါးစင်းကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အချိန်တိုအတွင်း အာကာသမစ်ရှင် ပေါင်း ၅၀ ထိ ပစ်လွှတ်နိုင်ခဲ့သည့် ကုမ္ပဏီဖြစ်သည်။

Rocket Lab ကုမ္ပဏီသည် ကုမ္ပဏီစတင်တည်ထောင်ခဲ့ပြီး ခုနစ်နှစ်နှင့်တစ်လအကြာတွင် အခု ၅၀ မြောက် အာကာသမစ်ရှင်ကို အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက Space-X အာကာသနည်းပညာကုမ္ပဏီသည် ကုမ္ပဏီတည်ထောင်ပြီး ခုနစ်နှစ်နှင့်ကိုးလကြာမှသာ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ အကြိမ် ၅၀ မြောက်မစ်ရှင်ကို လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။

Rocket Lab ကုမ္ပဏီသည် အီလက်ထရွန်ဒုံးပျံ၏ပထမဆုံးမစ်ရှင်ကို ၂၀၁၇ ခုနှစ်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## လွန်ခဲ့သောနှစ်ပေါင်း ၇၆ သန်းခန့်က ရှင်သန်ကျက်စားခဲ့သည့် ဦးချိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် ဇွန် ၂၁**

ယနေ့ခေတ် အမေရိကန်နိုင်ငံ မွန်တားနားပြည်နယ်မြောက်ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၇၆ သန်းခန့်က ရှင်သန်ကျက်စားခဲ့သည့် ဦးချိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုးကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၂၀ ရက် သတင်းများအရ သိရသည်။

Lokiceratops Rangiformis ဟူ၍ အမည်ပေးထားသော အဆိုပါဒိုင်နိုဆော မျိုးစိတ်သစ်သည် ကိုယ်ထည်အလျား ၂၂ ပေခန့်နှင့် ကိုယ်အလေးချိန် ငါးတန်ခွဲထိရှိနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဒိုင်နိုဆောမျိုးစိတ်သစ်၏ ထူးခြားချက်မှာ မျက်လုံးများအထက်တွင် အရှည် ၁၆ လက်မကျော်ရှိသည့် ဦးချိုများရှိနေခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Lokiceratops Rangiformis ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို အမေရိကန်နှင့်ကနေဒါနယ်စပ်မှ နှစ်မိုင်ခန့်အကွာရှိ မွန်တားနားပြည်နယ် ကျောက်လွှာနယ်မြေ တစ်ခုတွင် တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



Lokiceratops Rangiformis ဒိုင်နိုဆောများ ရှင်သန်ကျက်စားခဲ့ရာ အထက်ပါနယ်မြေသည် လွန်ခဲ့သည့်နှစ်ပေါင်း ၇၈ သန်းခန့်က သစ်တောကြီးများ၊ ရေအိုင်ကြီးများနှင့် စိမ့်တောမြေများရှိခဲ့ရာ နေရာဖြစ်ကြောင်း သိရသည်။

Lokiceratops Rangiformis ဒိုင်နိုဆောသည် အရွယ်အစား ကြီးမားသော်လည်း အသီးအရွက်သာစားသုံးသည့် အပင်စား ကမ္ဘာဦးသက်ရှိဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Space-X အာကာသနည်းပညာကုမ္ပဏီက လူဇင်ဘတ်နိုင်ငံအခြေစိုက် SES ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ၏ ရုပ်သံဂြိုဟ်တုတစ်စင်း လွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် လူဇင်ဘတ်နိုင်ငံ အခြေစိုက် SES ဂြိုဟ်တုဆက်သွယ်ရေးကုမ္ပဏီ၏ ရုပ်သံဂြိုဟ်တုတစ်စင်းကို ဇွန် ၂၀ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် အက်စထရာ - ၁ ပီ အမည်ရှိ ဂြိုဟ်တုကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၃၅ မိနစ်အကြာတွင်မူ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် အက်စထရာ- ၁ ပီဂြိုဟ်တုကို ပဏာမပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အက်စထရာ-၁ ပီဂြိုဟ်တုသည် ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်အကွာရှိ ပတ်လမ်းပေါ်သို့ ဒုံးကန်အားစနစ်များ အကူအညီဖြင့် ဆက်လက်တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အက်စထရာ-၁ ပီ ဂြိုဟ်တုမစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏ ၆၂ ကြိမ်မြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## ကိုယ်ဝန်ဆောင်စဉ်ကာလနှင့်ကိုယ်ဝန်ဆောင်ပြီး နောက်ပိုင်းကာလတွင် စိတ်ကျဝေဒနာခံစားရသူ အမျိုးသမီးများ နှလုံးပြဿနာဖြင့် ရင်ဆိုင်ရနိုင်

**စတော့ဟုမ်း ဇွန် ၂၁**

ကိုယ်ဝန်ဆောင်စဉ်ကာလနှင့် ကိုယ်ဝန်ဆောင်ပြီး နောက်ပိုင်းကာလများတွင် စိတ်ကျဝေဒနာခံစားခဲ့ရသူ အမျိုးသမီးများသည် နောက်တစ်ချိန်တွင် နှလုံးပြဿနာများဖြင့် ရင်ဆိုင်ရနိုင်ခြေရှိကြောင်း ဇွန် ၂၀ ရက် သတင်းများအရ သိရသည်။

ကိုယ်ဝန်ဆောင်စဉ် သို့မဟုတ် ကိုယ်ဝန်ဆောင်ပြီး နောက်ပိုင်း စိတ်ကျဝေဒနာခံစားခဲ့ရသူ အမျိုးသမီးများသည် လာမည့်နှစ် ၂၀ အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေ ၆၆ ရာခိုင်နှုန်းထိ မြင့်တက်နေတတ်ကြောင်း ဆွီဒင်နိုင်ငံ ကာရိုလင်စကီး ဆေးပညာအင်စတီကျုမှ သုတေသန ပညာရှင်များက ပြောကြားသည်။

ဆွီဒင်သုတေသနပညာရှင်များသည် ကိုယ်ဝန်ဆောင်ကာလ စိတ်ကျဝေဒနာခံစားခဲ့ရသူ အမျိုးသမီး ၅၅၅၀၀ တို့၏ကျန်းမာရေး အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်သည် ကလေးမွေးဖွားပြီးနောက်ပိုင်း ကာလအတွင်း အမျိုးသမီးများ၌ နှလုံးရောဂါများဖြစ်နိုင်ခြေကို တားဆီးရေးအတွက် အထောက်အကူ ပြုနိုင်ကြောင်း ဆွီဒင်သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

## ခါးနာရောဂါခံစားခဲ့ရဖူးသူသက်ကြီးပိုင်းများ နေ့စဉ်ပုံမှန်လမ်းလျှောက်ပါက ရောဂါပြန်ပေါ်နိုင်မှုကို ရှောင်ရှားနိုင်

**ကင်ဘာရာ ဇွန် ၂၁**

ခါးနာရောဂါ ခံစားခဲ့ရဖူးသူ သက်ကြီးပိုင်းများအနေဖြင့် နေ့စဉ် ပုံမှန်လမ်းလျှောက်ခဲ့ပါက ရောဂါတစ်ကျော့ ပြန်ပေါ်လာနိုင်မှုကို အချိန်ကာလကြာကြာ ရှောင်ရှားနိုင်ကြောင်း ဇွန် ၂၀ ရက်သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ မက်ကွာရီတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ ခါးနာရောဂါရှိခဲ့ဖူးသည့် သက်ကြီးပိုင်းများသည် နေ့စဉ် ပုံမှန်လမ်းလျှောက်ပါက ထိုသို့ လမ်းလျှောက်ခြင်းမရှိသည့် ရောဂါတူ သက်တူရွယ်တူများထက် ရောဂါတစ်ကျော့ပြန်ပေါ်နိုင်ခြေကို ပို၍ အချိန်ကြာကြာ ရှောင်ရှားနိုင်ကြောင်း သိရသည်။

ဩစတြေးလျသုတေသနပညာရှင်များသည် ခါးနာရောဂါမှ မကြာသေးမီကာလအတွင်း ပြန်လည်သက်သာလာသောသက်ကြီးပိုင်း ၇၀၁ ဦးတို့ကိုလေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ နေ့စဉ်လမ်းလျှောက်လေ့ရှိသည့် ခါးနာရောဂါလူနာသက်ကြီးပိုင်းများအနေဖြင့် ရောဂါတစ်ကျော့ပြန်ပေါ်နိုင်မှုကို ရက်ပေါင်း ၂၀၈ ရက်ထိ ပျမ်းမျှ ရှောင်ရှားနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နှိုင်းယှဉ်ကြည့်ပါက နေ့စဉ်လမ်းလျှောက်ခြင်းမရှိသည့် ခါးနာလူနာသက်ကြီးပိုင်းများအနေဖြင့်မူ ရောဂါတစ်ကျော့ပြန်ပေါ်လာနိုင်မှုကို ပျမ်းမျှရက်ပေါင်း ၁၁၂ ရက်သာ ရှောင်ရှားနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**






# ကိုပါအမေရိကဖလားပြိုင်ပွဲတွင် ပွဲအများဆုံးကစားခဲ့သည့် ကစားသမားအဖြစ် တိုက်စစ်မှူးမက်ဆီမှတ်တမ်းဝင်

**ဗျူနိုစ်အေရိစ် ဇွန် ၂၂**

တိုက်စစ်မှူး မက်ဆီသည် ကိုပါအမေရိကဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကနေဒါအသင်းနှင့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းနှင့်အတူ ပွဲထွက်ခွင့်ရရှိခဲ့ပြီးနောက် ကိုပါအမေရိကဖလားပြိုင်ပွဲသမိုင်းတွင် ၃၅ ပွဲဖြင့် ပွဲအများဆုံးကစားခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မက်ဆီသည် အာဂျင်တီးနားအသင်းသမိုင်းတွင် ပွဲအများဆုံးနှင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သော်လည်း ယခုပွဲစဉ်တွင် အသင်းအတွက် ပါဝင်ကစားပေးခဲ့ပြီးနောက် ကိုပါအမေရိကဖလားသမိုင်းတွင် ၁၉၅၇ ခုနှစ်က ပွဲအများဆုံး စံချိန်တင်ထားသည့် ချီလီဂိုးသမား လစ်ဗင်းစတုန်း၏ ၃၄ ပွဲစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး ၃၅ ပွဲဖြင့် ဖလားသမိုင်းတွင် ပွဲအများဆုံးကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

အသက် ၃၆ နှစ်ရှိ တိုက်စစ်မှူးမက်ဆီသည် ၂၀၀၇ ခုနှစ်က အာဂျင်တီးနားအသင်းနှင့် အတူ ကိုပါအမေရိကဖလား ပြိုင်ပွဲတွင် စတင် ပါဝင်ခွင့်ရရှိခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်တစ်ကြိမ်သာ ချန်ပီယံဆုဖလားရယူနိုင်ခဲ့ကာ စုစုပေါင်း ၃၅ ပွဲတွင် သွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သော်လည်း အာဂျင်တီးနား ကစားသမားဟောင်း နော်ဘက်တိုမန်းဒက်ဇ်နှင့် ဘရာဇီး ကစားသမားဟောင်း ဇီဇင်ဟိုတို့၏ သွင်းဂိုး ၁၇ ဂိုးဖြင့် ဂိုးသွင်းအများဆုံးစံချိန်ကို လိုက်မီရန် သွင်းဂိုး လေးဂိုးထိ လိုအပ်လျက်ရှိသည်။

အုပ်စုအဖွင့်ပွဲစဉ်တွင် အာဂျင်တီးနားအသင်းသည် ကနေဒါအသင်းကို အယ်ဗာရက်ဇ်၊ မာတီနက်ဇ်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့သဖြင့် လာမည့်ပွဲစဉ်တွင် ချီလီအသင်းကို အနိုင်ရခဲ့ပါက အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : ML



# ယူရိုပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် အီတလီကိုအနိုင်ရခဲ့သည့် စပိန်အသင်း ရှုံးထွက်အဆင့်သို့တက်ရောက်



**မြူးနစ် ဇွန် ၂၂**

ယူရိုပြိုင်ပွဲ အုပ်စု(B) ဒုတိယပွဲစဉ်အဖြစ် စပိန်အသင်းနှင့် အီတလီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် စပိန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာရရှိခဲ့ပြီး ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် ခရိုအေးရှားအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့ပြီး အီတလီအသင်းက အယ်ဘေးနီးယားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရထားသဖြင့် ယခုပွဲစဉ်ကို သရေကစားနိုင်ပါက အုပ်စုမှ ကျော်ဖြတ်နိုင်မည်ဖြစ်သော်လည်း ပြိုင်ပွဲအတွင်း စပိန်အသင်းကသာ ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူ၍ ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ဆက်တိုက်ပြုလုပ်နိုင်ခဲ့ပြီး နစ်ကိုဝီလျံ၊ ပက်ထရီနှင့် မိုရာတာတို့၏ အပိုင်ကန်သွင်းချက်များကို ဂိုးသမား ဒွန်နာရမ်မာက ကာကွယ်မှုပြုလုပ်နိုင်ခဲ့သောကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေ ရလဒ်သာ ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် အီတလီအသင်းက တန်ပြန်တိုက်စစ်ဖြင့်သာ ပြန်လည်တုံ့ပြန်ခဲ့ရပြီး စပိန်အသင်းအနေဖြင့် တိုက်စစ်ကစားအားမြင့်တက်လာခဲ့သောကြောင့် ပွဲကစားချိန် ၅၅ မိနစ်အရောက်တွင် မိုရာတာ၏ ခေါင်းတိုက်သွင်းဂိုးမှ တစ်ဆင့် အီတလီကစားသမား ကာလာဖီအိုရီ ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သဖြင့် စပိန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး အုပ်စုပထမဖြင့် ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အုပ်စု (B) နှစ်ပွဲကစားအပြီးတွင် စပိန်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၁)၊ အီတလီအသင်းက ရမှတ်သုံးမှတ်ဖြင့် အဆင့်(၂)၊ အယ်ဘေးနီးယားအသင်းက ရမှတ်တစ်မှတ်ဖြင့် အဆင့်(၃)၊ ခရိုအေးရှားအသင်းက ရမှတ်တစ်မှတ်ဖြင့် အဆင့်(၄) တွင်ရပ်တည်နေပြီး ခရိုအေးရှားအသင်းနှင့် အီတလီအသင်းတို့ ပွဲစဉ်တွင် အီတလီအသင်းက သရေကစားနိုင်ပါက ရှုံးထွက်အဆင့် တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik
Trs : ML

# မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းဖွဲ့စည်းရန် ကစားသမားရွေးချယ်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာဖိတ်ခေါ်ပြိုင်ပွဲများနှင့် လူငယ်ဘောလုံးပွဲတော်များ ဝင်ရောက်ကစားမည့် မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းဖွဲ့စည်းရန်အတွက် ကစားသမားရွေးချယ်ပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာဘောလုံးအကယ်ဒမီများအတွက် FIFA-MFF TDS Scouting Tour ဖြင့် ရွေးချယ်ထားသော ယူ-၁၂ ကစားသမားများ အသင့်ရှိနေပြီးဖြစ်သော်လည်း ပြင်ပမှ အရည်အချင်းရှိ ကစားသမားများ ဆက်လက်ခေါ်ယူရန်အတွက် လည်းကောင်း၊ လူငယ်များအတွက် အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်လာစေရန် အတွက်လည်းကောင်း ကစားသမားရွေးချယ်ပွဲများ ထပ်မံကျင်းပမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းအတွက် ကစားသမားရွေးချယ်ရေး အစီအစဉ်များသို့ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်အတွင်း မွေးဖွားသူများ လာရောက်ရွေးချယ်ခြင်း ခံယူနိုင်မည်ဖြစ်ပြီး မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)နှင့် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)တို့တွင် ယနေ့မှစတင်ကာ ကျောင်းထောက်ခံစာ၊ အိမ်ထောင်စုစာရင်းနှင့် မွေးစာရင်းတို့နှင့်တကွ လာရောက်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်း ဖွဲ့စည်းရန်အတွက် ကစားသမားရွေးချယ်ပွဲများကို ရန်ကုန်မြို့တွင် ဇူလိုင် ၆ ရက်မှ ၈ ရက်ထိ အမျိုးသား ဘောလုံးအကယ်ဒမီ (ရန်ကုန်)တွင် လည်းကောင်း၊ မန္တလေးမြို့တွင် လာမည့် ဇူလိုင် ၁၂ ရက် မှ ၁၄ ရက်ထိ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) တွင်လည်းကောင်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# အာဆင်နယ်အသင်းက စပို့တင်းလစ္စဘွန်းအသင်းမှ ဂိုကီရက်စ်ကို ခေါ်ယူနိုင်ရန်နီးစပ်နေ

**လန်ဒန် ဇွန် ၂၂**

လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် အထောင်တိုက်စစ်ပိုင်း အတွက် ကစားသမားဖြည့်တင်းရန် ကြိုးပမ်းနေသည့် အာဆင်နယ်အသင်းက စပို့တင်းလစ္စဘွန်း အသင်းနှင့် အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့သည့် တိုက်စစ်မှူး ဂိုကီရက်စ်ကို ခေါ်ယူနိုင်ရန်အတွက် နီးစပ်လျက်ရှိနေကြောင်း သိရသည်။

အာဆင်နယ်အသင်း နည်းပြ အာတီတာသည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် အသင်း အထောင်တိုက်စစ်ပိုင်းတွင် လိုအပ်ချက်များရှိနေသည့်အတွက် အင်အားဖြည့်တင်းရန်ကြိုးပမ်းနေပြီး အစောပိုင်းက လိုက်ပ်ဇစ်အသင်းမှ လူငယ် တိုက်စစ်ကစားသမား ဆက်ကိုအား ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ဆက်ကိုက လိုက်ပ်ဇစ်အသင်း နှင့်သာ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သဖြင့် ဂိုကီရက်စ်ကိုသာ ခေါ်ယူရန် ကြိုးပမ်းခဲ့သည်။

အသက် ၂၆ နှစ်ရှိ ဂိုကီရက်စ်သည် ပြီးခဲ့သည့်နှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အင်္ဂလန်ချန်ပီယံရှစ်ကလပ် ကိုဗင်ထရီအသင်းမှ စပို့တင်း လစ္စဘွန်းအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီတွင် ခြေစွမ်းပြသနိုင်ခဲ့သည့်အတွက် ဥရောပထိပ်တန်း အသင်းကြီးများက ပစ်မှတ်ထားလာကြသည်။

ဂိုကီရက်စ်သည် အသင်းနှင့် ပထမဆုံး ဘောလုံးရာသီတွင်ပင် သွင်းဂိုး ၄၃ ဂိုးထိ သွင်းယူနိုင်ခဲ့သကဲ့သို့ ပေါ်တူဂီလိဂ်ပြိုင်ပွဲတွင်လည်း ၂၉ ဂိုးထိ သွင်းယူနိုင်ခဲ့ကာ သွင်းဂိုးအများဆုံး ကစားသမားဆု ကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။




အာဆင်နယ်အသင်းက ဂိုကီရက်စ်ကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှု ရရှိထားပြီး နောက်ဆုံးအဆင့် ဆွေးနွေးမှုများ လုပ်ဆောင်ရန် အတွက်သာ ကျန်တော့ကြောင်း သိရသည်။

Ref : Xinhua
Trs : STA

## အားကစားသတင်းအတိုအထွာများ

- ယခုလကုန်တွင် ဘာစီလိုနာအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့် ထွက်ခွာမည့် ခံစစ်ကစားသမား ရော်ဘက်တိုကို ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- လိုင်လီအသင်းတိုက်စစ်မှူး ဂျွန်နသန်ဒေးဗစ်ကို ခေါ်ယူရန် မန်ယူအသင်းနှင့်အတူ စပါးအသင်း၊ အေဗီလာအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့က ကမ်းလှမ်းမှုများပြုလုပ်နေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ခံစစ်ကစားသမား နာချိုသည် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသဖြင့် ၎င်းနေရာတွင် လိုင်လီအသင်း ခံစစ်ကစားသမား ရိုယိုနှင့် အစားထိုးရန်စီစဉ်ထားပြီး ကစားသမားနှင့် ပုဂ္ဂိုလ်ရေးသဘောတူညီမှုရယူခဲ့ကြောင်း သိရသည်။

ML

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၄)တွင် ရန်ကုန်ယူနိုက်တက်၊ ရောဝတီယူနိုက်တက်နှင့် ဒဂုံပေါ့အသင်းတို့ နိုင်ပွဲရရှိ



**ရန်ကုန် ဇွန် ၂၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၄) ပွဲစဉ်များကို ယနေ့ညနေ ပိုင်းက ရန်ကုန်မြို့တွင် ဆက်လက် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်း၊ ရောဝတီယူနိုက် တက် ယူ-၂၀ အသင်းနှင့် ဒဂုံပေါ့ ယူ-၂၀ အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြောင်း သိရသည်။

ဦးစွာ ယနေ့ညနေ ၃ နာရီခွဲက စလင်းအားကစားကွင်း၌ ဟံသာ ဝတီယူနိုက်တက် ယူ-၂၀ အသင်းနှင့် ရောဝတီယူနိုက်တက် ယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရောဝတီ ယူနိုက်တက်အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရောဝတီ ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၅ မိနစ်တွင် ဝင်းထက်အောင်၊ ပွဲချိန် ၄၂ မိနစ် နှင့် ၅၉ မိနစ်တွင် အောင်ချစ်၊ ၇၃ မိနစ်တွင် ဖြိုးသီဟအောင်တို့က သွင်းယူခဲ့ကြပြီး ဟံသာဝတီ ယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၁ မိနစ်တွင် ထွန်းတောက်က သွင်းယူပေးနိုင် ခဲ့သည်။

အလားတူ ပဒုမ္မာအားကစား ကွင်းတွင် ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်းနှင့် မြဝတီအက်ဖ်စီ ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် ရန်ကုန် ယူနိုက်တက် ယူ-၂၀ အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် ယူ-၂၀ အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၆၉ မိနစ်တို့တွင် Arr Yhwe ကလည်းကောင်း၊ ပွဲချိန် ၅၈ မိနစ်တွင် ရဲဝင်းအောင်တို့က သွင်းယူပေးနိုင်ခဲ့ကာ မြဝတီ အက်ဖ်စီအသင်းအတွက် တစ်လုံး တည်းသောသွင်းဂိုးကို ပွဲချိန် မိနစ် ၆၀ တွင် တက်နေဝင်းက သွင်းယူ ပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး တောင်ဒဂုံ အားကစားကွင်းတွင် ဒဂုံပေါ့ ယူ-၂၀ အသင်းနှင့် မဟာယူနိုက် တက် ယူ-၂၀ အသင်းတို့ပွဲစဉ်တွင် ဒဂုံပေါ့ ယူ-၂၀ အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံပေါ့ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၂ မိနစ်တွင် သန်းထွန်း အောင်၊ ပွဲချိန် ၈၂ မိနစ်တွင် ဝိုင်းဝိုင်းချစ်တို့က သွင်းယူပေးနိုင် ခဲ့ပြီး မဟာယူနိုက်တက် ယူ-၂၀ အသင်းအတွက် ချေပဂိုးကို ပွဲချိန် တစ်မိနစ်တွင် သန်းဇော်ဟိန်း က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**STA**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(B) အတွက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၂၁**

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင် အဖြစ် လက်ခံကျင်းပမည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ အုပ်စု(B) အတွက် သတင်းစာရှင်းလင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာ (ဆိုလို)မြို့ရှိ ဆိုလိုပါရာဂွန် ဟိုတယ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲ အခမ်းအနားသို့ အုပ်စု(B) ပြိုင်ပွဲ ဝင်အသင်းများဖြစ်သည့် မြန်မာ့ လက်ရွေးစင် ယူ-၁၆ အသင်းနည်းပြ မိတနှင့် အုပ်စုတွင်းမှ ဗီယက်နမ် အသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် ဘရူနိုင်း ယူ-၁၆ အသင်းတို့မှ နည်းပြများ တက်ရောက်ခဲ့ကြပြီး ဒေသတွင်း မီဒီယာများ၏ မေးမြန်း မှုများကို အသီးသီး ဖြေကြား ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အုပ်စုပွဲစဉ်များ အဖြစ် ဇွန် ၂၂ ရက် မြန်မာစံတော် ချိန် ည ၇ နာရီတွင် ကမ္ဘောဒီးယား အသင်းနှင့်လည်းကောင်း၊ ဇွန် ၂၅ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘရူနိုင်းအသင်း နှင့်လည်းကောင်း၊ ဇွန် ၂၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တွင် ဗီယက်နမ်အသင်းနှင့်လည်း ကောင်း အသီးသီးယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။

အာဆီယံ ယူ-၁၆ ပွဲစဉ်များ အတွက် ရုပ်သံထုတ်လွှင့်ခွင့်ကို အင်ဒိုနီးရှားရုပ်သံလိုင်း Indosiar နှင့် Vidio app တို့က ရရှိထားပြီး အဆိုပါလိုင်းများမှသာ ပြသမည် ဖြစ်ကြောင်း သိရသည်။

**STA**

# KPMG Women's PGA ပြိုင်ပွဲ အမှတ်ပေးဇယားကို လက်ဇီတွမ်ဆင်ဦးဆောင်

**ဆမ်မာမစ် ဇွန် ၂၁**

အမေရိကန်နိုင်ငံ ဝါရှင်တန် ပြည်နယ် ဆမ်မာမစ်မြို့တွင် ကျင်းပ နေသည့် KPMG Women's PGA ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမ နေ့အပြီးတွင် အမေရိကန်ဂေါက်သီး ရိုက်မယ် လက်ဇီတွမ်ဆင်က သတ်မှတ်ရိုက်ချက်ထက် လေးချက် လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါနှင့် ထိုင်းဂေါက်သီး ရိုက်မယ် တာဗာတာနာကစ်တို့က သတ်မှတ်ရိုက်ချက်ထက် သုံးချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး အိုင်ယာလန် ဂေါက်သီးရိုက်မယ် မက်ဂွဲယားအပါအဝင် ပြိုင်ပွဲဝင် ၁၂ ဦးက သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီလျော့ရိုက်ကာ အမှတ် ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ကမ္ဘာ့အဆင့်(၁) ဂေါက်သီး ရိုက်မယ် နယ်လီကော့ဒါအနေဖြင့် ပထမနေ့တွင် အမှားအယွင်းများ ရှိခဲ့သည့်အတွက် အမှတ်ပေး ဇယား၏ ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခြင်းဖြစ်သည်။

အမှတ်ပေးဇယားကို ဦးဆောင် နေသည့် လက်ဇီတွမ်ဆင်သည် ပထမနေ့တွင် Birdies ရိုက်ချက် ခြောက်ကျင်းအထိရရှိခဲ့ပြီး ပထမ သုံးကျင်းတွင် Birdies ရခဲ့ခြင်း ဖြစ်ပြီး ကစားသမားဘဝ သက်တမ်း တစ်လျှောက် အဓိကပြိုင်ပွဲတွင် တစ်ရက်တည်း Birdies သုံးကျင်း ဆက်တိုက်ရရှိခဲ့သော မှတ်တမ်း ကောင်းတစ်ခု ရရှိခဲ့သည်။

ကစားသမားဘဝမှ အနားယူ မည်ဟု သတင်းများထွက်ပေါ်နေ သည့် လက်ဇီတွမ်ဆင်သည် ပထမ နေ့အပြီးတွင် အမှတ်ပေးဇယား အား ဦးဆောင်နိုင်ခဲ့ပြီးနောက်



"ကျွန်မအနေနဲ့ ပြိုင်ပွဲအတွင်းမှာ ဆက်လက်ရှိနေမှာပါ။ ဒီနေ့မှာ ကစားရတာ အရမ်းခက်ခဲခဲ့ပေမဲ့ လဲ ရလဒ်ကောင်းရခဲ့လို့ ဝမ်းသာ ဂုဏ်ယူပါတယ်။ ရိုက်ချက် တော်တော်များများက Green-way ပေါ်ရောက်ခဲ့တယ်။ တစ်ကျင်း ပဲ Greenway ပေါ် မရောက် ခဲ့တာပါ။ ကစားရတာ ခက်ခဲခဲ့ ပေမဲ့လဲ ပြိုင်ပွဲဝင်ရတာ စိတ်လွတ်လပ်ပျော်ပါးတယ်။ ရိုက်ချက် တိုင်းက တော်တော်လေးကို အဆင်ပြေခဲ့တယ်။ နောက်နေ့တွေ မှာလဲ ဒီရလဒ်ကို ဆက်ထိန်း သိမ်းနိုင်မယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# အာဆင်နယ်အသင်းက တီယာနေးနေရာတွင် ကက်ဒီအိုဂလူနှင့် အစားထိုးရန်ပြင်ဆင်

**လန်ဒန် ဇွန် ၂၁**

အာဆင်နယ် အသင်းသည် ခံစစ်ပိုင်းတွင် ပုံစံကောင်းပျောက် ဆုံးနေသည့် တီယာနေးအား အသင်းမှ ရောင်းချရန် ဆုံးဖြတ် ထားပြီး ၎င်းနေရာတွင် ဖီနာဘာချီ အသင်းတွင် ခြေစွမ်းပြသနေသည့် ခံစစ်ကစားသမား ကက်ဒီအိုဂလူနှင့် အစားထိုးရန်ပြင်ဆင်လျက်ရှိသည်။

အသက် ၂၄ နှစ်ရှိ ကက်ဒီအို ဂလူသည် ဘယ်တောင်ပံခံစစ်ပိုင်း တွင် တိုက်စစ်ပိုင်းသို့ပါ လိုက်ပါ ကစားနိုင်သူဖြစ်သကဲ့သို့ ပြီးခဲ့သည့် ဘောလုံးရာသီက ဖီနာဘာချီ အသင်းအတွက် ပြိုင်ပွဲစုံ ၅၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုး သုံးဂိုး နှင့် ဂိုးဖန်တီးမှု ငါးကြိမ်ထိ ပြုလုပ် ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဥရောပ ထိပ်သီးကလပ်များက သတိမပြုမိ ဘဲရှိနေချိန်တွင် အာဆင်နယ် အသင်းက ကစားသမား၏ ခြေစွမ်း ပိုင်းကို သဘောကျနေခဲ့ကာ တီယာ နေး၏နေရာတွင် အစားထိုးရန် ကြိုးပမ်းနေကြောင်း သိရသည်။

လက်ရှိတွင် ဖီနာဘာချီအသင်း နှင့် လာမည့် ၂၀၂၆ ခုနှစ်ထိ စာချုပ်သက်တမ်း ကျန်ရှိနေသည့် ခံစစ်ကစားသမားကို အာဆင်နယ် အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့သော် လည်း ဖီနာဘာချီအသင်းက ကက်ဒီ အိုဂလူအတွက် ပြောင်းရွှေ့ကြေး ယူရို ၃၅ သန်းထိ အလိုရှိနေခြင်း ဖြစ်သည်။

နည်းပြရာဟင်၏ ဒေါ့မွန် အသင်းကလည်း ကက်ဒီအိုဂလူကို ခေါ်ယူရန် အာဆင်နယ်အသင်း နှင့်အပြိုင် ကမ်းလှမ်းမှုပြုလုပ်ခဲ့ပြီး ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းထိ တိုးမြှင့်ပေးခဲ့သော်လည်း ဖီနာ ဘာချီအသင်းဥက္ကဋ္ဌက ပြောင်းရွှေ့ ကြေး ယူရို ၃၅ သန်း ရရှိမှသာ ပြောင်းရွှေ့ခွင့် ပြုမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ် အသင်းသည် နွေရာသီ အပြောင်းအရွှေ့တွင် ခံစစ်ပိုင်းမှ ဇီချန်ကိုနှင့် တီယာနေး တို့ကို လက်လွှတ်ရန်ဆုံးဖြတ်ထား သောကြောင့် ခံစစ်ကစားသမား ကက်ဒီအိုဂလူကို ပြန်လည်ခေါ်ယူ ၍ အသင်းခံစစ်ပိုင်းဖြည့်တင်းရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

**Ref : RT**

**Trs : ML**



# ဒဏ်ရာမှပြန်လည်သက်သာလာသည့် ဂျိုကိုဗစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဝင်ရန် လေ့ကျင့်မှုများပြုလုပ်

**ဘဲလ်ဂရိတ် ဇွန် ၂၁**

ဆာဘီးယား တင်းနစ်ကစား သမား ဂျိုကိုဗစ်သည် French Open တင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာ ရရှိကာ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရပြီး နောက် ယခုအခါ ဒဏ်ရာအခြေ အနေ ပြန်လည်သက်သာလာပြီ ဖြစ်သည့်အတွက် တင်းနစ်လေ့ကျင့် မှုများ ပြန်လည်ပြုလုပ်နေပြီ ဖြစ်ကြောင်း ဂျိုကိုဗစ်က ၎င်း၏ လူမှုကွန်ရက်မှတစ်ဆင့် ယနေ့တွင် အတည်ပြု ပြောကြားခဲ့ကြောင်း သိရသည်။

ဂျိုကိုဗစ်သည် ဒူးဒဏ်ရာအား လိုအပ်သည့် ဆေးကုသမှုပြုလုပ်ပြီး နောက် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ရေးလေ့ကျင့်မှု များပြုလုပ်နေပြီး ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဝင်ရန်အတွက် လေ့ကျင့်ပြင်ဆင် နေမှုကိုလည်း ရုပ်သံဖိုင်ရိုက်ကူးကာ လူမှုကွန်ရက် ပေါ်သို့တင်ကာ ပရိသတ်များကို လည်း အသိပေးသွားခဲ့သည်။

ဂျိုကိုဗစ်က "ကျန်းမာဖို့နဲ့ ကြံ့ခိုင်မှုကောင်းဖို့အတွက် ဦးစား ပေးဆောင်ရွက်နေပါတယ်။ ပြိုင်ပွဲ တွေမှာ အမြန်ဆုံးပါဝင်ယှဉ်ပြိုင် နိုင်ဖို့အတွက်လဲ ပစ်မှတ်ထားနေ ပါတယ်။ တင်းနစ်အားကစားကို ချစ်မြတ်နိုးတဲ့ ကျွန်တော့်ရဲ့စိတ် ကြောင့် ဒဏ်ရာကို အမြန်ဆုံး ဆေးကုသမှုတွေ ပြုလုပ်ခဲ့တာပါ။ အခုလေ့ကျင့်ပြင်ဆင်မှုတွေပြုလုပ် နေပါတယ်။ ပြိုင်ပွဲတွေမှာ အမြင့် ဆုံးစွမ်းဆောင်ရည်နဲ့ ကစား သွားနိုင်ဖို့လဲ ပစ်မှတ်ထားနေ ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# မစန္ဒာ၏ ဦးခက်၊ ဒေါ်သက်နှင့် အရပ်ထဲမှလူများအကြောင်းဝတ္ထုတိုအပေါ် လေ့လာသုံးသပ်ခြင်း

မည်သည့်အရပ်၊ မည်သည့်ဒေသတွင်မဆို ဦးခက်ကဲ့သို့သော သဘောကောင်းပြီး အားနာတတ်သူများ၊ ဒေါ်သက်ကဲ့သို့ အကျောမခံ ကက်ကက်လန်အောင် တန်ပြန်ပြောဆိုတတ်သူများ၊ ဦးအုံးခင်ကဲ့သို့သော လူစားများ၊ ဦးထွန်းအောင်ကဲ့သို့ သူများအပေါ် ကျောရမှ ထမင်းစားပျော်သည့်လူစားများကို တွေ့မြင်ကြရမည်ဖြစ်သည်။

ရပ်ကွက်ထဲမှာတော့ ဦးခက်နှင့်ဒေါ်သက်တို့ လင်မယားအပေါ် ပတ်ဝန်းကျင်က ဤသို့ဆိုကြသည်။

"သူတို့လင်မယားလား၊ ခင်စရာကောင်းပါတယ်၊ ဒါပေမဲ့ ယောက်ျားက ပိုသဘောကောင်းတယ်" ဟု ဆိုကြသည်။

တချို့ကလည်း မိန်းမကြီးကတော့ ခပ်ဆိုးဆိုးရယ် ဟု မှတ်ချက်ချကြသည်။ ဤသို့သော မှတ်ချက်များနှင့်ပတ်သက်၍ အခန်းကပ်လျက်ရှိသော ကိုထွေးက စဉ်းစားသည်။

အစဉ်အမြဲ တပြုံးပြုံးနှင့် သဘောကောင်းလွန်းသော ဦးခက်၏အကြောင်းကိုသိသလို တင်းစီးသည်၊ ကျောသည်ဟုထင်လျှင် နည်းနည်းမျှမခံချင်တတ်သော ဒေါ်သက်၏အကြောင်းကိုလည်း သိရသည်။

"သူကောင်းလွန်းလို့ ငါလူဆိုးဖြစ်နေရတာ ကိုထွေးရဲ့"ဟု ဒေါ်သက်က ဆိုသည်။ ဟုတ်တော့လည်းဟုတ်သည်။ အိမ်ရှေ့အိမ်မှ ဦးအုံးခင်က ဦးခက်ထံဓာတ်ဆီ မကြာခဏ တောင်းတတ်သည်။ ဓာတ်ဆီတစ်ဂါလန်လောက် ချေးပါဦး၊ မနက်ဖြန် ဓာတ်ဆီဆိုင်သွားစရာတောင် မကျန်တော့ဘူးဟုဆိုကာ ပုံးကလေးနှင့် ရောက်လာတတ်သည်။ တစ်ခါမဟုတ်၊ သုံးလေးခါ၊ တစ်ခါမှ လာဆပ်သည်ကို ဒေါ်သက် မတွေ့၊ ကြာတော့ ဒေါ်သက်က ပြောရပြီ။

"ဓာတ်ဆီလား၊ ရောင်းစားဖို့ထားတာတော်ရှေ့၊ လိုချင်ရင် ပေါက်ဈေးပေးခဲ့"ဟု ဆီး၍ပြောသည်။ ဦးအုံးခင်က "ခင်ဗျားကလဲ လူကိုမြင်ရင် ဓာတ်ဆီလာချေးတယ်ပဲ ထင်နေတော့တာကိုး၊ ဆိုင်မှာအင်ဂျင်ဝိုင်တွေ ပေးနေပြီလို့ လာပြောတာဗျ"ဟု အရှက်ပြေပြောရင်း မအီမလည်နှင့်ပြန်သွားသည်။

ဦးခက်မှာတော့ အားနာလွန်း၍ အိမ်ခန်းထဲမှ မထွက်ရဲ။ "ဓာတ်ဆီလေးတစ်ဂါလန် ဘယ်လောက်တန်တာမို့လဲ မိန်းမရယ်၊ အားနာစရာကောင်းလိုက်တာ"ဟု ဆိုလေသည်။

"ဘယ်ကလာ ဓာတ်ဆီလေးတစ်ဂါလန်ရမှာလဲ၊ ဓာတ်ဆီကြီး တစ်ဂါလန်ပါ။ အဲဒီ ဓာတ်ဆီကြီးတစ်ဂါလန် ဘယ်လောက်တန်တယ်ဆိုတာ ရှင်လဲသိ၊ ကျွန်မလဲ သိ၊ အဲဒီ ဦးအုန်းခင်လဲ သိ၊ တစ်တိုင်းလုံးသိ၊ တစ်ပြည်လုံးသိ"ဟု အိမ်ရှေ့အိမ်ကကြားအောင် အသံကျယ်ကျယ်နှင့်ဟစ်သည်။

"ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါနဲ့ မသက်ရယ်"

"ပျက်မှာပဲ၊ သဘောကောင်းတာကို အခွင့်အရေးယူပြီး တင်စီးနေတဲ့ဟာကို"

"ဒါတော့ မင်းက တင်စီးနေတယ်လို့ ထင်တာကိုး၊ ကူညီခွင့်ကြုံလို့ ကူညီနေရတယ်လို့ ဘာလို့သဘောမထားနိုင်ရတာလဲ"

"အမယ်လေး ဦးမောင်မောင်ခက်ရယ်၊ ကူညီတယ်ဆိုတာ တစ်ခါ နှစ်ခါပဲ ဖြစ်ရမှာပေါ့။ ဒီလိုသာ အမြဲကူညီနေရရင် ကျုပ်တို့ မီးဖိုချောင်က ဆန်အိုးကြီး ဆန်ခပ်လိုက်တိုင်း ဂျလစ်၊ ဂျလစ်နဲ့ မြည်နေမှာကိုလဲ တွေးကြည့်စမ်းပါအုံး"

ဦးခက်နှင့်ဒေါ်သက်တို့၏ စရိုက်သဘောထားအမြင်တို့ကို တွေ့နေရပါပြီ။ ဦးခက်က ဒေါ်သက်နှင့် ယခုလို စကားများပြီဆိုလျှင် အိမ်ကထွက်လာကာ လက်ဖက်ရည်ဆိုင်သွားပြီး စီးကရက်ဖွာနေတတ်သည်။ စီးကရက်သုံးလိပ်လောက်ဆက်တိုက်ဖွာပြီးလျှင် အေးအေးဆေးဆေး ဘာမှမဖြစ်သလို အိမ်ကိုပြန်လာတတ်သည်။ လမ်းမှာတွေ့သည့်ပန်းသည်များထံမှ ဒေါ်သက်အတွက် ပန်းများဝယ်ခဲ့သည်။

ဦးခက်တွင် ဘီခြောက်ရာ လေးဘီးကားလေး တစ်စီးရှိသည်။ ရုံးတွင်တာဝန်ထမ်းစဉ်က ပင်စင်ယူခါနီး မဲပေါက်၍ဝယ်ယူခဲ့သောကားလေး၊ သူကိုယ်တိုင် TAXI မောင်းနေသဖြင့် သူ့ဇနီးနှင့်သူ စားသောက်ဖို့မပူရပေ။

ဦးခက် လက်ဖက်ရည်ဆိုင်သို့ဝင်လိုက်လျှင် လက်ဖက်ရည်ဆိုင်ထဲရှိ သူ့မိတ်ဆွေဆိုသူများက မည်သူမျှ လက်ဖက်ရည်ဖိုးပေးရန် မစဉ်းစားကြတော့ပေ။ အားလုံးအတွက် ရှင်းပေးရန်မှာ ဦးခက်အတွက် ဘဝ ပေးတာဝန်ပင်ဖြစ်နေတော့သည်။ သူ့အပေါင်းအသင်းများ ငွေလိုလျှင်လည်း အတိုးမပါဘဲ ချေးပေးရမည်မှာ ဦးခက်၏ဘဝပေးတာဝန်ဖြစ်သကဲ့သို့ပြန်မဆပ်လျှင်လည်း အဆုံးခံရန် တာဝန်ရှိလေသည်။

ဤသည်ကို တစ်ဖက်ခန်းမှ ကိုထွေးကမကျေနပ်။

"လူဆိုတာ ဘယ်လိုဟာတွေများပါလိမ့်၊ သဘောကောင်းတယ်ဆိုရင် အခွင့်အရေးတွေဖိပြီးယူတော့တာပဲလား၊ တစ်နေ့ကလဲ တစ်အိမ်ကျော်က ဦးထွန်းအောင်တို့လင်မယား၊ ဈေးထိပ်ကနေပြီး လက်ဖက်ရည်ဆိုင်ထဲကထွက်လာတဲ့ ဦးခက်ကို လမ်းကြုံသယ်သွားပေးပါဆိုပြီး ဈေးခြင်းအလေးကြီးပေးလိုက်တယ်။ ဦးခက်က မနိုင်မနင်းနဲ့ တစ်လမ်းလုံးဆွဲလာရတယ်။ ဟော. . . သူတို့လင်မယားကတော့ ဘုရားပန်းစည်းလေးတစ်စည်း စီပိုက်ပြီး ပေါ့ပေါ့ပါးပါး ပြန်လာလိုက်ကြတာ"

ကိုထွေးကတော့ ဘာမဆိုင် ညာမဆိုင် ဦးထွန်းအောင် လင်မယားအပေါ် ဒေါသထွက်နေမိသည်။ အိမ်ရောက်တော့ ဦးခက် ပချုတ်ဆီဘူးရှာကာ ဒေါ်သက်ကို မလိမ်းခိုင်းရဲ၊ ကိုထွေးကို အလိမ်းခိုင်းရသည်။ ဦးခက်ကို ပချုတ်ဆီလိမ်းပေးနေစဉ် အိမ်ရှေ့မှရယ်ရယ်မောမောဖြတ်သွားသော ဦးထွန်းအောင်တို့လင်မယားကိုမြင်တော့ ကိုထွေးမှာပါးစပ်ကို မချုပ်တည်းနိုင်တော့။

"ဩော်. . . ခင်ဗျားတို့ လင်မယားကတော့ ကြည်နူးနေလိုက်ကြတာ။ ဦးခက်မှာတော့ ခြင်းတောင်းအလေးကြီး ဆွဲခဲ့ရလို့ ခါးနာနေပြီဗျ"

"အို့. . . ဖြစ်မှဖြစ်ရလေ ဦးခက်ရယ်။ ဆိုက်ကားငှားလိုက်ရင် နှစ်ကျပ်ပဲဟာ။ အလကားနေရင်းဆွဲသွားတော့ ကျွန်တော်လဲ အားနာလို့ ကြည့်နေလိုက်တာ"

"ဟုတ်လား၊ ဦးထွန်းအောင်က သိပ်ပြီး အားနာတာပဲနော်။ ကျွန်တော်လဲ အဲဒီလို အားနာတတ်ချင်လိုက်တာ၊ ဆိုက်ကားခနှစ်ကျပ်လောက်သက်သာရင် နည်းတာမှတ်လို့လား" ဦးထွန်းအောင်တို့ လင်မယားကတော့ မကြားသလို ရယ်ရယ်မောမောနှင့် ထွက်သွားကြသည်။

ဦးခက်က "ခက်လိုက်တာ ကိုထွေးရာ၊ မင်းလဲ မသက်လိုပါပဲလား၊ စိတ်ကောင်းလေးတစ်ခု မွေးစမ်းပါဟ၊ မွေးစမ်းပါ"ဟု ဆိုလေသည်။

> ❖ "တစ်နေ့က သူက ဘုရားဆုပန်ချင်တယ်လို့ ဆိုလာတယ် ကိုထွေးရဲ့၊ ငါလဲ ဘုရားမှာ နောင်ဘဝဆက်တိုင်း သူနဲ့မဆုံရပါစေနဲ့လို့ ကျိတ်ပြီး ဆုတောင်းလိုက်တယ်။ ငါက ယသော်ဓရာဒေဝီလို ပါရမီဖြည့်နိုင်မဲ့သူမှ မဟုတ်တာ။ ဦးခက်ကတော်ဖြစ်ရတာတောင် စိတ်ပင်ပန်းလှပြီ။ အကုသိုလ်တွေ များလှပြီ" ဒေါ်သက်က ဆက်ပြောသည်။ "ငါလေ စိတ်ကူးထဲမှာ ခဏခဏသေကြည့်မိတယ်။ သူ့အရင်သေမလား၊ ငါ့အရင် သေမလားတော့ မသိဘူးပေါ့။ တကယ်လို့ ငါတို့သေကြရင် သူ့မသာက လူပိုစည်မှာတော့ အသေအချာပဲ။ သူက ငါ့ထက်ပိုပြီး စိတ်စေတနာကောင်းတယ်၊ နောက်ပြီး သူ ကူညီခဲ့ဖူးတဲ့လူတွေကလဲ အများကြီးပါပဲ" ❖

"တစ်နေ့က သူက ဘုရားဆုပန်ချင်တယ်လို့ဆိုလာတယ် ကိုထွေးရဲ့၊ ငါလဲ ဘုရားမှာ နောင်ဘဝဆက်တိုင်း သူနဲ့မဆုံရပါစေနဲ့လို့ ကျိတ်ပြီး ဆုတောင်းလိုက်တယ်။ ငါက ယသော်ဓရာဒေဝီလို ပါရမီဖြည့်နိုင်မဲ့သူမှမဟုတ်တာ။ ဦးခက်ကတော်ဖြစ်ရတာတောင် စိတ်ပင်ပန်းလှပြီ။ အကုသိုလ်တွေ များလှပြီ" ဒေါ်သက်က ဆက်ပြောသည်။

"ငါလေ စိတ်ကူးထဲမှာ ခဏခဏသေကြည့်မိတယ်။ သူ့အရင်သေမလား၊ ငါအရင်သေမလားတော့ မသိဘူးပေါ့။ တကယ်လို့ ငါတို့သေကြရင် သူ့မသာက လူပိုစည်မှာတော့ အသေအချာပဲ။ သူက ငါ့ထက်ပိုပြီး စိတ်စေတနာကောင်းတယ်၊ နောက်ပြီး သူ ကူညီခဲ့ဖူးတဲ့လူတွေကလဲ အများကြီးပါပဲ"

စိတ်ကူးဖြင့်သေကြည့်ခဲ့သည့် ဒေါ်သက် တစ်ယောက် ဖြုန်းခနဲ တကယ်သေသွားတော့ ကိုထွေး တုန်လှုပ်မိသည်။ "ညနေ ထမင်းပွဲပြင်နေရင်း မူးတယ် မူးတယ်ဆိုပြီး လဲသွားတာ၊ တောက်လျှောက် အသက်ပါ ပါသွားတော့တာပဲဗျာ"

"ဒေါ်သက်ကြီးက စိတ်ရင်းသိပ်ကောင်းတာ။ ပြောစရာရှိရင် ဟောဟောဒိုင်းဒိုင်းနဲ့ နောက်ပြီး ဘာကိုမှ အမှတ်ထားနေတာမဟုတ်ဘူး"

မည်သို့ပင်ဖြစ်စေ ဒေါ်သက်၏အသုဘမှာ စည်ကားလှသည်။ တစ်ရပ်ကွက်လုံး လိုက်ပါပို့ဆောင်ကြသည်။ ထူးခြားသည်မှာ သေသူ ဒေါ်သက်ကို သနားစရာကောင်းသည်ဟု မပြောကြပေ။ ကိုထွေး တစ်ချိန်လုံးကြားနေရသည်မှာ "ဦးခက်ကြီး သနားပါတယ်"တဲ့။

စာရေးဆရာမ မစန္ဒာသည် လူ့ဘဝ၊ လူ့စရိုက်ကို ပုံဖော်ကောင်းလှပါသည်။ ဒေါ်သက် ကွယ်လွန်ပြီး ငါးလခန့်အကြာတွင် အများကသနားပါသည်ဆိုသော ဦးခက်ကို သေမင်းက မသနား။ ရုတ်တရက် ဦးခက် ရင်ဘတ်ထဲက အောင့်လာသောကြောင့် ဖြစ်သည်။ ကိုထွေးက ဆရာဝန်ပြေးခေါ်ခဲ့သေးသည်။ သို့သော် အသက် မမီတော့ပေ။

"အို့. . . အိပ်နေတာထင်ပါရဲ့၊ ကြည့်ပါအုံး၊ သူ့လက်တွေ နွေးနေတာပါပဲ"

ဦးအုံးခင်က ဓာတ်ဆီချေးဖို့ ပုံးကြီးနှင့်လာသေးသည်။ ဦးခက်၏အခြေအနေသိရသောအခါ ဓာတ်ဆီပုံးကြီးကိုပစ်ချပြီး လမ်းမသို့ပြန်ထွက်ကာ "ဦးခက် ဆုံးပြီ၊ ဦးခက် ဆုံးပြီ"ဟု အော်လေသည်။

ရပ်ကွက်ထဲမှ လူငယ်များရောက်လာပြီး ဦးခက်ကို ရေချိုးပေးကာ သစ်သားခုတင်ပေါ်တွင် တင်ပေးလိုက်သည်။ ကိုထွေးက မြို့ထဲရှိ ဦးခက်၏ တူနှင့်တူမတို့ထံ ဖုန်းဆက်သည်။ မကြာမီရောက်လာကြပြီး ငိုကြသည်။ ထို့နောက် တူဖြစ်သူက ဦးခက်၏ကားလိုင်စင်ကိုရှာသည်။ တူမကအိပ်ခန်းထဲဝင်ပြီး သေတ္တာများကိုမွှေသည်။

ဦးခက်၏အလောင်းကို အိမ်တွင်သုံးရက်ထားမည်ဆိုသောအခါ တူဖြစ်သူက ရုံးဖွင့်ရက်ဖြစ်နေ၍ လာဖြစ်ပါ့မလားဟု မသေမချာဆိုသည်။ တူမက "သူ့ကျောင်းတွင် အစည်းအဝေးရှိသည်"ဟု ဆိုသည်။ ကိုထွေးက-

"ဦးခက်ရဲ့အသုဘကို ဦးခက်ရဲ့မျက်နှာနဲ့ပဲ လိုက်ပြီးပို့ကြပါ"ဟု တောင်းပန်သည်။

ဦးခက်က သေပြီမို့ ဦးခက်၏မျက်နှာကိုထောက်ထားရန် မည်သူမျှ စဉ်းစားရန် မတူကြပေ။ ဦးခက်၏အသုဘသည် ခပ်ခြောက်ခြောက်နှင့် ပြီးစီးသွားသည်။

ထုံးစံအတိုင်း အသုဘကားကို ခပ်သုတ်သုတ်မောင်း၊ သုသာန်ရောက်တော့ ကားထဲမှအခေါင်းကို ခပ်သုတ်သုတ်ချ၊ မီးသင်္ဂြိုဟ်စက်ထဲ ခပ်သုတ်သုတ်ထိုးထည့်လိုက်ကာ ကျိုးကျိုးကျဲကျဲလိုက်ပါပို့ဆောင်သူများလည်း တက်သုတ်ရိုက်ကာ ပြန်သွားကြလေသည်။ ဦးခက်အတွက် တစ်ခုတည်းသော သူ့ပန်းခွေကို ကြည့်မိသည်။ ဦးခက် အသက် ၆၅ နှစ်ဆိုသည့် ပန်းခွေကတော့ မြေပြင်တွင် ပုံလဲနေပြီ။

"ဦးခက်က ကူညီတတ်လို့ သူ့မသာက စည်မယ်ဆို ဒေါ်သက်ရဲ့၊ ခုတော့ ဘယ်လိုဖြစ်တာလဲ"

"အသုဘက ပို့တယ်ဆိုတာ သေတဲ့လူအတွက်လား၊ အသက်ရှင်ကျန်တဲ့လူတွေအတွက်လား၊ ဟင် လူတွေဟာ ဒီလိုပဲလား"

"လူတွေဟာ ဒီလိုပဲလား၊ ဒီလိုပဲလား"

ဆရာမ မစန္ဒာက လူတွေကို မကျေမနပ်ဖြစ်မိဟန် တူပါသည်။

ကျွန်တော်တို့နေထိုင်သော ရပ်ကွက်၊ မြို့၊ ရွာ ဒေသအသီးသီးတွင် ဦးခက်လိုလူများ ရှိပါသည်။ ဒေါ်သက်လို မိန်းမများလည်း အများကြီးရှိပါသည်။ ဦးအုံးခင်လို၊ ဦးထွန်းအောင်လို လူစားများလည်း အများကြီးရှိပါသည်။ ထို့အတူ သာပေါင်းညာစားနေကြသော လူများလည်း များစွာရှိပါသည်။

ဆရာမ မစန္ဒာ၏ ဇာတ်ဆောင်တစ်ဦးဖြစ်သူ ကိုထွေးကဲ့သို့ "လူတွေဟာ ဒီလိုပဲလား၊ ဒီလိုပဲလား" ဟူ၍သာ ညည်းညူပြောဆို အော်ဟစ်လိုက်ချင်ပါတော့သည်။

**ကိုးကား**

**– မစန္ဒာ၏ ဝတ္ထုတိုများ(၃)မှ**

**ပုသိမ်အောင်သန်းဦး**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်တွင် ပြုလုပ်



**ရန်ကုန် ဇွန် ၂၁**

မြန်နန်းတော်ဝင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်မည့် အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်တွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြ၍ သိရသည်။

အတ္တကမ်းပါး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ညမွှေးပန်းနှင့် ငွေစင်သွန်းတို့က ရေးသားထားပြီး ဒါရိုက်တာ ဟိန်းစိုးက မြန်နန်းတော်ဝင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

"မေလေးနဲ့ ဆရာဦးဟိန်းစိုးနဲ့က အရင်က အတူတူရိုက်ခဲ့ဖူးတာတော့မရှိပါဘူး။ ဒီရုပ်ရှင်ဇာတ်ကားမှာ ပထမဦးဆုံးဆုံကြတာပါ။ မေ့ရဲ့ကာရိုက်တာက အတ္တကြီးတဲ့ မိန်းကလေးတစ်ယောက်ပေါ့။ နောက်ကိုယ်က မကျေနပ်တဲ့သူတွေကို လက်စားချေတယ်။ ဒီဇာတ်ကောင်ကတော့ မေလေး လုပ်ဖူးထားတဲ့ ဇာတ်ကောင်တွေနဲ့တော့ မတူပါဘူး။ လက်စားချေတယ်။ အတ္တကြီးတယ်ဆိုပေမဲ့လဲ သူ့ရဲ့လက်စားချေမှုက ငြိမ်ငြိမ်လေးနဲ့ပေါ့။ ခပ်မိုက်မိုက် ဇာတ်ကောင်တစ်ခုဖြစ်မယ်လို့ ထင်ပါတယ်"ဟု သရုပ်ဆောင် မေမြင့်မိုရ်က ပြောပြသည်။

အတ္တကမ်းပါးရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ရှင်မွေလ၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ခိုင်နှင်းဝေ၊ သုဇြေဦး၊ မင်းသူ၊ ဇော်ဝင်းနိုင်၊ ဝင်းမင်းသန်း၊ ကလေးသရုပ်ဆောင် သွန်းပြည့်သဒ္ဒါစံနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Blue Moon ဇာတ်ကားတွင် အီသန်ဟော့နှင့် မာဂရက်ကွာလေတို့ ပါဝင်မည်

**နယူးယောက် ဇွန် ၂၁**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Blue Moon ဇာတ်ကားသစ်တွင် မင်းသား အီသန်ဟော့နှင့် မင်းသမီး မာဂရက်ကွာလေတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၂၀ ရက် သတင်းများအရ သိရသည်။

Blue Moon ဇာတ်ကားသည် နာမည်ကျော် သီချင်းရေးဆရာ လောရင့်ဟာ့၏ ဘဝနောက်ဆုံးနေ့များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် အတ္ထုပ္ပတ္တိ ဒရာမာဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကား၏ ဇာတ်ကားနာမည်မှာ လောရင့်ဟာ့နှင့် ရစ်ချက်ရော်ဂျာတို့ပူးတွဲရေးသားခဲ့ပြီး ကမ္ဘာကျော်အဆိုတော် အဲလစ်ပရက်စလေ သီဆိုခဲ့သော Blue Moon သီချင်းကို အစွဲပြုထားသော နာမည်ဖြစ်သည်။

Blue Moon ဇာတ်ကားကို Hit Man ဒါရိုက်တာ ရစ်ချက်လင်တာက ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ယခုနှစ် နွေရာသီအတွင်း အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့တော်၌ ရိုက်ကူးရန်စီစဉ်ထားသည်။

လက်ရှိတွင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Blue Moon ဇာတ်ကား ရုံတင်ပြသမည့်ရက် ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်၍ Mahar Application မှ ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇွန် ၂၁**

ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်၍ Mahar Application မှ HD Quality ဖြင့် ဇွန်လနောက်ဆုံးပတ်တွင် ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်နေပြီဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို တာဝန်ယူပုံဖော်ရိုက်ကူးသည့် ဒါရိုက်တာ ပွင့်သီဂီဇော်(အရှေ့ဦး)က ပြောပြ၍ သိရသည်။

ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အထင်ကရက ရေးသားထားပြီး မယ်ခိုင်က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ပွင့်သီဂီဇော်(အရှေ့ဦး)က ရွှေစည်တော် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။




"မိန်းကလေးတစ်ယောက်ရဲ့ ဘဝအကြောင်းလေးကို ပညာပေးလေးရယ် ငွေကြေးနောက်လိုက်ရင် ဖြစ်တတ်တဲ့ သဘောသဘာဝပါ။ အိမ်အကူလေးတွေရဲ့ဇာတ်ဆိုတော့ ပရိသတ်အတွက် တစ်မျိုးလေးမြင်ရမဲ့ ဒရာမာဇာတ်လမ်းတွဲလေးပါ" ဟု ဒါရိုက်တာ ပွင့်သီဂီဇော်(အရှေ့ဦး)က ပြောပြသည်။

ရင်ဖွင့်ပြချင်သည် ဇာတ်လမ်းတွဲတွင် အပိုင်း ၂၀ ပါရှိမည်ဖြစ်ကာ Mahar Application မှ HD Quality ဖြင့် နေ့စဉ် ည ၇ နာရီတိုင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း၊ အဆိုပါဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ရန်အောင်၊ အောင်ရဲချမ်း၊ ရတနာဗို၊ သင်းသဲဗို၊ သဇင်ထူးမြင့်၊ ခြူးစစ်ဟန်၊ ယွန်းရွှေရည်၊ အေးသီတာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Deadpool and Wolverine ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း ပြီးဆုံး

**နယူးယောက် ဇွန် ၂၁**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကား ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဇွန် ၂၀ ရက် သတင်းများအရ သိရသည်။

Deadpool and Wolverine ဇာတ်ကား၏ အထက်ပါအခြေအနေကို ထိုဇာတ်ကားမှ အဓိကသရုပ်ဆောင်ဖြစ်သည့် မင်းသား ရိုင်ယန်ရေးနိုးက အင်စတာဂရမ်စာမျက်နှာ၌ ရေးသား အတည်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးပေးထားပြီး ရိုင်ယန်ရေးနိုးနှင့်အတူ မင်းသား မက်သရူးမက်ဖာဒီယန်၊ ဟက်ဂျက်မင်းနှင့် မင်းသမီး မိုရီနာဘက်ကာရင်တို့လည်း ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကား၌ အဓိကဇာတ်ကောင်များ ဖြစ်ကြသော Deadpool နေရာ၌ မင်းသား ရိုင်ယန်ရေးနိုးက သရုပ်ဆောင်ထားပြီး Wolverine နေရာတွင် မင်းသား ဟက်ဂျက်မင်းက သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဒါရိုက်တာ ရှောင်လီဗိုင်းက ဇာတ်ညွှန်းရေးဆရာ ဟက်ရီဆီနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# စွယ်တော်ရွက်ပုံပြင် ဇာတ်လမ်းတွဲ ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဇွန် ၂၁**

Fortune-tv ရုပ်သံလိုင်းမှ ထုတ်လွှင့်မည့် စွယ်တော်ရွက်ပုံပြင် ရုပ်သံဇာတ်လမ်းတွဲကို ရန်ကုန်တိုင်းဒေသကြီးတွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးလျက်ရှိကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထူးအောင်က ပြောပြ၍ သိရသည်။

စွယ်တော်ရွက်ပုံပြင် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို နွေဦးကျော်က ရေးသားထားပြီး ဒါရိုက်တာ သားညီက မာလာမြိုင်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးနေကြောင်း သိရသည်။

"အစတုန်းကတော့ ချစ်သောရွာပါ။ ဇာတ်လမ်းတွဲလေး နာမည်က အခုကတော့ စွယ်တော်ရွက်ပုံပြင်လို့ အမည်ပြောင်းလိုက်တယ်။ ဒီဇာတ်လမ်းထဲမှာတော့ ကျွန်တော်က တစ်ရွာလုံးကို ကူညီတတ်တဲ့ ကောင်ကလေးပါ။ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ အတွေ့အကြုံဗဟုသုတရှိတော့ စိုက်ပျိုးရေးလုပ်နေတဲ့ တစ်ရွာလုံးက အားကိုးချစ်ခင်ကြတယ်။ မင်းသမီးကတော့ မြို့သူ သူဌေးသမီး အကြောင်းကြောင်းကြောင့် ရွာကိုလာရင်း ကျွန်တော်နဲ့ ချစ်ကြိုက်သွားတဲ့ အချစ်ဇာတ်မြူး ပေါ့ပေါ့ပါးပါး ဇာတ်လမ်းတွဲလေးပါ"ဟု သရုပ်ဆောင် ထူးအောင်က ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ထူးအောင်၊ ရှိန်း၊ ဆုထက်၊ အေးသန္တာဗို၊ အနှစ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

ASH

# Clarification by Maj-Gen Zaw Min Tun, Leader of the Information Team of the State Administration Council, on investigations to expose the accurate facts about the death of Win Neinmitayon Monastery Sayadaw Bhaddanta Munindabhivamsa of Bago in the incident which happened near Kamma Village of Ngazun Township, Mandalay Region


Maj-Gen Zaw Min Tun

Today, I would like to respectfully submit a supplication to members of the Sangha and disciples to know the truth about the death of Win Neinmitayon Monastery Sayadaw Bhaddanta Munindabhivamsa of Bago in the incident which happened near Kamma Village of Ngazun Township in Mandalay Region.

First, we respectfully pay homage dedicating to the attributes of a former member of the State Sangha Maha Nayaka Committee, Win Neinmitayon Monastery Sayadaw Bhaddanta Munindabhivamsa of Bago, who has been offered Aggamaha Ganthavacaka Pandita title, Aggamaha Pandita title and Aggamaha Saddhammajotikadhaja title. Likewise, I also respectfully pay homage to Kanthonhsint Buddhism Learning Centre Sayadaw Bhaddanta Gunikabhivamsa, who was injured in the incident.

**Venerable Sayadaws and disciples,**

The incident occurred at 10:30 am on 19 June. Before the incident, it is necessary to know the conditions of the region. Ngazun-Myotha region is a place where PDF terrorists from the Sagaing Region and northern Mandalay Region, under the disguise of villagers, often collect extorted money and commit to taking hostages and blowing up mines. At about 6 pm on 18 June, about five PDF terrorists in civilian clothes drove three motorcycles along Myotha Village road and fired at Myotha police station. In that incident, one police member and an innocent ordinary villager residing near the police station lost their lives. At about 6:30 am on 19 June, residents informed that the PDF terrorist group took a vehicle from the Pyi Sone Aung bus line to Phaungkataw-Thakyin area, northwest of Kamma Village. So, security forces from Ngazun in two groups marched to the Phaungkataw-Thakyin area along the eastern and western routes from Ngazun to take security measures. At about more than 10 am, the security forces from the west route exchanged fire with some 20 PDF terrorists near Phaungkataw Village due to blowing up mines. Terrorists retreated to the southern part (Kanma Village) where this incident occurred. Both sides have casualties. At the same time, noisy firing was heard from Kanma Village, where the security force marched along the eastern route. The security forces quickly marched along the east path to block the terrorists fleeing from the Phaungkataw-Thakyin area, which took an aforesaid vehicle. That security force found a Surf car with a number plate for the public on the road near the pagoda of Kamma Village. Those from the security force's vehicle shouted to stop the Surf with hand postures. Finally, they shot up to stop the Surf. It was generally known that when the Surf overtook, the security forces from the vehicle shot it to stop. Hence, the incident will be investigated in more detail.

**Venerable Sayadaws and disciples,**

Tatmadaw members serving security duties in that region are facing many difficulties. PDF terrorists, under the disguise of civilians in civilian clothes, attack innocent people and security forces in various ways. It is difficult to verify immediately whether they are enemies or civilians. Security forces are trying hard to safeguard towns and villages as well as ordinary people in those situations.

All Buddhists know that Tatmadaw has been propagating and strengthening the culture, language and religion in Myanmar actively up to now. Taking advantage of this incident, malicious media, NUG, and PDF terrorists are stipulating the people for disturbances in time. So far, NUG and PDF terrorists have killed 140 monks and two nuns and attacked 96 monks injured. It can be seen that anyone does not talk about these deaths and injuries. Hence, I would like to request everybody to take care of these incidents.

**Venerable Sayadaws and disciples,**

With regard to that incident, we regret the loss of a treasured member of the Sangha in Patiyatti Sasana. An investigation team with the participation of high-ranking officers will be formed to expose the incident. Due to the findings of the investigation, necessary action will be taken.

We pledge to join hands with members of the Sangha to serve the interests of Buddhism.

**Buddha Sasama Ciram Titthatu**


The map shows the place of the Ngazun-Myotha region incident.

# Investigations underway to uncover truth regarding incident in which Win Neinmitayon Monastery Sayadaw from Bago passed away

**Nay Pyi Taw June 21**

On 19 June, a vehicle carrying Win Neinmitayon Monastery Sayadaw Bhaddanta Munindabhivamsa of Bago in Bago Region and Kanthonhsint Buddhism Learning Centre Sayadaw Bhaddanta Gunikabhivamsa from Mingaladon Township of Yangon Region was reportedly shot at between Myotha Town and Kamma Village in Mandalay Region. As a result, Win Neinmitayon Monastery Sayadaw passed away, while Kanthonhsint Buddhism Learning Centre Sayadaw and the driver sustained injuries.

However, on the evening of 20 June, it was noted that a video file of a statement by Kanthonhsint Buddhism Learning Centre Sayadaw Bhaddanta Gunikabhivamsa regarding the incident was circulating on social media. The initial report was based on information relayed through security forces, but the statement from the Sayadaw presented discrepancies with the initial report.

Therefore, necessary investigations are reportedly underway to disclose the factual circumstances of the incident. If the facts of the incident are revealed, appropriate actions will be taken accordingly.

# 27 cargo vessels transport commodities from Mandalay to Yangon, Bhamo



Two cargo barge seen at the Mandalay Port for freight-handling process.

**Mandalay June 21**

A total of 27 cargo vessels were used in transport of commodities from Mandalay port to Yangon and Bhamo from 10 to 19 June, said Deputy Staff Officer Daw Tin Tin Tun of Mandalay Region Department of Marine Administration.

These cargo vessels transported maize, sugar, cement, gravels and other raw materials from Mandalay port to Yangon and Bhamo towns during the period.

"Starting from the second week of June, stockpile of raw materials has been large at Mandalay port. At present, cement and sugar volumes are the largest," she said.

During the period, cargo vessels transported 7,174 tons of cement, 12,595 tons of maize, 350 suddles of gravels, and 3,850 bags of lime from Mandalay port to Yangon and Bhamo.

At present, vessels need to check water navigations in the Ayeyawady River and along both banks of the river for safe driving.

184

# Seintalone mango fetches K50,000 per 16-kg basket at domestic market

**Mandalay June 21**

Seintalone mango fetches K50,000 per 16-kg basket at domestic market in Mandalay Region, said U Kyaw Soe Naing, Secretary of Myanmar Mango Market and Technological Development Association (Mandalay Branch).

Now is time to cease sales of Seintalone mango. Remaining mango fetches good prices. Seintalone mango which flows into Mandalay market fetches K40,000 to K50,000 per 16-kg basket. Such kind of mango is sent to Mandalay and Yangon markets.

"Now is selling mango from southern Shan State. Seintalone mango gets good prices. The fruits are sold at domestic market on priority," he explained.

There are more than 35,000 acres of mango plantations in Mandalay Region. Over 180 species of mango are thriving in Myanmar. Local farmers prefer to grow Seintalone, Yinkwe, Shwehintha, Machitsu, Meithi and Madamya Ngamauk strains of mangoes. Myanmar primarily exports mango to China.

185



Seintalone mangoes in baskets.

# China firmly stands with G77 in safeguarding int'l fairness, justice: spokesperson

**Beijing June 21**

China always firmly stands with the Group of 77 (G77) in safeguarding international fairness and justice, and in defending and expanding the common interest of developing countries and countries around the world, a Chinese foreign ministry spokesperson said on Friday.

Spokesperson Lin Jian made the remarks at a regular news briefing when asked to comment on the cooperation between China and the G77.

China is the closest cooperation partner of the G77, and greatly values the Group of 77 and China (G77+China) cooperation mechanism, Lin said.

Since last year, Lin said, several important international conferences, such as the Havana Summit of the Group of 77 and China, and the Third South Summit, were successfully held, where China and the vast developing countries sent a strong message of enhancing solidarity and cooperation and reaffirmed our commitment to increasing the representation and voice of developing countries in global governance.

"As the largest developing country, a partner of the Non-Aligned Movement and a member of the Global South, China will always work with fellow developing countries to share weal and woe like passengers in the same boat," Lin said.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Xinhua Commentary: New quality productive forces for better China and world

**Brussels June 21**

Xinhua Institute, a high-end think tank of Xinhua News Agency, released on Wednesday a report entitled "Empower China, Benefit the World -- an Analysis of the Theoretical Contribution and Value Orientation of New Quality Productive Forces."

At present, promoting high-quality development has become the main theme of China's economic and social growth. Developing new productive forces will pave the way for China to seize the opportunities provided by a new wave of technological revolution and industrial transformation, further liberate and develop productive forces and achieve high-quality development in the new era.

The new quality productive forces are featured by innovation. China will continue to promote innovation, better understand the importance of sci-tech innovation, boost sci-tech innovation with greater determination and intensity, firmly grasp key core technologies, persevere in strengthening basic research, and strengthen the main position of enterprises in innovation to promote the emergence of original and disruptive technological innovations.

China will boost industrial innovation with sci-tech innovation, accelerate the transformation of sci-tech achievements into real productivity, transform and upgrade traditional industries, cultivate and strengthen emerging industries, plan and build future industries, accelerate the construction of modern industrial systems, and build a foundation for the development of new quality productive forces. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားဟက်ကာများက ယူကရိန်းဒရုန်းပိုင်းလော့များ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များ ထွင်းဖောက်ရယူနိုင်ခဲ့



ရုရှားနိုင်ငံ ဟက်ကာအဖွဲ့တစ်ဖွဲ့သည် အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခြင်းနှင့်ဆက်စပ်နေသည်ဟု အခိုင်အမာသိရှိထားသော ယူကရိန်းနိုင်ငံမှ ဒရုန်းလေယာဉ်မှူးများအပါအဝင် ယူကရိန်းစစ်ဘက်မှ တပ်ဖွဲ့ဝင် ဝန်ထမ်းအင်အား ၁၀၀၀ ကျော်၏ အချက်အလက်များကို ထွင်းဖောက်ရယူနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် RT သတင်းဌာနက ဇွန် ၁၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အရပ်ဘက်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်းကြောင့် ရုရှားနိုင်ငံသားဟက်ကာများက ယခုကဲ့သို့ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု "Russian Angry Hackers did it" (RaHDit)ဟူ၍ ၎င်းတို့ကိုယ်တိုင် အမည်ပေးထားသော ဟက်ကာအဖွဲ့က ဇွန် ၁၁ ရက်တွင် အဆိုပါယူကရိန်းတပ်ဖွဲ့ဝင်များ စာရင်းကို ထုတ်ပြန်ခဲ့သည်။

ထိုစာရင်းတွင် ရုရှားနိုင်ငံသားများကို ကောင်းကင်မှလက်ပစ်ဗုံးများ ကြဲချခြင်းနှင့် အမြောက်များထံ ပစ်မှတ်မှတ်ပုံတင် အချက်အလက်များပေးပြီး နောက်ပိုင်းရှိ အရပ်ဘက်လူထုအပေါ် တိုက်ခိုက်မှုများပြုလုပ်နေသည့် ယူကရိန်းနိုင်ငံ၏ ဒရုန်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအပါအဝင် စုစုပေါင်းအင်အား ၁၁၀၀ ကျော်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပါဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အချက်အလက်များတွင် ဓာတ်ပုံများ၊ ဖုန်းနံပါတ်များ၊ အိမ်လိပ်စာများ၊ ကိုယ်ပိုင်နံပါတ်စဉ်အလိုက် ကိုယ်ရေးရာဇဝင်များ၊ အီးမေးလ်လိပ်စာများ၊ ဆိုရှယ်မီဒီယာ စာမျက်နှာလင့်ခ်များနှင့် အခြားကိုယ်ရေးကိုယ်တာအချက်အလက်များပါဝင်သည်။


အကြမ်းဖျင်းအားဖြင့် ထိုလူဦးရေထဲမှ ထက်ဝက်ကျော်မှာ အမှတ်(၃၈၃) အဝေးထိန်းလေယာဉ်တပ်ရင်းကြီးမှ တပ်ဖွဲ့ဝင်များဖြစ်ကြောင်းနှင့် အဆိုပါတပ်ရင်းကြီးမှ အင်အားစာရင်းအားလုံး ရရှိခဲ့ကြောင်း၊ တပ်အင်အားတွင် အများစုမှာ အမျိုးသားများဖြစ်သော်လည်း ထမင်းချက်နှင့်ဆေးမှုးတာဝန်များကဲ့သို့ အချို့နေရာများတွင် အမျိုးသမီးများပါ တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း RaHDit ဟက်ကာအဖွဲ့က အခိုင်အမာပြောကြားခဲ့သည်။

အမှတ်(၃၈၃)အဝေးထိန်းလေယာဉ်တပ်ရင်းကြီးသည် ရုရှားနှင့်ယူကရိန်းပဋိပက္ခတွင် ဆိုဗီယက်ခေတ်ထုတ် Tu-141 Strizh ဒရုန်းများဖြင့် ရုရှားကို တိုက်ခိုက်ရန်ကြိုးပမ်းခဲ့မှုများတွင် ပါဝင်ခဲ့သည်ဟု သံသယရှိခဲ့သည်။ ယူကရိန်းသည် တောင်ပံပုံသေတပ် အကြီးစား ကင်းထောက်ဒရုန်းများကို တာဝေးပျံသန်းစစ်ဆင်နိုင်မည့် ကာမီကာဇီဒရုန်းများအဖြစ် ပြောင်းလဲပစ်ခဲ့ကြသည်။ ၂၀၂၂ ခုနှစ် မတ်လတွင် ခရိုအေးရှားနိုင်ငံ အလယ်ပိုင်း Zagreb မြို့၌ အဆိုပါ Tu-141 Strizh ဒရုန်းများထဲမှ တစ်စီးပျက်ကျခဲ့သော်လည်း ခရိုအေးရှားနိုင်ငံအစိုးရက ယူကရိန်းကို အပြစ်တင်ကန့်ကွက်ခဲ့ခြင်း မရှိပေ။

အမှတ်(၃၈၃) အဝေးထိန်းလေယာဉ်တပ်ရင်းကြီးသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ရုရှားနိုင်ငံ Ryazan ဒေသရှိ လေယာဉ်ကွင်းကို တိုက်ခိုက်ရာတွင်လည်း ပါဝင်ခဲ့ပြီး ထိုဖြစ်စဉ်တွင် ရုရှားတပ်မတော်မှ သုံးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရုရှားနိုင်ငံ စုံစမ်းစစ်ဆေးရေးမှူး Kommersant က ၂၀၂၃ ခုနှစ်အတွင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ထို့ပြင် အလားတူရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့သည်မှာ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင်ဖြစ်ပွားခဲ့ပြီး ရုရှားနိုင်ငံ Kaluga ဒေသရှိ လေယာဉ်ကွင်းကို UJ-22 Airborne ဒရုန်းဖြင့် အောင်မြင်မှုမရှိသော တိုက်ခိုက်မှုကိုလည်း လုပ်ဆောင်ခဲ့သည်ဟု သိရသည်။ ယူကရိန်းနိုင်ငံ အမှတ်(၃၈၃) အဝေးထိန်းလေယာဉ် တပ်ရင်းကြီး၏ တပ်မှူးဖြစ်သူ ဗိုလ်မှူးကြီးဆာဂေးဘာဒင်ယွတ်ကို ရုရှားနိုင်ငံတရားရုံးက ဖမ်းဝရမ်းထုတ်ထားပြီး အလိုရှိနေသည့်စာရင်းတွင် ပါဝင်နေသကဲ့သို့ ရုရှားဟက်ကာအဖွဲ့က ထုတ်ပြန်သောစာရင်းတွင်လည်း ပါဝင်နေကြောင်း သိရသည်။

**Hackers expose Ukrainian 'drone pilots' ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံက ကင်းထောက်နှင့်တိကျတိုက်ခိုက်မှုများအတွက် Orbiter ဒရုန်းဟားရှင်းအသစ်ကို ထုတ်ဖော်ပြသ



အစ္စရေးနိုင်ငံ၏ Aeronautics Group ကုမ္ပဏီသည် Orbiter ဒရုန်းစနစ် (UAS)၏ကင်းထောက်နှင့် တိကျသော တိုက်ခိုက်မှုစွမ်းရည်များ ပေါင်းစပ်ထားသည့် ဗားရှင်းအမျိုးအစားသစ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Orbiter LM ဒရုန်းသည် တစ်လမ်းမောင်းတိုက်ခိုက်ရေးဒရုန်းဖြစ်ပြီး အနီးနားပတ်ဝန်းကျင်၌ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်ခြင်းများကို အခြားဒရုန်းများနှင့်အတူ လုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။

အဆိုပါပေါင်းစပ်မှုသည် တိုက်ပွဲဝင်ရည်မှန်းချက်တာဝန်များကို ပြည့်ဝစေမည်ဖြစ်ပြီး ဒရုန်း၏ ပျက်စီးဆုံးရှုံးမှု အခြေအနေကို အကဲဖြတ်ဆန်းစစ်ခြင်းများလည်း လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Aeronautics Group ၏ အဆိုအရ Orbiter LM ဒရုန်းသည် လက်ရှိ Orbiter ဒရုန်းများ၏ မျိုးဆက်သစ်ဖြစ်ပြီး မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးထိခိုက်မှု အနည်းဆုံးဖြင့် တိကျစွာ တိုက်စွမ်းရည်ကို ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

၎င်းတွင် ပစ်မှတ်ကိုမှတ်သားမှုတွင် အထောက်အကူပြုရန် ကုဒ်ဝှက်ထားသော ဆက်သွယ်ရေးစနစ်နှင့် ဉာဏ်ရည်တု(AI) နည်းပညာတို့ပါရှိသည်။ ၎င်းသည် ဒရုန်းစနစ် (UAS)တစ်ခု၏ ISR စွမ်းရည်များနှင့် Loitering Munition အသေခံတိုက်ခိုက်ရေးဒရုန်းတစ်စင်း၏ အဖျက်စွမ်းအားတို့နှင့် ပေါင်းစည်းထားခြင်းဖြစ်သည်။ လေထဲတွင် နှစ်နာရီကြာပျံဝဲနေနိုင်ပြီး အသံ၊ အလင်း၊ ရေဒါဖမ်းယူ ထောက်လှမ်းခံရနိုင်မှု စသည့်ဝိသေသလက္ခဏာများနိမ့်ပါးခြင်းကြောင့် ရန်သူတန်ပြန်ထောက်လှမ်းခံရနိုင်မှုနည်းပါးမည်ဖြစ်သည်ဟု ကုမ္ပဏီမှ တာဝန်ရှိသူ Eyal Assenhaym က ပြောကြားခဲ့သည်။

Orbiter LM ဒရုန်းသည် အင်တာနာများ၊ ဆက်သွယ်ရေးစင်တာများနှင့်အမိန့်ဌာနများကဲ့သို့သော အထိအခိုက်မခံသော အချိန်တိကျမှုလိုအပ်သည့် ပစ်မှတ်များကို ဖယ်ရှားရှင်းလင်းနိုင်သည်ဟုထုတ်ပြန်ထားသည်။ ၎င်းသည် Orbiter ISR ဒရုန်းများကဲ့သို့ပင် အုပ်စုလိုက်အတူတကွ တိုက်ပွဲဝင်ဖြန့်ကြက်လုပ်ဆောင်နိုင်သည့်အတွက် အုပ်ချုပ်ထောက်ပံ့မှုများ တသီးတသန့်မလိုအပ်တော့ကြောင်း Assenhaym က ပြောကြားခဲ့သည်။ ကင်းထောက် (ISR) နှင့် ဖောက်ခွဲဖျက်ဆီးရေး (LM) ဒရုန်းများတွင် ဆက်သွယ်ရေး၊ မြေပြင်ထိန်းချုပ်မှုနှင့် လူသား-စက် ကြားခံချိတ်ဆက်မှုစနစ်များ (Human-Machine Interface) တူညီကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

"ဒါဟာ အာရုံခံကိရိယာကနေ ပစ်ခတ်သူ လုပ်ငန်းတစ်ပတ်လည်ပြည့်ဖို့ အတိုဆုံးနဲ့အထိရောက်ဆုံး နည်းလမ်းဖြစ်ပြီး ISR ကင်းထောက်ဒရုန်းက LM တိုက်ခိုက်ရေးဒရုန်းရဲ့နောက်ကို ထက်ကြပ်မကွာ လိုက်ပါပျံသန်းနေတာကြောင့် ပျက်စီးမှုအခြေအနေကိုလဲ အကဲဖြတ်ဆန်းစစ်လို့ရပါမယ်။ ဒါ့ပြင် နောက်ထပ်လိုအပ်လို့ရှိရင် တိုက်ခိုက်ရေးဒရုန်းထပ်လွှတ်လို့ရပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ဖောက်သည်နိုင်ငံအများအပြားသည် Orbiter LM ဒရုန်းကိုဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း Assenhaym က ပြောကြားခဲ့သော်လည်း မည်သည့်နိုင်ငံများမှဖြစ်သည်ကိုမူ ထုတ်ဖော်ပြောဆိုသွားခြင်းမျိုးတော့မရှိပေ။

**Israel Unveils New Orbiter Drone Variant for Combined ISR, Precision Strikes ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးသွားမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ငပုတော ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီတွင် မိုးစပါး ၄၇၀၇၆ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီတွင် စပါး ၄၇၀၇၆ ဧကကို ဇူလိုင်လတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မိုးစပါး ၄၇၀၇၆ ဧက အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန် စပါးစိုက်ပျိုးရေး နည်းပညာများနှင့် စပါးများတွင် ကျရောက်ဖျက်ဆီးလေ့ရှိသည့် ရွှေချကာကွယ်ရေး နည်းပညာများကို ကွင်းဆင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အနေနဲ့ အခုနှစ် မိုးစပါးကို ၄၇၀၇၆ ဧကထိ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒေသခံတောင်သူတွေ စပါးကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့နဲ့ စပါးတွေပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ နွေစပါးနဲ့မိုးစပါး စိုက်ပျိုးရာမှာလဲ မိုးစပါးကိုသာ အဓိက စိုက်ပျိုးကြပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးစပါးများစိုက်ပျိုးရာတွင် လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန စသည့်ဌာနများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ မိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးရေးသွင်းအားစုဓာတ်မြေဩဇာများကို တောင်သူများအခက်အခဲမရှိ အသုံးပြုစိုက်ပျိုးနိုင်ရန် ပုလဲဓာတ်မြေဩဇာများ သင့်တင့်သည့်နှုန်းထားဖြင့် အရစ်ကျစနစ်နှင့်ရောင်းချပေးလျက်ရှိကြောင်း ငပုတောမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ **ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ ဝါသီးနံ ၁၃၂၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ ဝါသီးနံ ၁၃၂၄ ဧကထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဝါသီးနံ ၂၃၁၅၇ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၃၂၄ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဝါသီးနံဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဝါသီးနံတွေ စိုက်ပျိုးထုတ်လုပ်ရာမှာ သီးနံမျိုးကောင်း မျိုးသန့်တွေ တောင်သူတွေလွယ်ကူစွာ စိုက်ပျိုးရာသီအမီ စိုက်ပျိုးသွားနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။



ယခုနှစ် မြင်းမူမြို့နယ်တွင် ဝါသီးနံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနံဖြစ်ထွန်းအောင်မြင်စေရန် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရန် စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ပြီး ဝါစိုက်တောင်သူလိုအပ်သည့် နည်းပညာများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဝါသီးနံစိုက်ပျိုးမှုအနေဖြင့် ဝါတစ်ဧကလျှင် ကုန်ကျစရိတ်ငွေကျပ် ၃၅၀၀၀၀ ရှိပြီး ဝါတစ်ဧကလျှင် ပိဿာ ၁၀၀၀ ထွက်ရှိကြောင်း၊ ဝါသီးနံကို စစ်ကိုင်းတိုင်းဒေသကြီးရှိ စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်း မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း စစ်ကိုင်းခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။ (၂၀၆)

# သရက်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်း

**သရက် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဆင်းပွဲကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက သင်တန်းသားများအနေဖြင့် သင်တန်းမှသင်ခန်းစာများကို လက်တွေ့အသုံးချပြီး တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိနိုင်သည်ထိ ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးအောင်သူရမင်းက သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသည့် သင်တန်းသားများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သရက်မြို့နယ်အတွင်းရှိ ကျေးရွာရစ်ရွာမှ သင်တန်းသားဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် ဆိုင်ကယ်ပြုပြင်နည်းသင်ခန်းစာများကို ဇွန် ၅ ရက်မှ ဇွန် ၁၉ ရက်ထိ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ဆက်လှ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်



အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၁-၆-၂၀၂၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **ဇီးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၀၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၅၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၉၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့၌ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲများ ကျင်းပ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း သရုပ်ပြပစ်ခတ်ခဲ့သည့်ပြိုင်ပွဲဝင်အသင်းများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် ဇွန် ၂၁**

၂၀၂၄ ခုနှစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဥတ္တရသီရိ တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများကို ပစ္စတိုဖြင့် ပစ်ခတ်၍ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား၊ အမျိုးသမီး ပစ္စတို ထိလဲပစ်ခတ်စဉ်များ သရုပ်ပြပစ်ခတ်နေမှုများကိုကြည့်ရှုအားပေးပြီး တိုင်းမှူးက သရုပ်ပြပစ်ခတ်ခဲ့သည့် ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ဌာနချုပ် တပ်နယ်တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၅ ရက်ထိယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်သည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုက်ကြီးမြို့နယ် ဂျိုးဖြူရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပစ္စတိုဖြင့် ပူဖောင်းပစ်ဖောက်၍ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက စစ်သည်၊ ရဲမေများ၏ ပစ္စတို ထိလဲပစ်ခတ်စဉ်သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးပြီး သရုပ်ပြသသည့် စစ်သည်၊ ရဲမေများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အဆိုပါတိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇူလိုင် ၁ ရက်ထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

---

ရှေ့မှအဆက်

ဗဟိုကော်မတီ အကြံပေးပုဂ္ဂိုလ်၊ ဒုတိယ ဝန်ကြီးများ၊ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက ယနေ့အစည်းအဝေးကို ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းများ အခြားနိုင်ငံများနည်းတူ ထိထိရောက်ရောက်နှင့်ပြန်လည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဆောင်ရွက်သင့်၊ဆောင်ရွက်ထိုက်သည့်လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ် အဖြေရှာနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့(UN Tourism)၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ၁ ဒသမ ၃ ဘီလီယံဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံထိ ရရှိခဲ့သည်ဟု ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းများအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ်-၁၉ မတိုင်မီအခြေအနေထက် ကျော်လွန်သွားမည့် အလားအလာများကို မြင်တွေ့နေရပြီဖြစ်ပါကြောင်း၊ထိုသို့ရလဒ်ကောင်းများထွက်ပေါ်စေသည့် အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့် ခရီးသွားလိုအား (Travel Demand) ဆက်လက် တိုးတက်ဖြစ်ပေါ်နေမှု၊ လေကြောင်းဆက်သွယ်ရေး ပိုမိုတိုးတက်လာမှုနှင့် ဗီဇာအစရှိသည့် ဝင်ထွက်သွားလာမှုလွယ်ကူချောမွေ့စေရန်ဖြေလျှော့ပေးမှုများကြောင့်ဟု သိရှိရပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် ၂ သိန်း ၃ သောင်းကျော်နှင့်နှိုင်းယှဉ်ပါက လေးဆခွဲတိုးတက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလထိ(ပထမ ငါးလအတွင်း) ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုသည် ၅ သိန်း ၂ သောင်းခန့် ဝင်ရောက်ခဲ့သည့်အတွက် ယခင်နှစ် အလားတူ ကာလအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှု ၃ သိန်း ၁ သောင်းကျော်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါ ၆၃ ရာခိုင်နှုန်းထိ သိသိသာသာတိုးတက်လာခဲ့ပါကြောင်း၊ အဆိုပါတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားရမည်ဖြစ်ပြီး ကိုဗစ်-၁၉ မတိုင်မီ ဝင်ရောက်ခဲ့သည့် ခရီးသွားဧည့်သည် အရေအတွက်ကို ပြန်လည်ပြည့်မီရေး အဘက်ဘက်က ဆက်လက်ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးနှင့်ခရီးစဉ်ဒေသများအလိုက် ကောင်းမွန်သည့်ဝန်ဆောင်မှုများကိုအဆင့်အတန်းမြင့်မားတိုးတက်လာစေရန်အတွက် ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့များစနစ်တကျဖွဲ့စည်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲများကို ဦးစားပေးဒေသအလိုက် ကျင်းပပြုလုပ်ပေးနေသည်ဟု သိရှိရပါကြောင်း၊ အဆိုပါအလုပ်ရုံဆွေးနွေးပွဲများမှဖော်ထုတ်ရရှိချက်များအနက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များဖြင့် ညှိနှိုင်းပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် အလေးထားတိုက်တွန်းလိုပါကြောင်း၊ ကျန်တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း အလားတူအလုပ်ရုံဆွေးနွေးပွဲများကို အချိန်အခါအလိုက် အလျဉ်းသင့်သလို ဆက်လက်ကျင်းပပြီး ခရီးစဉ်ဒေသများစနစ်တကျနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လာမည့် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်ထိ နေပြည်တော်တွင် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ရည်ရွယ်ချက်ကောင်းများစွာဖြင့် ကျင်းပမည်ဖြစ်သည့်အတွက် အားလုံးအဆင့်မီမီ အင်ပြည့်အားပြည့်ပါဝင်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ထိုသို့နိုင်ငံအဆင့်ပွဲတော်ကြီးဆောင်ရွက်မည့်ကိစ္စရပ်ကို ဗဟိုကော်မတီဝင်များက သိရှိမှတ်သားပြီး လိုအပ်သည့်အစီအမံများဆောင်ရွက်သွားရေး၊ပြည်တွင်း၊ ပြည်ပ အားကစားသမားများ၊ ခရီးသွားဧည့်သည်များ ကြိုတင်သိရှိစေရန်မြှင့်တင်ကြော်ငြာရေးနှင့်လာရောက်ကြည့်ရှုအားပေးရန်ဖိတ်ခေါ်ရေးတို့ကို မျှော်မှန်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ခရီးသွားဧည့်သည်ဝင်ရောက်မှု တိုးတက်များပြားလာစေရေးအတွက် ဈေးကွက်ရှာဖွေမြှင့်တင်ရေးနည်းလမ်းကောင်းများကို ရှာဖွေဖော်ထုတ်ရာတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် ခရီးသွားမြှင့်တင်ရေးကို ထိရောက်စွာအသုံးချရန်၊ ခရီးသွားဧည့်သည်များ ငွေပေးချေမှုတွင် Online အသုံးပြုပြီး Cashless Payment စနစ်များဖြင့် ဆောင်ရွက်နိုင်ရန်၊MSMEs လုပ်ငန်းများအပါအဝင် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ဝန်ဆောင်မှုလုပ်ငန်းများတွင် Ease of Doing Business လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများ လွယ်ကူအဆင်ပြေစေရန်ကိုလည်း ကာလရှည်ရည်မှန်းချက်တစ်ခုအဖြစ် ချမှတ်ဆောင်ရွက်သွားရန်၊ ဒေသထွက် အစားအသောက်များနှင့် တိုင်းရင်းသား ရိုးရာအစားအစာများ၊ ကျန်းမာရေးနှင့်ညီညွတ်မှုရှိပြီး အဆင့်မီစွာဖြင့် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဒေသခံများနှင့်လက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ လက်ရှိတွင် အဓိကခရီးစဉ်ဒေသများကို ဝင်ထွက်သွားလာရာတွင် အချက်အချာကျသည့် ကျိုင်းတုံ၊ ပုသိမ်၊တာချီလိတ်စသည့်မြို့များရှိ လေဆိပ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် လေကြောင်းခရီးစဉ်နှင့်ပြည်ပခရီးသွားများ ဝင်ရောက်လာနိုင်ရေး၊ ခရီးသွားအေဂျင်စီများအပါအဝင် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ခရီးသည်ပိုမိုလာရောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ အဓိကခရီးသွားဈေးကွက်ဝင်နိုင်ငံများနှင့် အလားအလာရှိသည့် နိုင်ငံများမှ ခရီးသွားဧည့်သည်များပိုမိုရရှိရန် ပြည်ဝင်ဗီဇာလွယ်ကူရေး လုပ်ငန်းစဉ်များကို ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားရန်နှင့် မိမိတို့၏ဗဟိုကော်မတီအနေဖြင့် မြန်မာနိုင်ငံကိုကမ္ဘာ့ခရီးသွားဧည့်သည်များအကြားတွင် နိုင်ငံတကာခရီးစဉ်ဒေသတစ်ခုအဖြစ် အဆင့်မြှင့်တင်ရေး၊ နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးရေးခရီးသွားလုပ်ငန်းနှင့် ဒေသခံတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးစသည်တို့ကိုဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာတတ်သိပညာရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် အားလုံးညှိနှိုင်းပေါင်းစပ်ပြီး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ခရီးသွားလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက ဗဟိုကော်မတီ (၂/၂၀၂၃)ကြိမ်မြောက်အစည်းအဝေးဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ပြီးစီးမှု၊ ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ကိုးခုတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များ အစားထိုးပြင်ဆင်ဖွဲ့စည်းမှု၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ညွှန်ကြားချက်များကို ဆောင်ရွက်ရန်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့်ဒေသတွင်း မြို့၊ခရိုင်များ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားခွင့်ပြုရန်၊ ထူးခြားဖြစ်စဉ်များ အသိပေးရန်၊ ဧည့်သည်စာရင်းစီမံခန့်ခွဲမှုစနစ်(GLMS) ကို မပျက်မကွက်အသုံးပြုစေရေးကြပ်မတ်ဆောင်ရွက်ရန်နှင့် အသုံးပြုခြင်းမရှိပါက အရေးယူဆောင်ရွက်သွားရန်၊ လုပ်ငန်းလိုင်စင်ရယူခြင်းမရှိဘဲ ပြည်တွင်း၊ ပြည်ပဧည့်သည်များကို အခကြေးငွေဖြင့် တည်းခိုနေထိုင်နိုင်ရေး ဝန်ဆောင်မှုပေးနေသောလုပ်ငန်းများအား အရေးယူဆောင်ရွက်ရန်နှင့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ သွားရောက်လည်ပတ်နိုင်သည့် ကမ်းခြေခရီးစဉ်ဒေသများအဖြစ် သတ်မှတ်နိုင်ရန် အခြေအနေတို့ကို ဖတ်ကြားတင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုကော်မတီအကြံပေးပုဂ္ဂိုလ်၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များနှင့် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌက ပြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၂၁**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၈၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနိုးဆော်ထားသည်။

**(သတင်းစဉ်)**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် ဇွန် ၂၁**

၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများစာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပြိုင်ပွဲတွင် ဒေါ်သဥ္ဇာမိုး (သဥ္ဇာလှိုင်-လားရှိုး)၏ "လမိုက်ညတွေကင်းပါစေ ကြယ်လေးတွေလည်း လင်းပါစေ"ဝတ္ထုတိုက ပထမ၊ ဦးအောင်ကိုကိုဦး(ထက်ဝေအောင်-စစ်ကိုင်း)၏ "အဆိပ်ငွေ့များသူတစ်ယောက်ရဲ့ ချစ်စရာဇီဇ" ဝတ္ထုတိုက ဒုတိယနှင့် ရဲမှူးကြီးမြင့်ထွန်း(အန်ကယ်ပညာ)၏ "တစ်စင်းတည်းသောမြား"ဝတ္ထုတိုက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးပိုင်ဆု(ပိုင်ဆု-ပညာရေး)၏ "နေဝင်ပြီမို့ မှောင်ရသည်"၊ ဒေါ်ခင်မျိုးသိန်း(ချိုမြသွင်)၏ "ဂန္ထဝင်တိုက်ပွဲ"နှင့် မဇင်လဲ့ထွေး(ဇင်-ရောဝတီ)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ (သို့) တစ်နေဝင်လျှိုး တစ်မိုးချုပ်သော်လည်း" ဝတ္ထုတိုတို့ကရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဒေါ်ခင်နှင်းရည် (ခင်နှင်းရည်-ရန်ကုန်တက္ကသိုလ်)၏ "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"ဆောင်းပါးက ပထမ၊ ဦးစိန်ဝင်း(ဟသ်ာတမြို့နယ်စာရေးဆရာအသင်းဝင်)(ရင်ငြိမ်းအေး-မေတ္တာမြေ)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ" ဆောင်းပါးက ဒုတိယနှင့် ဒေါ်ဝင်းမာမြင့်(အင်ကြင်းမေ)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ" ဆောင်းပါးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဇာခြည်မြင့်(နှင်းဇာခြည်မြင့်-ရွှေကျွန်းမြေ)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"၊ ဦးအောင်ခင်(အောင်သူရိန်-ပုလဲ)၏ "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"နှင့် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"ဆောင်းပါးတို့က ရရှိကြသည်။

ကဗျာပြိုင်ပွဲတွင် ဦးရဲလွင်(မောင်ယုလွင်-သပြေ)၏ "ဉာဏ်ရည်လည်းရှုံးလူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်" ကဗျာက ပထမ၊ ဦးကုသလ(မြတ်ဘုန်းခေါင် Pku)၏ "ဉာဏ်ရည်လည်းရှုံးလူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"ကဗျာက ဒုတိယနှင့် ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"ကဗျာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် ဦးအေးဝင်း(မင်းသစ်ဝင်း-ကျောက်တံခါး)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ (သို့) အမေသို့မှာတမ်း"၊ ဒေါ်စမ်းစမ်းအေး(စမ်းစမ်း-မနောမြေ)၏ "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"နှင့် ဦးခင်မောင်မြ (ညောင်ရွှေ-ခင်မောင်မြ)၏ "မူးယစ်အန္တရာယ် ပြည့်ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းယှက် "ကဗျာတို့က ရရှိကြသည်။

တေးသီချင်းပြိုင်ပွဲတွင် ဦးမျိုးမြင့်အောင်(ဟသ်ာတမျိုးအောင်)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"တေးသီချင်းက ပထမ၊ ဦးသူရစိုး(စစ်သူ)၏ "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ" တေးသီချင်းက ဒုတိယနှင့် ကိုဇော်လင်းသိန်း(ဇော်လင်းသိန်း)၏ "မူးယစ်ဆေးဝါးအန္တရာယ် လက်တွဲတိုက်ဖျက်ကာကွယ်" တေးသီချင်းက တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ဦးသောင်းလွင်(ဈေးယျတ)၏ "ဉာဏ်ရည်လည်းရှုံးလူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်" တေးသီချင်းကရရှိသည်။

ဓာတ်ပုံပြိုင်ပွဲတွင် "မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ်ကာကွယ်စို့" ခေါင်းစဉ်ဖြင့် ဦးအောင်မင်းဦး (အောင်မင်းဦး MCDC)က ပထမ၊ "မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ်လက်တွဲစို့" ခေါင်းစဉ်ဖြင့် အေးလွင်ဦး(မင်းလွင်ဦးမောင်)က ဒုတိယနှင့် မနှင်းဝတ်မှုန်အောင် (ကေသုနှင်း)က တတိယဆုများရရှိကြပြီး အထူးဆုအဖြစ် ပိုင်စိုးထွန်း(ပိုင်ကြီး-ရမ္မာသဥ္ဇာ)က ရရှိသည်။

ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ဦးမောင်မောင်ကျော်ဝင်း(မောင်မောင်ကျော်ဝင်း)၏ "ဉာဏ်ရည်လည်းရှုံး လူညွန့်တုံးစည်းလုံးတိုက်ပစ်ထိုမူးယစ်"က ပထမ၊ မငြိမ်းအေးသူ (မငြိမ်းအေးသူ ထ-၃ ပဲခူး)၏" လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူကူညီစို့"က ဒုတိယနှင့် ဦးအောင်စည်သူ၏" လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူကူညီစို့"က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဇိုလ်ဇိုလ်ကျော်(ကျော်ကျော်-အမြင့်)၏ "မူးယစ်အဆိပ်ငွေ့ကင်းစင်မှ တိုးပွားရှင်သန်မျိုးဗီဇ"၊ နွယ်နီထွန်း (နွယ်နီလှိုင်)၏ "မူးယစ်အဆိပ်ငွေ့ကင်းစင်မှ တိုးပွားရှင်သန်မျိုးဗီဇ"နှင့် ဒေါ်ဝါဝါဝင်း(ဝါလေး)၏ "ဉာဏ်ရည်လည်းရှုံးလူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"တို့က ရရှိကြသည်။

ပန်းချီမူလတန်းအဆင့် ပြိုင်ပွဲတွင် မမေဖူးဖူးမောင် အမက(၁၁) သာကေတမြို့နယ်က ပထမ၊ မောင်လွင်သန့်ထူးအောင် ဥယျာဉ်မှူးကိုယ်ပိုင်အထက်တန်းကျောင်း မကွေးမြို့က ဒုတိယနှင့် မောင်မော်ကွန်းခန့် အမက (၇) ဖျာပုံမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရှင်းသန့်ဖြူ အထက(၁) မိုးညှင်းမြို့၊ မဆုယွန်းနွယ်မူလွန်(အောင်မင်္ဂလာ-၂) သံဖြူဇရပ်မြို့နယ်နှင့် မကေရီဇော် အမက(ငွေးပင်) ကျောက်တန်းမြို့နယ်တို့က ရရှိကြသည်။

ပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မမိရွှေရည်ဖူးပွင့် အထက(၉) မော်လမြိုင်မြို့က ပထမ၊ မဇင်ပြည့်ဖြိုးသူ အထက(၃) ဗဟန်းမြို့နယ်က ဒုတိယနှင့် မသက်ဝေဝေကို အထက(၁) မိုးကောင်းမြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်လင်းထက်စွမ်း ကိုယ်ပိုင်ကျောင်း(ကစွန်းအင်း) မြိတ်မြို့၊ မရှင်းသန့်လင်း အထက(မြို့မ) ကျောက်တန်းမြို့နယ်နှင့် မောင်တိုးဝေလင်း မူလွန်(အေးမြသာယာ) ဖားကန့်မြို့တို့က ရရှိကြသည်။

ပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်လျှမ်းပြည့်အောင် ကောင်းစုစံပညာ့ရိပ်မွန် ရွှေပြည်သာမြို့နယ်က ပထမ၊ မောင်ရဲမွန်အောင် အထက(၁) မိုးညှင်းမြို့က ဒုတိယနှင့် မောင်ကျော်စိုးမိုးသန့် အထက(၉) မော်လမြိုင်မြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မနန်းဟွမ်ခွန်း အထက(ဆန်ဆိုင်း) တာချီလိတ်မြို့၊ မမေရီယား အထက(၉) မြစ်ကြီးနားမြို့နှင့် မယမင်းအောင် အထက(၁) စစ်ကိုင်းမြို့တို့က ရရှိကြသည်။

ကာတွန်းမူလတန်းအဆင့်ပြိုင်ပွဲတွင် မမေဖူးဖူးမောင် အမက(၁၁) သာကေတမြို့နယ်က ပထမ၊ မနှင်းထက်ထက်နိုင် မူလွန်(ရွှေကုန်း) ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မကေရီဇော် အမက(ငွေးပင်) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအိခြွေမျိုးဟန် အထက(၂) ကျောက်တန်းမြို့နယ်၊ မပန်းသခင်ဝင်းကျော် TTEC (A-1) ကျောက်တန်းမြို့နယ်နှင့် မောင်လမင်းကို အထကခွဲ (နန်းတော်ကုန်း) မင်းဘူးမြို့တို့က ရရှိကြသည်။

ကာတွန်းအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မနှင်းဧကရီလင်း အလက(၃) ဒဂုံမြို့သစ်မြောက်ပိုင်းက ပထမ၊ မောင်ပြည့်စုံမြတ်သူ အထက(၁) ဒဂုံမြို့နယ်က ဒုတိယနှင့် မောင်ရဲရင့်မြတ်သူ အမက(အောင်သုခ) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မခေတ်ဇန်နဝါရီခင် အထကခွဲ(၄) မော်လမြိုင်မြို့၊ မနန်းမွေအွန်ခန်း အထက(၇) ကျိုင်းတုံမြို့နှင့် မမိုးပြည့်မုံ အထက(၁) ကော့သောင်းမြို့တို့က ရရှိကြသည်။

ကာတွန်းအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဝေဖြိုးကျော် အထက(၁) ကျောက်တန်းမြို့နယ်က ပထမ၊ မအေးချမ်းမြင့်မိုရ် အထက(၁) ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မောင်အောင်ကောင်းသျှန် အထက(၁၁) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ကောင်းဆက်လင်း အထက(၂) မင်္ဂလာဒုံမြို့နယ်၊ မောင်ကျော်မျိုး အနုပညာအထက်တန်းကျောင်း မန္တလေးမြို့နှင့် မအေးသိမ့်သိမ့်သူ အထက(၉) မော်လမြိုင်မြို့တို့ကရရှိကြသည်။

ပိုစတာမူလတန်းအဆင့်ပြိုင်ပွဲတွင် မသွန်းနဒီဦး အထက(၂) ကျောက်တန်းမြို့နယ်က ပထမ၊ မပိုးပန်းချီ အမက(စံချိန်မီ) ကျောက်တန်းမြို့နယ်က ဒုတိယနှင့် မသုမွန်ဇေယျာ ကိုယ်ပိုင်ကျောင်း(ကစွန်းအင်း) မြိတ်မြို့က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဖြိုးဇာနည် အောင်ဇမ္ဗူကိုယ်ပိုင်အထက်တန်းကျောင်း မိုးညှင်းမြို့၊ မောင်ဝင်းဖြိုးအောင် အထက(ခွဲ) လ(၁) မကွေးမြို့နှင့် မနော်နေစိုးဝါးယူရီ ကိုယ်ပိုင်ကျောင်း ဘားအံမြို့တို့က ရရှိကြသည်။

ပိုစတာအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မောင်သက္ကရာဇ် Dimond Hill Acadamy တောင်ကြီးမြို့က ပထမ၊ မပန်းဆုပြည့်သျှန် DHS (ကိုယ်ပိုင်ကျောင်း) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်က ဒုတိယနှင့် မောင်ဘုန်းစစ်သျှန် အမက(စံချိန်မီ) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအေးချမ်းမြင့်မိုရ် အထက(၂) ကျောက်တန်းမြို့နယ်၊ မောင်ပြည့်စုံမြတ်သူ အထက(၁) ဗဟန်းမြို့နယ်နှင့် မချမ်းမြေ့လွင် အထက(၁) ဟုမ္မလင်းမြို့တို့က ရရှိကြသည်။

ပိုစတာအထက်တန်းအဆင့်ပြိုင်ပွဲတွင် မခိုင်ညိမ်းလွင် အထက(မြို့မ) တိုက်ကြီးမြို့နယ်က ပထမ၊ မောင်စွမ်းရည်ထက် အောင်မြင်ကိုယ်ပိုင်ကျောင်း မော်လမြိုင်မြို့က ဒုတိယနှင့် မောင်ပြည့်စွမ်းဇော် အထက(၁၁) ကျောက်တန်းမြို့နယ်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မရွှန်းလဲ့မွန်အောင် လမ်းပြကြယ် ကိုယ်ပိုင်ကျောင်း မကွေးမြို့၊ မအေးချမ်းမျိုးမြတ် အထက(၁) ကျောက်တန်းမြို့နယ်နှင့် မနှင်းရွှေရည်ဝင့် T James ကိုယ်ပိုင်ကျောင်း တောင်ငူမြို့တို့က ရရှိကြသည်။

ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်ပြိုင်ပွဲတွင် မမွန်မြတ်မြင့် အထက(၁၆) မန္တလေးတိုင်းဒေသကြီးက ပထမ၊ မစမ်းစိမ့်နဒီစံ ABC ကိုယ်ပိုင်ကျောင်း မကွေးတိုင်းက ဒုတိယနှင့် မောင်ဇွဲသုတ အထက(ကွမ်းခြံကြီး) ရောဝတီတိုင်းဒေသကြီးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဆုဟေမာန်နွေ အထက(ကွမ်းခြံကြီး) ရောဝတီတိုင်းဒေသကြီး၊ မနှင်းဦးလင်းလက် အလက(လေ့ကျင့်ရေး) မကွေးတိုင်းဒေသကြီးနှင့် မလင်းလက်ပိုးဖြူ S-A-M Private School မွန်ပြည်နယ်တို့က ရရှိကြသည်။

ကွန်ပျူတာပန်းချီအထက်တန်းအဆင့်ပြိုင်ပွဲတွင် မောင်ဇော်နင်တောန်မျိုးလဒ် အထက(၁၀) ကချင်ပြည်နယ်က ပထမ၊ မအိအိမွန် အထက(၁) စစ်ကိုင်းတိုင်းဒေသကြီးက ဒုတိယနှင့် မောင်မင်းဟန်ကို အထက(၁) ရောဝတီတိုင်းဒေသကြီးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်အောင်ကမ္ဘာကျော် အထက(အိုးဘိုကုန်း) ပဲခူးတိုင်းဒေသကြီး၊ မောင်သီဟထွန်း အထက(ခတ်ချို) ကချင်ပြည်နယ်နှင့် မောင်ဟန်ဘုန်းထက် အထက(၁) မန္တလေးတိုင်းဒေသကြီးတို့က ရရှိကြသည်။

ဆောင်ပုဒ်ပြိုင်ပွဲတွင် ကိုကောင်းဇံဟိန်း နေပြည်တော်က "မူးယစ်ရန်စွယ်အသွယ်သွယ် အန္တရာယ်ဟူသမျှရှောင်ရှားကြ"၊ ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဦး(ဒေါက်တာအောင်ကျော်ဦး) နေပြည်တော်က "မူးယစ်ဆေးဝါးကာကွယ်ရေး အသိပညာမြှင့်တင်ပေး"၊ ကိုသော်ဇင်နောင် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးက" မူးယစ်ကင်းကွာပပျောက်ဖို့ လူကြီးလူငယ်လက်တွဲစို့"၊ ဦးဝင်းတင် ဥတ္တရသီရိမြို့နယ် နေပြည်တော်က " မူးယစ်အဆိပ်ငွေ့ကင်းစင်မှ တိုးပွားရှင်သန်မျိုးဗီဇ"၊ ဦးကျော်အောင် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီးက "ဉာဏ်ရည်လည်းရှုံးလူညွန့်တုံး စည်းလုံးတိုက်ပစ် ထိုမူးယစ်"နှင့် ဒေါ်ဝါဝါဝင်း(ဝါလေး) နတ်တလင်းမြို့ ပဲခူးတိုင်းဒေသကြီးက "လူ့ဘောင်သာယာလှပဖို့ နွေးထွေးပွေ့ဖက်ဖေးမလို့ မူးယစ်စွဲသူကူညီစို့"ဆောင်ပုဒ်တို့က ရရှိကြသည်။

ဗဟိုအဆင့်ပြိုင်ပွဲ ဆုရရှိသူများနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ဆုရရှိသူများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များတွင် ကျင်းပသည့် အခမ်းအနားများတွင် ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဒေါက်တာဝင်းဝင်းသန်း<br>ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာနေသွယ်ကြည်<br>ပါမောက္ခချုပ်<br>ဖန်းမော်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလင်း ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇွန် ၂၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းတို့၌ တက်ရောက် ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ကမ္ဘကျေးရွာအနီးဖြစ်ပွားခဲ့သည့် ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူခဲ့ရသည့် ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ပြောကြားချက်

ဒီနေ့မှာတော့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ကမ္ဘကျေးရွာအနီးမှာ ဖြစ်ပွားခဲ့တဲ့ ပဲခူးမြို့၊ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူရခြင်းအကြောင်းနဲ့ပတ်သက်ပြီး ဆရာတော်၊ သံဃာတော်များနဲ့ တပည့်ဒါယကာ၊ ဒါယိကာမများကို အဖြစ်မှန်သိရှိစေရေး ရှိသေစွာလျှောက်ထားတင်ပြသွားမှာဖြစ်ပါတယ်ဘုရား။



ပထမဦးစွာ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇဘွဲ့၊ ဘွဲ့ ၃ ဘွဲ့ ဆက်ကပ်ပူဇော်ခံခဲ့ရတဲ့ နိုင်ငံတော်သံဃနာယကအဖွဲ့ဝင်ဟောင်း ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ခဲ့တဲ့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို တပည့်တော်တို့က ရှိသေလေးစားစွာ ရှိခိုးပူဇော်အပ်ပါတယ်ဘုရား။ အလားတူပဲ ဒဏ်ရာရရှိခဲ့တဲ့ ကန်သုံးဆင့် ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏာကာဘိဝံသ ဆရာတော်ကြီးအားလည်း ရှိသေစွာရှိခိုးပူဇော်အပ်ပါတယ်ဘုရား။

သံဃာတော်အရှင်မြတ်များနဲ့ ဒါယကာ၊ ဒါယိကာမများဘုရား. . .

ဒီဖြစ်စဉ်ဟာ ယခုဇွန်လ ၁၉ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်မှာ ဖြစ်ပွားခဲ့တာဖြစ်ပါတယ်။ ဖြစ်စဉ်မဖြစ်ပွားမီ အဲဒီဒေသရဲ့အခြေအနေများကိုလည်း သိရှိရန်လိုအပ်ပါတယ်။ ငါန်းဇွန်၊ မြို့သာဒေသဟာ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီး မြောက်ခြမ်းက PDF အမည်ခံအကြမ်းဖက်အဖွဲ့များ ရွာသားအယောင်ဆောင်ဝင်ရောက်နေထိုင်ပြီး ဆက်ကြေးကောက်၊ ပြန်ပေးဆွဲ၊ မိုင်းထောင် မိုင်းခွဲ ဖောက်ခွဲတိုက်ခိုက်တာတွေ စတာတွေကို မကြာခဏလုပ်ဆောင်နေတဲ့နေရာဖြစ်ပါတယ်။ ဒီဖြစ်စဉ် မဖြစ်ပွားခင် ၁ ရက်အလို ဇွန်လ ၁၈ ရက်နေ့ ညနေ ၆ နာရီလောက်မှာ PDF အမည်ခံ အကြမ်းဖက်သမား ၅ ဦးဟာ ဆိုင်ကယ် ၃ စီးနဲ့ မြို့သာကျေးရွာလမ်းအတိုင်း အရပ်ဝတ်များနဲ့ မောင်းနှင်လာပြီး မြို့သာနယ်မြေရဲစခန်းကို ပစ်ခတ်ခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင် ၁ ဦးနဲ့ ရဲစခန်းအနီးမှာနေထိုင်တဲ့ အပြစ်မဲ့သာမန်အရပ်သားရွာသား ၁ ယောက် ကျဆုံး/သေဆုံးခဲ့ရပါတယ်။ ယခုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ဇွန်လ ၁၉ ရက်နေ့ နံနက် ၆ နာရီခွဲ အချိန်လောက်မှာ ဆီမီးခုံနဲ့မန္တလေးပြေးဆွဲနေတဲ့ "ပြည့်စုံအောင်"ယာဉ်လိုင်းက မော်တော်ယာဉ်တစ်စီးကို အကြမ်းဖက်အဖွဲ့ PDFက ယခုဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကမ္ဘကျေးရွာအနီး ကမ္ဘရွာရဲ့ အနောက်မြောက်ဘက်က ဖောင်းကတော၊ သားကျင်ဘက်ကို ခေါ်ဆောင်သွားတယ်ဆိုပြီး ဒေသခံတွေက သတင်းပေးတိုင်ကြားလာခဲ့ပါတယ်။ ဒါကြောင့် ငါန်းဇွန်မြို့မှာရှိနေတဲ့ လုံခြုံရေးအဖွဲ့များဟာ အဖွဲ့နှစ်ဖွဲ့ခွဲပြီး အရှေ့ဘက်လမ်းကြောင်း၊ အနောက်ဘက်လမ်းကြောင်း နှစ်ကြောင်းနဲ့ ဖောင်းကတော၊ သားကျင်နေရာကို လုံခြုံရေးဆောင်ရွက်ဖို့ ချီတက်ခဲ့ပါတယ်။ အနောက်ဘက်လမ်းကြောင်းက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့တဲ့အဖွဲ့ကို မနက် ၁၀ နာရီကျော်ကျော်လောက်မှာ ဖောင်းကတောရွာနားအရောက် PDF အကြမ်းဖက်အဖွဲ့ ၂၀ လောက်က မိုင်းဆွဲတိုက်ခိုက်ခဲ့လို့ အပြန်အလှန်ပစ်ခတ်ထိတွေ့တိုက်ခိုက်မှုဖြစ်ပွားခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့တွေ တောင်ဘက်ဖြစ်စဉ်ဖြစ်ပွားခဲ့တဲ့ ကမ္ဘရွာဘက်ကို ထွက်ပြေးသွားတာကိုလည်း တွေ့ရှိရပါတယ်။ တပ်က ကျဆုံး၊ ဒဏ်ရာရသူရှိခဲ့သလို အကြမ်းဖက်အဖွဲ့ဘက်ကလည်း ထိခိုက်ဒဏ်ရာရမှုရှိတယ်ဆိုတာ သိရှိခဲ့ရပါတယ်။ အဲဒါနဲ့မရှေးမနှောင်းမှာပဲ အရှေ့ဘက်လမ်းကြောင်းကနေ ချီတက်နေတဲ့ လုံခြုံရေးအဖွဲ့ရောက်ရှိနေတဲ့ ကမ္ဘရွာအနီးက ပစ်ခတ်သံတွေကြားခဲ့ရပါတယ်။ အဲဒီအရှေ့ဘက် လမ်းကြောင်းကနေ ချီတက်နေတဲ့လုံခြုံရေးအဖွဲ့ကလည်း ခုနကကျွန်တော်ပြောခဲ့တဲ့ မော်တော်ယာဉ်တစ်စီး ခေါ်ဆောင်သွားတယ်ဆိုတဲ့ ဖောင်းကတော၊ သားကျင်ရွာဘက်ကနေ ထွက်ပြေးလာတဲ့ အကြမ်းဖက်အဖွဲ့တွေကို ပိတ်ဆို့နိုင်ဖို့ အလျင်အမြန်ချီတက်နေတဲ့အဖွဲ့ဖြစ်ပါတယ်။ အဲ့ဒီလုံခြုံရေးအဖွဲ့တွေဟာ ကမ္ဘရွာရဲ့ထိပ် ဘုရားအနီးလမ်းပေါ်မှာ ကမ္ဘရွာဘက်က မောင်းနှင်လာတဲ့ အရပ်နံပါတ်လိုင်စင်တပ် Surf အမျိုးအစားယာဉ်တစ်စီးနဲ့ တွေ့ဆုံခဲ့ပါတယ်။ ယာဉ်ကိုရပ်တန့်ဖို့ လုံခြုံရေးတားပေါ်ကနေ အော်ဟစ်တားဆီးတာ၊ လက်ပြတားဆီးတာလုပ်ခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ နောက်ဆုံး သေနတ်ကိုမိုးပေါ်ထောင်ပစ်ခတ်တားဆီးခဲ့တယ်ဆိုတာလည်း သိရှိခဲ့ရပါတယ်။ အရပ်ကား Surf ကားက ကျော်တက်မောင်းနှင်သွားတဲ့အခါမှာ နောက်ကနေလည်း ပစ်ခတ်တားဆီးခဲ့တယ်ဆိုတာကို အကြမ်းဖျင်းသိရှိရပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး အသေးစိတ်ထပ်မံစိစစ်ဆန်းစစ်သွားမှာဖြစ်ပါတယ်။

သံဃာတော်အရှင်သူမြတ်များနှင့် ဒါယကာ၊ ဒါယိကာမများဘုရား. . .

အဲဒီဒေသမှာ လုံခြုံရေးဆောင်ရွက်နေရတဲ့ စစ်သည်များရဲ့ တာဝန်ထမ်းဆောင်ရမှုဟာ အခက်အခဲများစွာရှိပါတယ်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေအနေနဲ့ အရပ်ဝတ်နဲ့ပဲ အရပ်သားအယောင်ဆောင်ပြီး အပြစ်မဲ့ပြည်သူတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို နည်းမျိုးစုံနဲ့ နှောင့်ယှက်တိုက်ခိုက်နေတာဖြစ်ပါတယ်။ ရန်သူ၊ မိမိ၊ သာမန်ပြည်သူလူထုကို ရှုတ်တရက်ခွဲခြားနိုင်ဖို့ ခက်ခဲတဲ့အခြေအနေဖြစ်ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ဒီလိုအခြေအနေမျိုးမှာ မြို့ရွာတွေကို ကာကွယ်နိုင်ဖို့၊ သာမန်အရပ်သားပြည်သူတွေကို ကာကွယ်နိုင်ဖို့ ကြိုးစားတာဝန်ထမ်းဆောင်နေကြရပါတယ်။

တပ်မတော်အနေနဲ့ ဒီမြန်မာနိုင်ငံမှာ ယဉ်ကျေးမှု၊ ဘာသာ၊ သာသနာစည်ပင်ထွန်းကားပြန့်ပွားစေဖို့၊ ခိုင်မာစေဖို့ ရှေးယခင်ကတည်းက ယနေ့အထိ တက်ကြွနိုးကြားစွာဆောင်ရွက်ခဲ့တာကို ဗုဒ္ဓဘာသာနဲ့သက်ဆိုင်တဲ့ ဘာသာဝင်တွေအားလုံး သိရှိပြီးဖြစ်ပါတယ်။ ဒီဖြစ်စဉ် တစ်ခုလောက်ကို အခွင့်ကောင်းယူပြီး ပြည်ဖျက်မီဒီယာတွေ၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက ပျက်စီးရာပျက်စီးကြောင်း အချိန်ကိုက်လှုံ့ဆော်နေတာကိုလည်း တွေ့ရပါတယ်။ ဒီနေ့အထိ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ သတ်ဖြတ်တိုက်ခိုက်မှုတွေကြောင့် ရဟန်းသံဃာ ၁၄၀ ပါး၊ သီလရှင် ၂ ပါး၊ ပျံလွန်တော်မူခဲ့ရပြီး ၉၆ ပါး ဒဏ်ရာရရှိခဲ့ပါတယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီးတော့ ဘာတစ်ခွန်းမှမပြောဘဲ ရေငုံနှုတ်ပိတ်နေနေကြတာတွေ့ရမှာ ဖြစ်ပါတယ်။ ဒါတွေကိုသတိရှိဖို့လိုအပ်ကြောင်း မေတ္တာရပ်ခံလိုပါတယ်။

သံဃာတော်အရှင်မြတ်များနှင့် ဒါယကာ၊ ဒါယိကာမများဘုရား. . .

ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး တပည့်တော်တို့လည်း ပရိယတ္တိသာသနာမှာ တန်ဖိုးရှိထင်ရှားကျော်ကြားလှတဲ့ သံဃာတော်အရှင်သူမြတ်တစ်ပါးဆုံးရှုံးခဲ့ရလို့ များစွာဝမ်းနည်းကြေကွဲရပါတယ်ဘုရား။ အဆင့်မြင့်အရာရှိကြီးများပါဝင်သည့် စုံစမ်းစစ်ဆေး အဖြစ်မှန်ဖော်ထုတ်ရေးအဖွဲ့ဖွဲ့စည်းပြီး ဖော်ထုတ်သွားပါမယ်ဘုရား။ စုံစမ်းဖော်ထုတ်တွေ့ရှိချက်များအရ လိုအပ်သည့်အရေးယူဆောင်ရွက်မှုများကိုလည်းဆောင်ရွက်သွားပါမည်။

ဆရာ၊ ဒကာ လက်တွဲညီ သာသနာ့အကျိုး ဆက်လက်ဆောင်ရွက်ပါမည်ဘုရား။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတုပါဘုရား။



၂၀၂၄ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ ငါန်းဇွန် - မြို့သာ ဒေသဖြစ်စဉ်ပြပုံ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၂၀ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Thein Lwin"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ မင်းထက်ပိုင်အား မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊"Ko Thant" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နေ အေးသန့်(ခ)ကိုသန့်နှင့်"Khin Myo Aye" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ စော်ဘွားကြီးကုန်းရပ်ကွက်နေ ခင်မျိုးအေးတို့ကို မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ "Zaw Moe Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျောက်တန်းမြို့နယ် အမှတ် (၁)ရပ်ကွက်နေ ဇော်မိုးလွင်အား ညနေ ၅ နာရီတွင်လည်းကောင်း၊ "Zar Zar Sann" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမှတ်(၄၇)ရပ်ကွက်နေ ဇာဇာစန်းအား ညနေ ၅ နာရီ မိနစ်၂၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

# ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ပျံလွန်တော်မူခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး စိစစ်ဖော်ထုတ်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မြို့သာမြို့နှင့် ကမ္မရွာအကြားတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသနှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသတို့ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် ပစ်ခတ်ခံခဲ့ရပြီး ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ပျံလွန်တော်မူခဲ့ရကာ ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့်ယာဉ်မောင်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ဇွန် ၁၉ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဇွန် ၂၀ ရက်ညနေပိုင်း၌ လူမှုကွန်ရက်စာမျက်နှာများတွင် ဖြစ်စဉ်တွင်ပါဝင်ခဲ့သော ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ၏ ဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းမိန့်ကြားမှု ဗီဒီယိုဖိုင်တစ်ခုပျံ့နှံ့လျက်ရှိကြောင်း တွေ့ရှိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးသတင်းထုတ်ပြန်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့အဆင့်ဆင့်မှ သတင်းပို့တင်ပြလာသည့် အချက်အလက်များကို အခြေခံ၍ သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ဆရာတော်ကြီး၏ မိန့်ကြားမှုသည် သတင်းထုတ်ပြန်ခဲ့မှုနှင့် ကွဲလွဲမှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ၎င်းဖြစ်စဉ်နှင့်ပတ်သက်ပြီး မြေပြင်ဖြစ်စဉ်အမှန် ပေါ်ပေါက်စေရေး လိုအပ်သည့် စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်မှန်ကို သိရှိရပါက လိုအပ်သည့် အရေးယူမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ပြန်)

# တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးကို လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိ





တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးကို သိမ်းဆည်းရမိ လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဇွန် ၁၉ ရက်က မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးကို လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၉ ရက် ညနေ ၃ နာရီ မိနစ်၂၀ တွင် တာချီလိတ်မြို့နယ် ဝမ်ကျောက်လုံကျေးရွာရှိ ဒေါ်အီလာခမ်း (ဘ)ဦးအိုက်ဟုန် ပိုင်ဆိုင်သည့် မြေအမှတ် (ဝကလ-၀၆၄)ရှိ ငါးကန်ဟောင်းနေရာ၌ တရုတ်နိုင်ငံသားများ တရားမဝင် ရောက်ရှိနေထိုင်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်စစ်ဆေးရာ အဆိုပါနေရာ၌ တရားမဝင်ရောက်ရှိနေထိုင်လျက်ရှိသည့် တရုတ်နိုင်ငံသား အန်းဟွေးပြည်နယ် ရှန်ရင်တုန့်ပိုင်မြို့နေ ရှောက်ဟူ ၃၄ နှစ် (ဘ)ဝမ်းလိ၊ ဖူးကျန့်ပြည်နယ် လုံးရမ်မြို့နေ လောင်ရောင်း ၄၅ နှစ် (ဘ)လောင်ဖိန်း၊ ဟူနန်ပြည်နယ် ဟိန်းရမ်မြို့နေ လောက်လျိူး ၃၄နှစ် (ဘ) လျိုးရှင်းယုံနှင့် ကွေ့ကျိုးပြည်နယ် အန်းစွင့်မြို့နေ အားဖိန်း ၂၈နှစ် (ဘ) အားကျင်းတို့ လေးဦးကို MK 12 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ၁၀ တောင့်၊ M 16 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ၁၉ တောင့်၊ CZ 512 အမျိုးအစားသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ပွိုင့် ၂၂ ကျည် ၉၁ တောင့်၊ GLOCK-19 ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည် ရှစ်တောင့်၊ Sig Sauer ပစ္စတိုသေနတ် နှစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ကျည် ၂၁ တောင့်၊ ဆက်သွယ်ရေးစကားပြောစက် ရှစ်လုံး၊ကက်တမင်း ဂရမ် ၁၅၀ ခန့်၊ မူးယစ်ဆေးဝါးမွှေစက် တစ်လုံးနှင့် တရားမဝင် လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန် ခြင်္သေ့တစ်ကောင်၊ ကျားတစ်ကောင်၊ ဝက်ဝံနှစ်ကောင်တို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိသည့် တရုတ်နိုင်ငံသား လေးဦးနှင့် ၎င်းတို့ကို တရားမဝင်နေထိုင်ခွင့်ပြုထားသူ မြေပိုင်ရှင် ဒေါ်အီလာခမ်း (ဘ)ဦးအိုက်ဟုန်တို့ကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ပြန်)



တရုတ်နိုင်ငံသား လေးဦးနှင့်အတူ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၈ ရက် ည ၁၀ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်တာပုံကျေးရွာ အနီးတွင် TOYOTA WISH ခရီးသည်တင် မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါ ခရီးသည် အိုက်ဆန်း(ခ)အိုက်ပေါင်း သယ်ဆောင်လာသည့် ပလတ်စတစ်ပုံးအတွင်းမှ ဒေသကာလတန်ဖိုးငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water ၉ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို မိုင်းယန်းမြို့နယ် မိုင်းပေါက်မြို့မှ တာချီလိတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းနှင့် သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ ခင်ခင်ဦး(ခ)စီစီနှင့် အိုက်ဆန်း(ခ)အိုက်ပေါင်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(ပြန်)



ပြစ်မှုကျူးလွန်သူကို သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။

# ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၂၂၃၃၉ ဧက ရိတ်သိမ်းပြီးစီး



**ကသာ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နွေစပါး ၂၂၃၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ်မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၃၃၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၆ ဒသမ ၃၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် ကသာခရိုင်မှာ စပါး ၂၂၃၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ စပါးစိုက်ခင်းတွေ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ အထွက်နှုန်းအနေနဲ့လဲ ကောင်းမွန်ကြပါတယ်။ မိုးစပါး စိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးတာ၊ ပိုးမွှားရောဂါကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိဖို့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် နွေစပါးရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၁၀၇၉ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၇၄၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၆၂ ဧကနှင့် ဗန်းမောက်မြို့နယ်တွင် ၂၅၈ ဧက စုစုပေါင်း ၂၂၃၃၉ ဧကဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် နွေစပါးစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရန်၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲရန်၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ကသာခရိုင်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မြဝတီမြို့နယ် ဇရပ်ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဇွန် ၂၁**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဇရပ်ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဇရပ်ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စာရင်းဇယားများ စနစ်တကျ ပြည့်စုံမှန်ကန်စွာဖြည့်သွင်းထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက စီမံကိန်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဇရပ်ဖြူကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၁၁ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၇ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၆၅ ဦးကို ငွေကျပ် ၂၇ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၆ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းထံမှ သိရသည်။

**ကိုသက်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၀ | ၂၆၅၅ | ၂၆၃၅ | ၂၅၉၀ | ၂၆၆၀ | ၂၆၇၀ | ၂၆၈၀ | ၂၆၄၀ | ၂၇၇၀ | ၂၈၀၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၅ | ၂၆၈၅ | ၂၆၉၅ | ၃၁၀၅ | ၃၇၀၀ |
| 95 Ron | ၂၇၁၅ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၅ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၅ | ၂၉၃၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၄၀ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၂၀ | ၂၅၀၀ | ၂၄၇၅ | ၂၄၃၀ | ၂၅၀၀ | ၂၅၁၅ | ၂၅၂၅ | ၂၄၈၀ | ၂၆၁၀ | ၂၆၄၀ | ၂၄၉၀ | ၂၅၀၅ | ၂၅၃၅ | ၂၅၂၅ | ၂၅၃၅ | ၂၉၄၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၅၀ | ၂၉၃၀ | ၂၉၀၅ | ၂၈၆၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၅၅ | ၂၉၁၀ | ၃၀၄၀ | ၃၀၇၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၅၅ | ၂၉၆၅ | ၃၃၇၅ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၅၀ | ၂၉၃၀ | ၂၉၀၅ | ၂၈၆၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၅၅ | ၂၉၁၀ | ၃၀၄၀ | ၃၀၇၀ | ၂၉၂၀ | ၂၉၃၅ | ၂၉၆၅ | ၂၉၅၅ | ၂၉၆၅ | ၃၃၇၅ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၃၇ | ၂၅၁၉ |
| 95 Ron | ၂၅၆၉ | ၂၆၅၄ |
| HSD (500 ppm) | ၂၂၈၄ | ၂၃၅၉ |
| HSD (50 ppm) | ၂၇၀၀ | ၂၇၈၄ |
| HSD (10 ppm) | ၂၇၀၀ | ၂၇၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မုဒိတာပန်းပွင့်များ

ညိမ်းညို



(၁)

သည်နေ့ အစော ကျောင်းကို စောစောရောက်သည်။ ညိုမာကတော့ ထုံးစံအတိုင်း ကျောင်းတက်ခေါင်းလောင်းထိုးခါနီးမှ ကပ်ပြီးရောက်လာသည်။ စက်ဘီးနင်းလာခဲ့ရ၍ ထင်ပါ၏။ ညိုမာ့နဖူးဆံစပ်တို့တွင် ချွေးဥကလေးများ သီးနေသည်။ သို့သော် ညိုမာသည် အစဉ်အလာမပျက် သနပ်ခါးပါးကွက်လေးနှင့် ရွှင်လန်းတက်ကြွနေသည်။

ညိုမာက ဆရာမကို စံပယ်ပန်းကုံးလေးများ ကမ်းပေးသည်။

"ကျေးဇူးတင်ပါတယ် သမီးရယ်"

ဆရာမက စံပယ်ပန်းကုံးလေးများကို ကျောက်သင်ပုန်းအပေါ်ဘက်မှ ဘုရားစင်၌ ကပ်လျှ ပူဇော်လိုက်သည်။

အစောသည် ဘာကြောင့်မှန်းမသိ။ ညိုမာ့ကိုဆိုလျှင် ကြည့်၍ မရချင်။ အစောသည် သည်မြို့မှာမွေး၊ သည်မြို့မှာပင် ကြီးပြင်းလာခဲ့ရသည့် မြို့ကြီးသူစစ်စစ်ဖြစ်၏။ အစော၏ အဖေနှင့် အမေကလည်း သည်မြို့လေးတွင် မသိသူမရှိသော စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြ၏။ ပြီးတော့ အစောက တစ်ဦးတည်းသော သမီးကလေး။ ငယ်စဉ်ကလေးဘဝကတည်းက ဘာမျှလိုလေသေးမရှိအောင် ပြည့်ပြည့်စုံစုံနေထိုင်ကြီးပြင်းခဲ့ရသူဖြစ်သည်။

သည်နှစ်ဆိုလျှင် အစောသည် နဝမတန်းကျောင်းသူကြီးပင် ဖြစ်နေပြီ။ အစောသည် လိမ္မာရေးခြားရှိပြီး ကျောင်းစာတော်သူဖြစ်၏။ အတန်းစဉ်တိုင်းတွင် အဆင့်တစ်မှ သုံးအတွင်းမှာသာ တစ်လှည့်စီရရှိနေသည်။ မိဘနှစ်ပါးကလည်း အစော၏ ပညာရေးအတွက် အစွမ်းကုန်ပံ့ပိုးပေးသည်။ အိမ်တွင် ဆရာမခေါ်၍ သင်ကြားပေးသည်။ ထွက်ရှိသမျှ ဘာသာရပ်ဆိုင်ရာ အထူးထုတ်စာအုပ်များ၊ အထောက်အကူပြုစာစောင်များဆိုလျှင် အစောကို ဦးဦးဖျားဖျား ဝယ်ပေးလေ့ရှိ၏။

ညိုမာကတော့ ကျေးတောသူကလေးဖြစ်၏။ သည်မြို့လေးနှင့် ငါးမိုင်ခန့်ဝေးသည့် ရွာမှ ဖြစ်သည်။ ကင်းတားဆည်ဘက်သို့သွားသည့် ၂၁မိုင်လမ်းမကြီးမှ ဘယ်ဘက်သို့ နှစ်မိုင်ခန့်ချိုးဝင်သွားလျှင် ညိုမာတို့ရွာလေးသို့ ရောက်သည်။ စိုက်ရေးပျိုးရေးဖြစ်ထွန်းသော မိုးကောင်းရေသာရွာကလေး ဖြစ်သည်။ ညိုမာလေးတန်းအောင်သောအခါ ရွာကျောင်းမှ မြို့ကျောင်းသို့ ပြောင်းလာရသည်။ ညိုမာသည် ထိုအချိန်မှစ၍ ယခုထိတိုင်အောင် စက်ဘီးလေးတစ်စီးနှင့် ရွာမှ ကျောင်းသို့ လွန်းထိုးလွန်းပြန် ကျောင်းတက်လာခဲ့သူဖြစ်သည်။ ညိုမာသည်လည်း အတန်းစဉ်တိုင်းတွင် အဆင့်တစ်မှ သုံးအပြင်ဘက်သို့ တစ်ကြိမ်မျှ မရောက်ဖူးသေး။

အစောသည် ညိုမာကိုကြည့်၍ အံ့လည်းအံ့သြမိသည်။ ခပ်လှမ်းလှမ်းရှိ တောရွာလေးတစ်ရွာမှ စက်ဘီးတစ်စီးနှင့် နေ့စဉ်ကျောင်းသွားကျောင်းပြန်ပြုလုပ်နေရသော ညိုမာသည် ဘယ်အချိန်မှာများ စာကြည့်ပါလိမ့်။ သူ့အိမ်မှာရော ဆရာမခေါ်သင်သေးသလား။ အောင်စာရင်းထွက်လာတော့လည်း ညိုမာသည် အစောနှင့် အဆင့်ချင်းမတိမ်းမယိမ်း။ သူက ရှေ့ရောက်လိုက် ကိုယ်က ရှေ့ရောက်လိုက်။

ညိုမာကတော့ ဘာမျှ မသိရှာ။ ရှေ့မှ ဆရာသင်ပြနေသည်ကို စိတ်ပါဝင်စားစွာ စူးစိုက်နားထောင်နေ၏။

(၂)

"သူငယ်ချင်း နေမကောင်းရင် နားနေလိုက်လေ။ ငါ လှည်းလိုက်ပါ့မယ်"

"ရပါတယ်။ နင်ပဲ အလုပ်လုပ်ပြီး နင်ပဲ ဆရာမအချစ်ခံချင်နေတာ မဟုတ်လား"

"မဟုတ်ပါဘူးဟယ်။ သူငယ်ချင်းကို ကြည့်ရတာ နေမကောင်းတဲ့ပုံစံဖြစ်နေလို့ပါ"

အစောက ခပ်စွာစွာတုံ့ပြန်လိုက်သဖြင့် ညိုမာ မျက်နှာငယ်လေးနှင့် ရှင်းပြနေသည်။ အစော နေမကောင်းချင်သလိုလိုဖြစ်နေတာကတော့ အမှန်ပင်ဖြစ်သည်။ အိမ်ကထွက်လာကတည်းက ခေါင်းထဲတွင် မူးနောက်နောက်။ စာမေးပွဲကြီးနီးလာပြီမို့ ကျောင်းမပျက်ချင်၍သာ အားတင်းပြီးလာခဲ့ရသည်။ ကျောင်းရောက်သည်ထိ လူက နွမ်းနွမ်းဖတ်ဖတ်နှင့် အားမရှိသလိုလို။

သည်နေ့ အစောနှင့် ညိုမာတို့အသင်းက သန့်ရှင်းရေးအလှည့်ကျသည်။ ညိုမာက အစောကိုယ်စား တံမြက်လှည်းပေးမည်ပြုစဉ် အစောက ခပ်တင်းတင်းပြန်ပြောလိုက်ခြင်းဖြစ်၏။ မျက်နှာလေးညှိုးသွားသော ညိုမာကိုကြည့်၍ သူပြောလိုက်တာ လွန်များသွားပြီလားဟု အစော တွေးလိုက်မိသေးသည်။

"အို ငါ မလွန်ပါဘူး။ နေရာတကာ သူပဲ ဆရာကြီးလုပ်ချင်နေတာ"

ညနေကျောင်းဆင်း၍ အိမ်ပြန်ရောက်သည်နှင့် ကိုယ်များချစ်ချစ်တောက်ပူကာ အစော အပြင်းဖျားတော့သည်။ အစော အဖေနှင့်အမေမှာ သမီးကလေးကိုကြည့်၍ မျက်စိပျက်မျက်နှာပျက်နှင့် ဒေါင်းတောက်နေရှာသည်။ ဆရာဝန်ကြီးလာပြီး ဆေးထိုးဆေးတိုက်ပြုပြီးမှပင် အစောမှာ အနည်းငယ်ပြန်လည်သက်သာလာသည်။ အစောမှာ အလွန်အားနည်းနေ၍ သုံးရက်ခန့်အနားယူရမည်ဟု ဆရာဝန်ကြီးကသေသေချာချာမှာသွားသည်။ အစောသည် နေမကောင်းဖြစ်ရသည်ထက် သုံးရက်လောက် အနားယူရမည့်အဖြစ်ကိုပို၍ စိတ်ညစ်သွား၏။ ရှေ့လာမည့်လထဲဆိုလျှင် အစောတို့ အတန်းတင်စာမေးပွဲကြီး ဖြေရတော့မည် မဟုတ်လား။

(၃)

အစောမှာ လူကသာ အိမ်မှာနားနေရသော်လည်း စိတ်က တစ်နေ့ခင်းလုံး ကျောင်းသို့ ရောက်နေရှာသည်။ ယခုအချိန်ဆိုလျှင် အရေးကြီးသောသင်ခန်းစာများကို ဆရာ၊ ဆရာမများက ပြန်လည်ဆွေးနွေးပေးတတ်မြဲ ဖြစ်သည်။ ခက်ခဲသောပုစ္ဆာများကို ကျေကျေညက်ညက် သဘောပေါက်နားလည်သည်ထိ ထပ်မံသင်ကြားပေးတတ်မြဲ ဖြစ်သည်။

"ဒီအတိုင်းဆိုရင် ညိုမာက ငါ့ကို ကျော်တက်သွားတော့မှာပဲ"

အစော စိတ်ကသိကအောက် ဖြစ်သွားသည်။ သူ့အတွေးထဲသို့ သနပ်ခါးပါးကွက်လေးနှင့် အမြဲတစေ ရွှင်လန်းတက်ကြွနေသော ညိုမာ့အကြောင်းက ရောက်လာပြန်သည်။ ပုံမှန်အတိုင်းဆိုလျှင်ပင် သူနှင့် ညိုမာက အဆင့်ချင်းမတိမ်းမယိမ်း တစ်လှည့်စီရနေကြတာ ဖြစ်သည်။ သူသာ အခုလို ကျောင်းပျက်ရက်များခဲ့လျှင် ညိုမာတစ်ယောက် သေချာပေါက် သူ့ရှေ့သို့ရောက်သွားတော့မည်။

"မဖြစ်ဘူး မဖြစ်ဘူး။ မနက်ဖြန်တော့ ဖေဖေ့ကို ရအောင်ခွင့်တောင်းပြီး ကျောင်းသွားမှ ဖြစ်တော့မယ်"

စိတ်ကဆောင်နေသော်လည်း အစောမှာ သက်သာပျောက်ကင်းသေးသည် မဟုတ်။ အတွေးနှင့်ပင် သူ့ခေါင်းသည် မူးနောက်အုံ့ခဲလာ၏။

"ကလင်. . . ကလင်. . ."

အိမ်ရှေ့မှ စက်ဘီးဘဲလ်သံ ကြားရသည်။ မရှေးမနှောင်းမှာပင် ဖေဖေ့အသံပေါ်လာသည်။

"သမီးလေးရေ။ သမီး သူငယ်ချင်း လာတယ်ဟေ့"

တစ်နေ့တာလုံး အိမ်ထဲမှာပင် ပျင်းရိငြီးငွေ့နေခဲ့ရသော အစောမှာ မျက်နှာလေး ပြုံးရွှင်လာသည်။ သူငယ်ချင်းကို ကြိုဆိုရန် အခန်းထဲမှ ထွက်အလာ။

"အို. . ."

သူရှိရာ အပေါ်ထပ်သို့ လှေကားမှတက်လာသော သူငယ်ချင်းဆိုသူမှာ။

"ညို. . . ညိုမာ"

ညိုမာက လက်ထဲတွင် ဖီးကြမ်းငှက်ပျောတစ်ဖီးနှင့် နွားနို့ပုလင်းကိုကိုင်လျက် သူ့ကို ပြုံးပြီးကြည့်နေသည်။ ပါးတစ်ဖက်စီမှ သနပ်ခါးကွက်လေးများမှာ ချွေးတို့ဖြင့် မှုန်ဝါးစ ပြုနေကြပြီ။ အိမ်ရှင်ဖြစ်သော အစောက အထစ်ထစ်အငေါ့ငေါ့ဖြင့် အံ့အားသင့်နေသော်လည်း ညိုမာကမူ ပြုံးပြုံးရွှင်ရွှင်ဖြင့် အစောကို တရင်းတနှီး နှုတ်ဆက်ရှာသည်။

"သူငယ်ချင်းတစ်ယောက်တည်း အိမ်မှာ ပျင်းနေမှာစိုးလို့။ ပြီးတော့ စာတွေလဲ နောက်ကျမှာစိုးလို့"

ညိုမာက ငှက်ပျောဖီးနှင့် နွားနို့ပုလင်းကို အစော၏ စာကြည့်စားပွဲပေါ်သို့တင်သည်။ အစော၏ လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ အားပေးစကားဆိုသည်။

"နွားနို့က ကြိုခဲ့ပြီးသား။ အထားခံတယ်။ ငှက်ပျောသီးက တည့်၊ မတည့်တော့ မသိဘူးဟာ။ ဖီးကြမ်းက အားရှိတယ်ဆိုလို့။ လာ လာ။ ဒီနေ့ သင်လိုက်တဲ့စာတွေ သူငယ်ချင်းကို ငါ ရှင်းပြခဲ့မယ်"

ညိုမာက ခုတင်ပေါ် ထိုင်လိုက်ရင်း လွယ်အိတ်ထဲက စာအုပ်များကို ဆွဲထုတ်နေသည်။ အစောမှာ ဝမ်းသာလွန်း၍ မျက်ရည်လေးများ လည်နေရှာသည်။ သူကျောင်းပျက်သဖြင့် ညိုမာတစ်ယောက်တော့ ဝမ်းသာနေရှာမှာပဲဟု သူ ထင်ထားခဲ့သည်။ သူတို့နှစ်ယောက်က အဆင့်တစ်ကို တစ်ပြန်တစ်လှည့်ကြိုးစားနေကြသည့် ပြိုင်ဘက်များမဟုတ်လား။ အခုတော့ ညိုမာက အိမ်ထိလိုက်လာပြီး သူ့ကိုပင် စာများပြန်ရှင်းပြနေသေးသည်။ ညိုမာက သင်္ချာ၊ ရူပဗေဒစသော တွက်စာများကို စိတ်ရှည်လက်ရှည် ရှင်းပြသွားသည်။ မှတ်စုများကိုမူ အိမ်ကကူးခဲ့ပေးမည်ဟုဆိုကာ အစောစာအုပ်များကို တောင်းယူသွားသည်။

အစောသည် စက်ဘီးကလေးနင်းထွက်သွားသော ညိုမာ့ကို အမြင်အာရုံထဲမှ ဝေဝါးပျောက်ကွယ်သွားသည်ထိ ငေးကြည့်နေမိလေသည်။

(၄)

အစော ကျောင်းပျက်သည့် သုံးရက်စလုံး ကျောင်းဆင်းသည်နှင့် အစောတို့အိမ်သို့ ညိုမာ ရောက်လာခဲ့သည်။ တွက်စာများကို တစ်ခါတည်းရှင်းပြသွားပြီး မှတ်စုစာအုပ်များကိုမူ သူနှင့်အတူယူသွားပြီးအိမ်တွင် ကူးလာခဲ့ဟန်တူ၏။ နောက်တစ်နေ့လာလျှင် အစောမှတ်စုစာအုပ်များ ညိုမာ၏ ဝိုင်းဝိုင်းစက်စက် လက်ရေးကလေးများ ပါလာတတ်သည်။

သည်နှစ် အတန်းတင်စာမေးပွဲကြီးကို အစောကောင်းစွာ ဖြေဆိုနိုင်ခဲ့သည်။ ကျောင်းပျက်ရက်များရှိခဲ့သည်ဆိုသော်လည်း ညိုမာ၏ ဖေးမကူညီမှုဖြင့် သင်ခန်းစာများကို သူ မလစ်ဟင်းခဲ့။ ညိုမာလည်း ဖြေနိုင်ဟန်တူသည်။ စာမေးပွဲခန်းမှအထွက် ကျေနပ်အားရဟန်ရှိသော ညိုမာ့မျက်နှာလေးကို သူ မြင်ခဲ့ရသည်။

အောင်စာရင်းများ ထွက်ခဲ့လျှင်ဆိုသော အတွေးက အစောကို ရင်ခုန်စိတ်လှုပ်ရှားစေသည်။ ညိုမာက သူ့ထက်အဆင့်ကောင်းခဲ့လျှင် သူ စိတ်ကောင်းနိုင်မည်မဟုတ်။ ထို့အတူ သူက ညိုမာ့ထက် အဆင့်ကောင်းခဲ့ပြန်လျှင်လည်း သူ့စိတ်ထဲ ညိုမာ့ကို အားနာသလိုလိုဖြစ်မိပြန်လိမ့်မည်။

"အို ဘာပဲဖြစ်ဖြစ် အားနာစရာတော့ မလိုပါဘူးလေ။ အဆင့်တစ်ရခဲ့ရင်လဲ ငါကြိုးစားလို့ ငါရတာပဲ" အစော သူ့စိတ်ကိုသူ အားပြန်တင်းရင်း နှစ်သိမ့်လိုက်၏။

အစောသည် သီချင်းလေးတအေးအေးနှင့် ပြုံးပျော်လျက်ရှိသည်။ ဖေဖေသည် သူ့ဆန်နီပစ်ကပ်

စာမျက်နှာ ၂၅ သို့ ➤

# မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၃၂၀၀၈၄ ဧက ရိတ်သိမ်းပြီးစီး




**မြောင်းမြ ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၂၀၀၈၄ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက နွေစပါး ၃၂၀၀၈၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သော နွေစပါးခင်းများကို ယခုနှစ် မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော စပါးတစ်ဧကလျှင် ၁၁၁ ဒသမ ၄၁ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"နွေစပါးတွေကို မြောင်းမြခရိုင်မှာ စုစုပေါင်း ၃၂၀၀၈၄ ဧကထိ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ စပါး ၃၂၀၀၈၄ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ နွေစပါးတွေ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေးဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် နွေစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့ စပါးမစိုက်မီအချိန်ကနေလက်ရှိအချိန်ထိ တောင်သူတွေနဲ့ ပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာ၌ သီးနှံများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ အရည်အသွေးကောင်းသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဘားအံမြို့နယ် တောင်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၂၁**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ တောင်ကလေးကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကိုရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်ကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၂၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ်တစ်သန်း စုစုပေါင်း အသင်းသား၊အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဆက်လှ**

## တက်ညီလက်ညီ ရှေ့ဆက်ချီ

\- တက်ညီမှ လက်ညီ၊
မြန်မာပြည် တစ်လွှားက
အားပြလို့ ချီ၊
အဖျက်များ ရှင်းသွေဖည်
ကင်းစေမည် ဘေးရန်မျိုး၊
မြန်မာပြည် အတွက်မှန်း
ရွက်ထမ်းလို့ ကြိုး။

\- တက်ညီမှ လက်ညီ၊
မြန်မာ့ပြည် နန်းအမွှ
ချမ်းမြဖို့ ချီ၊
အဆိုးကွင်းလို့ ရန်မတည်
ကြံစည်သမျှ ဖြစ်မြောက်ရိုး၊
မြန်မာတွေ ခရီးလမ်း
စည်းကမ်းနဲ့ ကြိုး။

\- တက်ညီမှ လက်ညီ၊
မြန်မာမြေ အကျိုးတွက်
တိုးရွက်လို့ ချီ၊
ငြိမ်းချမ်းပြီး သာတဲ့ပြည်
ကဗျာဖွဲ့မပီ စံချိန်ပျိုး၊
တိုင်းရင်းစုံ ယခုခရီးမှာ
စုစည်းလို့ ကြိုး။

\- တက်ညီမှ လက်ညီ၊
မြန်မာတွေ ကြိုးစားလို့
မိုးဖျားအထိ ချီ၊
ဇွဲ သတ္တိ ဘာမထီ
အာဇာနည် သူကောင်းမျိုး၊
မြန်မာ့နယ် ဘုံ ထိပ်က
ဂုဏ်ဟိတ်နဲ့ တန်ခိုး။ ။

**လွမ်းလေးကို(သရက်)**

➤ စာမျက်နှာ ၂၄ မှအဆက်

ကားလေးကို ဂရုတစိုက်မောင်းနှင်နေ၏။ ကင်းတားဆည်ဘက်သို့ သွားသည့် ၂၁ မိုင်လမ်းခွဲသည် သာယာဘိတောင်း။ လမ်းဘေးတစ်လျှောက် ထနောင်း၊ ကုက္ကို၊ တမာတို့က တစ်လှည့်စီ မင်းမူနေကြသဖြင့် အရိပ်ပြတ်သည် မရှိလှ။ အဝေးဘက်ဆီ၌ နွေစပါးခင်းများနှင့် သစ်သီးသစ်နှံစိုက်ခင်းများက တပြန့်တပြော။ ၎င်းတို့ကို ဖြတ်သန်းတိုက်ခတ်လာသော ကွင်းလေက တသုန်သုန်တဖြူးဖြူး။

သစ်သားဇရပ်လေးတစ်ခုသို့အရောက်တွင် ဘယ်ဘက်သို့ချိုးကွေ့ဝင်လိုက်သည်။ ကျောက်ခင်းလမ်းမှသည် မြေနီလမ်းပေါ်သို့။ တရိပ်ရိပ် ပြေးလွှားနေသောကားကလေးသည် စောစောက အဝေးဆီ၌ တွေ့ခဲ့ရသော စိမ်းမြမြသီးနှံ စိုက်ခင်းများဆီသို့ တိုးဝင်နီးကပ်လာလျက်။

မကြာမီ အစောတို့သားအဖ ရွာလေးတစ်ရွာဆီသို့ ရောက်လာကြသည်။ ဖေဖေက သီးစားချထားသော စိုက်ခင်းများကို လာရောက်စစ်ဆေးခြင်းဖြစ်သည်။ ဒေသခံတောင်သူများနှင့် ထိတွေ့မှုမပြတ်စေရန်လည်း ဖြစ်ပါ၏။ ဒါမှသာ မြေပြင်အချက်အလက်များကို အမှန်အတိုင်းသိရှိပြီး လိုအပ်သည်များကို အချိန်မီဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဆိုသည့်အကြောင်း ဖေဖေ မကြာခဏပြောဖူးသဖြင့် အစော နားရည်ဝနေသည်။ အရင်တုန်းကတော့ ဖေဖေ ရွာများဘက်သွားလျှင် အစော လိုက်လေ့လိုက်ထမရှိ။ အခုတစ်ခေါက်တော့ အစော လိုလိုချင်ချင် လိုက်လာခဲ့သည်။ ဖေဖေသွားမှာက ညိုမာတို့ရွာကိုလေ။

အိမ်ဝိုင်းကြီးတစ်ခုအတွင်းသို့ ချိုးကွေ့၍ဝင်မည်အလုပ် တစ်ဖက်မှ ရေစည်လှည်းတစ်စီးက ထိပ်ချင်းဆိုင်ပေါ်လာသဖြင့် ဖေဖေက ဘရိတ်နင်း၍ ကားကို အသာမှေးရပ်ထားလိုက်သည်။ ရေစည်လှည်းပေါ်မှ ဝါးခမောက်ဆောင်းထားသော လူငယ်က ဖေဖေ့ကို ပြုံးပြသည်။ ကျေးဇူးတင်ပါသည်ဆိုသည့် သဘော။ ရေစည်လှည်းနှင့် အနီးကပ်တိမ်းရှောင်ဖြတ်သန်းချိန်တွင်မှ ထိုလူငယ်ကို သေသေချာချာ တွေ့ရတော့သည်။ အစော မျက်လုံးကလေးများ ဝိုင်းသွားသည်။

"ဟင် ညို ညိုမာ"

ရေစည်လှည်းပေါ်မှ ညိုမာသည် ယောကျ်ားလေးတစ်ဦးနှယ် သန်သန်စွမ်းစွမ်း ချက်ချက်ချာချာ။ ညိုမာလည်း အံ့အားသင့်ဝမ်းသာသွားပုံပင်။ အစောကို ဖက်လဲတကင်းနှုတ်ဆက်ရှာသည်။ သူ့ အိမ်သို့လည်း အလည်ခေါ်သည်။

အစောမှာ ညိုမာတို့အိမ်သို့ ရောက်သည်တွင် ပို၍ အံ့ဩရ၏။ ညိုမာတို့မိသားစုလေးက အစောကို ဝမ်းပန်းတသာ ဆီးကြိုကြသည်။ ညိုမာသည်လည်း အစောလိုပင် တစ်ဦးတည်းသော သမီးဖြစ်၏။ ညိုမာ့အဖေနှင့်အမေမှာ အသက်ကြီးကြရှာပြီ။ သူတို့ အတော်လေးအရွယ်ရမှ ညိုမာ့ကို ခက်ခက်ခဲခဲ မွေးခဲ့ရခြင်းဖြစ်သည်။ တစ်ဦးတည်းသောသမီးဆိုသော်လဲ ညိုမာသည် အစောလို ခြွေရံသင်းပင်းများနှင့် ကြီးပြင်းလာရသူမဟုတ်။ ညိုမာက အရွယ်ရနေပြီဖြစ်သော သူ့မိဘများအတွက် သားယောကျ်ားလေးတစ်ယောက်နှယ် အားကိုးရသူဖြစ်၏။ အဖေ၊ အမေတို့နှင့်အတူ လယ်အလုပ်၊ ယာအလုပ်၊ အိမ်အလုပ်များကို မျက်နှာလွှဲရအောင် စီမံလုပ်ကိုင်နိုင်သူဖြစ်၏။ သည်ကြားထဲ ကျောင်းစာကိုလည်း အလစ်မပေး။ ညိုမာဆိုသောမိန်းကလေးသည် သွက်လက်ချက်ချာမှုနှင့် ထက်မြက်ရိုးသားမှုတို့ အချိုးချပေါင်းစပ်ထားပုံပင်။

အဆင့်တစ်ရသည်ချင်း တူလျှင်သော်မှ သူသည် ညိုမာ့အရှေ့မှ အကျောရကာ အပြေးပြိုင်ရသည့်နှယ်ဖြစ်နေကြောင်း အစော ဆင်ခြင်မိလာသည်။ သူသည် အစစအရာရာ လိုလိုသေးမရှိ၊ ကျောင်းစာ တစ်မျိုးတည်းကိုသာ အာရုံပြု၍ စူးစိုက်မှတ်သားနေရချိန်တွင် ညိုမာသည် ရေစည်လှည်းတိုက်နေမည်လော၊ ထမင်းဟင်းချက်ပြုတ်နေမည်လော၊ လယ်ထဲယာထဲသို့ ရောက်နေမည်လော။ သူ မတွေးရက်တော့ပြီ။

ညိုမာတို့အိမ်ကလေးက ပြန်ထွက်လာတော့ အနောက်ဘက်ဆည်းဆာ၌ မြူခိုးတို့ မှုန်ရီမှိုင်းပျနေပြီ။ ကောင်းကင်သည် လိမ္မော်ရောင်ဖျော့ဖျော့ပြေးလျက်။ တိမ်တိုက်တချို့သည် သူတို့၏ ရွှေရောင်အနားကွပ်များကို ရုပ်သိမ်းဆုတ်ခွာလျက်။

ကားလေးအတွင်း၌ ညိုမာထည့်ပေးလိုက်သည့် ခြံထွက်သီးနှံများက အစီအရီ။

ကနဦးနေ့ရက်များတွင် အစော၏ ဘဝသစ်ပင်၌ တစ်စုံတစ်ခုသော လိုအပ်မှုကြောင့် ခြောက်သယောင်းလျက် ငုံးတိတိ ဖြစ်နေသယောင်ယောင်။ အခုတော့ဖြင့် မိုးဦးကျသစ်ပင်များလို စိမ်းစိုလန်းဆန်းလျက် အညွန့်၊ အငေါက်တို့ သန်စွမ်းထွက်ပေါ်လာကြပြီဟု အစော ခံစားမိသည်။ အစောသည် အနောက်ဘက်တွင် တရိပ်ရိပ်ကျန်ရစ်ခဲ့သော ညိုမာတို့ရွာကလေးကို လည်ပြန်လှည့်ကြည့်မိသည်။ ထိုရွာကလေးတွင် စိတ်ကောင်းနှလုံးကောင်းရှိသော သူငယ်ချင်းညိုမာ ကျန်ရစ်ခဲ့သည်။

သို့သော် ညိုမာထည့်ပေးလိုက်သည့် ပန်းပွင့်ကလေးများကမူ အစောနှင့်အတူ ပါလာလေသည်။ အခု အစောထံ၌လည်းမုဒိတာပန်းတို့ ပွင့်လန်းနေခဲ့ပြီလေ။

# အရှိန်အဟုန်မြင့်တိုးတက်လာနေသည့် တရုတ်-အာဖရိကဆက်ဆံရေး

နေရှား

တရုတ်နှင့် အာဖရိကတို့သည် ၂၀ ရာစု အစောပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာကိုလိုနီဆန့်ကျင်ရေးလှုပ်ရှားမှု၊ စစ်အေးခေတ်အတွင်း ဘက်မလိုက်လှုပ်ရှားမှုနှင့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ တောင်ကမ္ဘာခြင်းအစီအစဉ်တို့တွင် နိုင်ငံရေးအရ အပြန်အလှန် ထောက်ခံအားပေးခဲ့ကြသည့် သမိုင်းကြောင်းရှိသည်။ တရုတ်နှင့် အာဖရိကတို့သည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးအခင်းအကျင်းများတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လာနေသော ဒေသနှစ်ခုဖြစ်သည်။ ၎င်းတို့၏ ဆက်ဆံရေးသည် စီးပွားရေးအရသာမက နိုင်ငံရေးအရပါ ပိုမိုနက်ရှိုင်းလာသည်နှင့်အမျှ တရုတ်နိုင်ငံသည် အာဖရိကဆာဟာရအောက်ပိုင်း၏ အကြီးဆုံးသောတစ်ဦးချင်းကုန်သွယ်ဖက်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က ဖော်ပြခဲ့သည်။

တရုတ်နှင့် အာဖရိကနိုင်ငံများကြား ကောင်းမွန်သောပူးပေါင်းဆောင်ရွက်မှု၏ အစဉ်အလာချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးသည် အချိန်ကာလ၏ စမ်းသပ်မှုကိုခံခဲ့ရပြီး နိုင်ငံတကာတုန်လှုပ်ချောက်ချားဖွယ်ရာဖြစ်ရပ်များကိုလည်း စမ်းသပ်ဖြတ်သန်းခဲ့ရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စံနမူနာကောင်းတစ်ခုဖြစ်သည့် ဤဆက်ဆံရေးသည် လက်ရှိအခြေအနေသစ်အောက်တွင် ပိုမိုစုစည်းပြီးဖွံ့ဖြိုးတိုးတက်လာခဲ့သည်။

**ခေတ်သစ်ဆက်ဆံရေးဖော်ဆောင်ခဲ့သူများ**

တရုတ်နိုင်ငံသည် အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များမကြာခဏသွားရောက်ခြင်းဖြင့် အာဖရိကနိုင်ငံများနှင့် နီးကပ်သော နိုင်ငံရေးဆက်ဆံမှုကို ထိန်းသိမ်းထားသည်။ ၂၁ ရာစုတွင် တရုတ်နှင့် အာဖရိကနိုင်ငံများကြား အပြည့်အဝပူးပေါင်းဆောင်ရွက်ပြီး ရေရှည်တည်တံ့ခိုင်မြဲသောဆက်ဆံရေးကို ထူထောင်ရန် တရုတ်သမ္မတဟောင်းကျန်ဇီမင်းက ၁၉၉၆ ခုနှစ် အာဖရိကခရီးစဉ်အတွင်း လမ်းညွှန်ချက် (၅) ရပ်ကိုလမ်းညွှန်ချမှတ်ပေးခဲ့သည်။ ၎င်းတို့မှာ ရိုးသားသောချစ်ကြည်ရင်းနှီးမှု၊ တန်းတူညီမျှမှု၊ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဘုံဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်တို့ဖြစ်သည်။ ဝန်ကြီးချုပ်ဟောင်း ကျူယုံကျိနှင့် ယခင်ဒုတိယသမ္မတ ဟူကျင်တောင်း ကဲ့သို့သော အခြားတရုတ်ခေါင်းဆောင်များသည် မကြာသေးမီနှစ်များအတွင်း အာဖရိကသို့ ဆက်တိုက်သွားရောက်ခဲ့သည်။

၁၉၉၇ ခုနှစ်မှစ၍ အာဖရိကနိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများနှင့် အစိုးရအကြီးအကဲ ၄၀ ကျော်သည် တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်ခဲ့ကြသည်။ တရုတ်နှင့် အာဖရိကနိုင်ငံများသည် အသီးအပွင့်များသော နှစ်နိုင်ငံနှင့် ဘက်စုံတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ သိသာထင်ရှားသောသာဓကမှာ တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဖြစ်သည်။ ၂၀၀၀ပြည့်နှစ်တွင် တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ် (FOCAC) ကိုတည်ထောင်ခဲ့ပြီး ၎င်းတို့၏ ဆက်ဆံရေးတွင် ကြီးမားသောအပြောင်းအလဲများကို စတင်ခဲ့သည်။ FOCAC သည် ပြည့်စုံသောအာဖရိက-တရုတ်ဆက်ဆံရေးကိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တရုတ်နှင့် အာဖရိကနိုင်ငံများကြားဘက်စုံဆက်ဆံရေးကို ဖော်ဆောင်ရာတွင် အဓိကကျသည်။ ၎င်း ဖိုရမ်က တန်းတူညီမျှမှုနှင့် တန်းတူညီမျှမှုအပေါ်အခြေခံ၍ တရုတ်နှင့် အာဖရိကတို့ကြား အမျိုးအစားသစ်၊ ရေရှည်နှင့် တည်ငြိမ်သောမဟာဗျူဟာမြောက် မိတ်ဖက်အဖြစ် ဖန်တီးခြင်းဆီသို့ ဦးတည်သည့် အပြန်အလှန်အကျိုးပြုအစီအစဉ်ကိုချမှတ်ခဲ့သည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် အာဖရိကဘက်မှနိုင်ငံပေါင်းတစ်ဒါဇင်နှင့် ပူးပေါင်းလုပ်ဆောင်နိုင်သော ညှိနှိုင်းရေးယန္တရားကို ထူထောင်ထားသည်။ အာဖရိကနိုင်ငံများသည် အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းရာတွင် တရုတ်နိုင်ငံကိုအခိုင်အမာထောက်ခံကြသည်။ အများစုမှာ တရုတ်နိုင်ငံ၏ "တရုတ်တစ်နိုင်ငံတည်း" မူဝါဒကို ထောက်ခံကြသည်။

**ကျယ်ပြန့်လာသည့်ဆက်ဆံရေးနယ်ပယ်များ**

တရုတ်နှင့် အာဖရိကနိုင်ငံများသည် ပါလီမန်နှင့် နိုင်ငံရေးပါတီနယ်ပယ်များတွင် အပြန်အလှန်လည်ပတ်မှုများစွာ ပြုလုပ်ခဲ့ကြသည်။ တရုတ်နှင့် အာဖရိကနိုင်ငံများကြား နိုင်ငံတကာရေးရာများနှင့် ပတ်သက်၍ ပုံမှန်ဆွေးနွေးတိုင်ပင်မှုနှင့်အပြန်အလှန်



ပံ့ပိုးကူညီမှုသည် ပိုမိုအားကောင်းလာသည်။ အထူးသဖြင့် လူ့အခွင့်အရေးနှင့် အခြားအရေးကြီးကိစ္စရပ်များကိုကိုင်တွယ်ရာတွင် နိုင်ငံတကာဖိုရမ်များဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုကို ထူထောင်ထားသည်။ ထိုဖိုရမ်များတွင် ၎င်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တရားဝင်အခွင့်အရေးများကို ထိန်းသိမ်းရန်နှင့် ကမ္ဘာပေါ်တွင် မျှတပြီးတရားမျှတသောနိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ စည်းမျဉ်းသစ်တစ်ခုဖန်တီးရေးကို တွန်းအားပေးဆောင်ရွက်ခဲ့ကြသည်။

တရုတ်နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းက အာဖရိကနိုင်ငံများကို နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုရေးတိုးတက်မှုကို မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ကြီးမားသောအကူအညီများ ပေးအပ်ခဲ့သည်။ ၎င်းကို အာဖရိကနိုင်ငံများနှင့် ပြည်သူများက ကြိုဆိုခဲ့ကြသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း စီးပွားရေးနှင့် ကုန်သွယ်မှုဆက်ဆံရေးသည် ပိုမိုဖွံ့ဖြိုးလာခဲ့သည်။ တရုတ်အစိုးရသည် စီးပွားရေးနှင့် ကုန်သွယ်မှုနယ်ပယ်များတွင် တန်းတူညီမျှမှုနှင့် အပြန်အလှန်အကျိုးရှိမှုအပေါ်အခြေခံ၍ ရှိရင်းစွဲပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့ရန်အတွက် ပုံစံသစ်များနှင့် နည်းလမ်းသစ်များဖန်တီးရန် ကြိုးပမ်းခဲ့သည်။ ၎င်းတို့ကို စီးပွားရေးအကူအညီများ ပေးအပ်နေချိန်တွင် တရုတ်နိုင်ငံသည် နှစ်ဖက်စလုံးမှ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများနှင့် အာဖရိကတွင် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကိုတိုးချဲ့ကာ ကုန်သွယ်မှုပမာဏတိုးမြင့်လာစေရန် နှစ်ဖက်စလုံးမှ ကုမ္ပဏီများနှင့် လုပ်ငန်းများကို အားပေးထောက်ခံလျက်ရှိသည်။ တရုတ်နှင့် အာဖရိကကြား စုစုပေါင်းကုန်သွယ်မှုပမာဏသည် ၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆ ဘီလီယံရှိရာမှ ၂၀၂၃ခုနှစ်တွင် ၁၉၉ ဘီလီယံထိ သိသိသာသာတိုးမြင့်လာသည်။ အာဖရိကနိုင်ငံများ၏ ကြွေးမြီများထူထပ်လာမည်ကိုစိုးရိမ်သဖြင့် တရုတ်သည် ၎င်းတို့၏ ကြွေးမြီဝန်ထုပ်ဝန်ပိုးကို လျှော့ပါးသက်သာစေရန်အတွက် ပံ့ပိုးကူညီရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ပထမဆုံးအကြိမ်အဖြစ် ၂၀၀၀ ပြည့်နှစ် တရုတ်-ဝန်ကြီးများညီလာခံတွင် တရုတ်ဘက်မှ ကြွေးမြီယွမ်ငွေ၁၀ ဘီလီယံကို လျှော့ချရန် သို့မဟုတ် ပယ်ဖျက်ကြောင်း ကြေညာပေးခဲ့သည်။

ပညာရေး၊ ပြည်သူ့ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် အခြားနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ကောင်းကိုထိန်းသိမ်းထားသည်။ ထို့ပြင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် နှစ်ဖက်စလုံးက ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခဲ့သည်။ တရုတ်နိုင်ငံတွင် ပညာသင်ကြားရန်အာဖရိကကျောင်းသားများကို နှစ်စဉ်ပညာသင်ဆုများပေးအပ်လျက်ရှိသည်။ တရုတ်အစိုးရသည် အာဖရိကနိုင်ငံများကို ကျွမ်းကျင်သောဘာသာရပ်များဖွဲ့စည်းရာတွင် ကူညီရန်အတွက် အမျိုးမျိုးသောလေ့လာမှုနှင့် လေ့ကျင့်ရေးသင်တန်းများကိုကျင်းပခဲ့သည်။ ၎င်းတို့ထဲတွင် တရုတ်နှင့် အာဖရိကစီမံခန့်ခွဲရေးဝန်ထမ်းများအတွက် အဆင့်မြင့် လေ့လာရေးအတန်းများနှင့် လူငယ်နှင့် သက်လတ်ပိုင်း အာဖရိကသံတမန်များအတွက် လေ့ကျင့်ရေးသင်တန်းများပါဝင်သည်။ တရုတ်နိုင်ငံမှ အဆင့်မြင့်အာဖရိကသံတမန်များအတွက် တရုတ်နိုင်ငံသို့ လေ့လာရေးခရီးစဉ်များသွားရောက်ကာ အတွေ့အကြုံများ ဖလှယ်ရန်လည်း စီစဉ်ခဲ့သည်။ တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးများအဆင့် ၂၀၀၀ ပြည့်နှစ်ညီလာခံဖိုရမ်အတွင်း အာဖရိကနိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ထူထောင်ရန် တရုတ်က ကြေညာခဲ့သည်။ တရုတ်အစိုးရမှအာဖရိကတိုက်သို့ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဆရာများစေလွှတ်ခြင်းကို လက်ခံရရှိသည့်နိုင်ငံများနှင့် ပြည်သူတို့က ကျယ်ကျယ်ပြန့်ပြန့် ကြိုဆိုကြသည်။

၂၀၀၆ ခုနှစ်မှ စတင်၍ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းအပြီးတွင် အရှိန်မြင့်လာသော တရုတ်ငွေကြေးထောက်ပံ့မှု၊ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတော်မှဦးဆောင်သော ချေးငွေအစီအစဉ်များ၏ အတိုင်းအတာများပါရှိသည့် ဆက်ဆံရေးကိုတွေ့မြင်လာရသည်။ ဤအပြောင်းအလဲကြောင့် တရုတ်နိုင်ငံသည် ၂၀၂၀ပြည့်နှစ်တွင် အာဖရိက၏ အကြီးဆုံးအချုပ်အခြာအာဏာပိုင် မြီရှင်နှင့် FDI အရင်းအမြစ်ဖြစ်လာခဲ့သည်။ ယခုအခါ ဂျပူတီ၌ တရုတ်၏ပြည်ပစစ်အခြေစိုက်စခန်းပါ တည်ဆောက်ထားပြီးဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံသည် ၎င်း၏ BRI ကို စတင်ခဲ့သည်။ ဤကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုသည် တရုတ်နိုင်ငံကို အာဖရိက၏ အခြေခံအဆောက်အအုံများတွင် စနစ်တကျ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နိုင်စေခဲ့သည်။ ၎င်းသည် ရထားလမ်းများ၊ ကားလမ်းများနှင့် ဆိပ်ကမ်းများကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများမှ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တယ်လီဖုန်းဆက်သွယ်မှု၊ ပြန်လည်ဆန်းသစ်နိုင်သောဒစ်ဂျစ်တယ်နယ်ပယ်နှင့် အများသူငါကုန်စည်အခြေခံအဆောက်အအုံများထိ တိုးလာသည်။

**အာဖရိကနှင့် တရုတ်အပြန်အလှန်အရေးပါမှု**

တရုတ်နိုင်ငံသည် အာဖရိကအတွက် အလွန်အရေးကြီးသည်ဟု မေရီလန်းတက္ကသိုလ်မှ ပါမောက္ခဒေါက်တာမာဂရက်ပီရာဆန်က မှတ်ချက်ပြုခဲ့သည်။ အဓိကအားဖြင့် အာဖရိက၏ ပို့ကုန်အခွင့်အလမ်းများသည် သတ္တုတွင်းထွက်များကဲ့သို့ပေါများသောကဏ္ဍများတွင် ရှိနေသည်။ ၂၁ ရာစုအစပိုင်းကတည်းက အာဖရိက၏ကုန်သွယ်မှုသည် အဆနှစ်ဆယ်တိုးလာခဲ့သည်။

တရုတ်ရင်းနှီးမြှုပ်နှံမှုများသည် လူနေမှုဘဝမြှင့်တင်ခြင်းဖြင့် အာဖရိကကိုအကျိုးပြုခဲ့သည်။ အာဖရိကတိုက်သို့ တရုတ်နိုင်ငံယူဆောင်လာသည့် ကုန်ပစ္စည်းအများအပြားက အာဖရိကတိုက်ကို ခေတ်မီရေးအကူအညီပေးရာတွင် အလွန်အရေးကြီးသည်ဟု မာဂရက်က မှတ်ချက်ချခဲ့သည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် အာဖရိကတစ်ဝန်းတွင် နည်းပညာပြန့်ပွားမှုကိုအရှိန်မြှင့်ရန် ကူညီပေးခဲ့ပြီး တန်ဖိုးနည်းနှင့် နည်းပညာမြင့်လူသုံးကုန်ပစ္စည်းများဖြစ်သည့် စမတ်ဖုန်းများ ဖြစ်သည်။ အာဖရိကတွင် တရုတ်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအချက်ကို မြင်တွေ့နေရပြီဖြစ်သည်။ အစဉ်အလာခိုင်မာသော အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုမှသည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၊ ပြည်သူ့ကျန်းမာရေးစနစ်များ၊ ပညာရေး၊ အလုပ်အကိုင်များနှင့် ဒစ်ဂျစ်တယ်နှင့် ရေရှည်တည်တံ့မှုဆိုင်ရာသင်တန်းများ ဖွံ့ဖြိုးတိုးတက်ရေးထိ ပါဝင်သည်။

အာဖရိကကို တရုတ်၏အလားအလာရှိသော စီးပွားရေးကယ်တင်ရှင်အဖြစ် ရည်ညွှန်းကြသည်။ ဤသို့ဖြင့် တရုတ်နိုင်ငံ၏လူဦးရေအခြေအနေလျော့နည်းလာခြင်းကြောင့် ထုတ်လုပ်သူများကို နိုင်ငံမှ ထွက်ခွာသွားစေသည်ဟု တရုတ်- အာဖရိကဆက်ဆံရေးဆိုင်ရာကျွမ်းကျင်သူ ရှီယာလေယူက ထောက်ပြခဲ့သည်။ ၎င်းက ကမ္ဘာ့တန်ဖိုးကွင်းဆက်ရှိ အလယ်အလတ်ကုန်ထုတ်လုပ်မှုတချို့ကို အာဖရိကအတွက် အခွင့်အလမ်းဖွင့်ပေးသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးစွမ်းအင်နှင့် အစားအစာတင်သွင်းသူဖြစ်သောကြောင့် အာဖရိကသည် တရုတ်နိုင်ငံ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသည်ဟု ၎င်းက ကောက်ချက်ချခဲ့သည်။ တရုတ်နိုင်ငံသည် နိုင်ငံတကာနယ်ပယ်တွင် အလိုရှိသည့်အချိန်တိုင်း၌ မိတ်ဆွေသစ်များခေါ်နိုင်ပြီး အာဖရိကတွင်လည်း တရုတ်နိုင်ငံအတွက် နိုင်ငံရေးအရ အကျိုးကျေးဇူးများ ရရှိထားသည်။

ခြုံ၍ဆိုရလျှင် ၂၁ ရာစုအကုန်တွင် အာဖရိကသည် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းကိုသိမ်းပိုက်နိုင်တော့မည်ဖြစ်၍ ကမ္ဘာပေါ်တွင် အာဖရိက၏ မြင့်တက်လာမှုအခန်းကဏ္ဍသည် ပို၍မြင့်မားလာခဲ့သည်။ အာဖရိက၏ သာယာဝပြောမှုမရှိဘဲ ကမ္ဘာလုံးဆိုင်ရာသာယာဝပြောမှုကို ရနိုင်ဖွယ်မရှိပေ။ တရုတ်-အာဖရိက ဆက်ဆံရေးသည် ဖွံ့ဖြိုးဆဲကမ္ဘာကြီးအတွင်း၌ ပိုမိုကြီးမားသောဆက်သွယ်မှုများ ပုံဖော်နေပုံကို ပြသလျက်ရှိသည်။ သို့ဖြစ်၍ အင်အားပြောင်းလဲမှု အရှိန်အဟုန်နှင့် စီးပွားရေးဆိုင်ရာ တွန်းအားပေးမှုများနှင့်အတူ တရုတ်-အာဖရိကဆက်ဆံရေးတိုးတက်မှုသည် အရှိန်အဟုန်ကောင်းရရှိလာပြီး ဒေသနှစ်ခုစလုံးဖွံ့ဖြိုးရေးကို ဆောင်ကြဉ်နိုင်မည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- **China-Africa Relations byMinis tryof Foreign Affairs, People Republic of China,**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ထိုင်းဘေးကျား စပါးတင်းရေ ၈၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ထိုင်းဘေးကျား စပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက ထိုင်းဘေးကျား စပါးအမျိုးအစားတင်းရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ထိုင်းဘေးကျား စပါးအမျိုးအစားတင်းရေ ၈၈၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ မေလအတွင်း ထိုင်းဘေးကျားစပါးတင်းရေ ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ထိုင်းဘေးကျား အမျိုးအစားကအကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ဝယ်လက်တွေက ဝယ်ယူမှုများနေလို့ ရောင်းအားကောင်းခဲ့တာဖြစ်ပါတယ်။ ပြည်တွင်း ဆန်၊ စပါးဈေးကွက်မှာကို ထိုင်းဘေးကျားစပါးက အဝယ်လိုက်နေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုမွန်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှရန်ကုန်ဈေးကွက်သို့ မေလအတွင်းတင်ပို့ရောင်းချခဲ့သည့် ထိုင်းဘေးကျား စပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉ သိန်း ၅ သောင်းထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သည့် လုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြို့သစ်မြို့နယ် နတ်ရွာကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မြို့သစ် ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် နတ်ရွာကျေးရွာ၌ ဆိုလာစနစ်ဖြင့် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ နတ်ရွာသစ်ကျေးရွာ၌ 9.9KW ရှိသောဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ အရှည် ပေ ၁၆၀ ရှိသော ခြစည်းရိုးကာရံခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် နတ်ရွာကျေးရွာ၌ ဆိုလာစနစ်သုံးရေရရှိရေးလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉ ဒသမ ၇၇ သန်းအသုံးပြုပြီး မြင့်မိုရ်စံထားကုမ္ပဏီမှ တာဝန်ယူ၍ ဇွန် ၁၅ ရက်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပါက နတ်ရွာကျေးရွာရှိ အိမ်ခြေ ၂၁၁ အိမ်မှ လူဦးရေ ၁၁၁၂ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသောသောက်သုံးရေကို ရရှိမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ချိုလေး**

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၉၀၅ ဧကစိုက်ပျိုးပြီးစီး

**မင်းကင်း ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၉၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၂၁၂၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၀၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ မိုးနှမ်း ၂၁၂၅၇ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၉၀၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ GAP နည်းနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ယခုနှစ် မင်းကင်းမြို့နယ်တွင် မိုးနှမ်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

GAPစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်သည့် သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ပုဗ္ဗသီရိမြို့နယ် ဇလုပ်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်သာကျေးရွာအုပ်စု ဇလုပ်ကြီးကျေးရွာ ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၂၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်၊

ရှေးဦးစွာ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နီလာဝင်းက ဇလုပ်ကြီးကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်းရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံရန်ပုံငွေကျပ် ၄၄ ဒသမ ၁၅ သန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဇလုပ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၉ဦးကို ငွေကျပ် ၂၅ ဒသမ ၇၅သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၁၅ ဒသမ ၂၅သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၃ ဒသမ ၁၅သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၄ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်နီလာဝင်းထံမှ သိရသည်။

**နေဘုန်း**

# ပွင့်ဖြူမြို့နယ် ကံလုကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပွင့်ဖြူ ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကံလုကျေးရွာ၌ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ VDP စီမံကိန်းတာဝန်ခံဝန်ထမ်းများကကျေးရွာကော်မတီဝင်ရွေးချယ်မှုသတ်မှတ်ချက်များ၊ စီမံကိန်းကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာများ၌ စီမံကိန်းလုပ်ငန်း ဖော်ဆောင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ အတည်ပြုရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပေါက်ကုန်းကျေးရွာအုပ်စု ကံလုကျေးရွာအပါအဝင် ကျေးရွာ ၁၂ ရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဦးလှဌေးမောင်က ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

ဇိုမစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှုလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ကျန်းမာရေးအတွက် အကျိုးပြုသော အစိမ်းရောင်ရှိသစ်သီးများ

ခိုင်ဇင်

ကျန်းမာရေးအကျိုးကျေးဇူးများစွာရရှိဖို့အတွက် စားပေးသင့်တဲ့အစားအသောက်တွေမှာ အစိမ်းရောင်ရှိတဲ့ သစ်သီးတွေပါဖို့လိုပါတယ်။ အစိမ်းရောင်ပါတဲ့အသီးအနှံ များများစားသုံးပေးတာက ကျန်းမာရေးအတွက် အံ့မခန်းအကျိုးကျေးဇူးတွေရရှိပါတယ်။ များသောအားဖြင့် အစိမ်းရောင်ရှိတဲ့ သစ်သီးဝလံတွေနဲ့ ဟင်းသီးဟင်းရွက်တွေမှာ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နဲ့ ဖောလစ်အက်စစ်တို့လို ဗီတာမင်နဲ့ သတ္တုဓာတ်တွေ ကြွယ်ဝစွာပါဝင်ပြီး ကိုယ်ခန္ဓာကြီးထွားမှုနဲ့ ကြွက်သားဖွံ့ဖြိုးမှုအတွက် ကောင်းတာကြောင့် အစိမ်းရောင်သစ်သီးတွေက အရေးပါတာပဲဖြစ်ပါတယ်။

**စပျစ်သီးစိမ်း**



အစိမ်းရောင်စပျစ်သီးတွေဟာ ကျန်းမာရေးကို များစွာအထောက်အကူပြုပါတယ်။ စပျစ်သီးကိုစားပေးတာက သွေးတွင်းကိုလက်စထရောကိုကျဆင်းစေပါတယ်။ အစိမ်းရောင်စပျစ်သီးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါဝင်တာကြောင့် နှလုံးသွေးကြောတွေကိုကျန်းမာစေပြီး နှလုံးကိုသွေးစီးဆင်းရောက်ရှိမှုကောင်းစေကာ နှလုံးသွေးကြောကျဉ်းတာ အပါအဝင် နှလုံးရောဂါအမျိုးမျိုးကို ကာကွယ်ပေးနိုင်ပါတယ်။

အစိမ်းရောင်စပျစ်သီးမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းက သွေးတွင်းမှာရှိတဲ့ မကောင်းတဲ့ကိုလက်စထရောတွေကို စုပ်ယူပေးပြီး ကောင်းတဲ့ ကိုလက်စထရောပမာဏကို တိုးစေနိုင်ပါတယ်။ ဒါ့ပြင် အစိမ်းရောင်စပျစ်သီးအခွံမှာ ရောင်ရမ်းမှုကို သက်သာစေတဲ့အာနိသင်ပါဝင်သလို ဓာတ်တိုးဆန့်ကျင်အာနိသင်တွေလဲ ပါဝင်နေတာကြောင့် ရင်သားကင်ဆာ၊ အူမကြီးကင်ဆာတွေလို ကင်ဆာတွေမဖြစ်အောင် အထိရောက်ဆုံး ကာကွယ်ပေးနိုင်ပါတယ်။ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ ဖော့စဖောရပ်၊ မဂ္ဂနိစ်၊ ဗီတာမင်ကေနဲ့ အခြားအရေးပါတဲ့ သတ္တုဓာတ်တွေပါဝင်နေတဲ့ အစိမ်းရောင်စပျစ်သီးဟာ အရိုးတွေကို သန်မာစေပြီး ကိုယ်တွင်းက အဆီတွေကိုကျစေကာ ဝိတ်ကျစေဖို့ အထောက်အကူပေးပါတယ်။

**ကီဝီသီး**



ကီဝီသီးဟာ အရသာကောင်းမွန်ပြီး ကျန်းမာရေးအတွက် အကျိုးကျေးဇူးရှိတဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။ ကီဝီသီးရဲ့ အစိမ်းရောင်အတွင်းသားဟာ ချိုချိုချဉ်ချဉ်အရသာရှိပြီး ဗီတာမင်စီ၊ ဗီတာမင်ကေ၊ ဗီတာမင်အီး၊ ဖောလစ်အက်စစ်နဲ့ ပိုတက်ဆီယမ်တို့ကြွယ်ဝစွာ ပါဝင်ပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါဝင်ပြီး အမျှင်ဓာတ်လဲ ကြွယ်ဝစွာပါတဲ့ ကီဝီသီးဟာ ပန်းနာရင်ကျပ်ကို သက်သာစေပါတယ်။ ကီဝီသီးကို ပုံမှန်စားသုံးတာဟာ အဆုတ်ရဲ့ပုံမှန်လုပ်ငန်းတာဝန်တွေကို အကျိုးပြုတယ်လို့ သုတေသနတချို့အရ သိရပါတယ်။

ဒါ့ပြင် ကီဝီသီးမှာ အမျှင်ဓာတ်များစွာပါဝင်ပြီး အစာခြေစနစ်ကို အထောက်အကူဖြစ်စေတဲ့အပြင် အခြားသစ်သီးတွေထက် ဗီတာမင်စီဓာတ် နှစ်ဆပါဝင်ပါတယ်။ ဗီတာမင်စီဟာ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်တဲ့အာဟာရဓာတ်ဖြစ်ပြီး ရောဂါဘယများစွာကို တိုက်ထုတ်ပေးနိုင်ဖို့ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပါတယ်။ ကီဝီသီးမှာပါတဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေဟာ စိတ်ဖိစီးတာကိုလဲ လျှော့ချပေးနိုင်တာကြောင့် ကီဝီသီးဟာလဲ စားသုံးပေးသင့်တဲ့အသီးဖြစ်ပါတယ်။

**ထောပတ်သီး**



ထောပတ်သီးမှာ အာဟာရဓာတ်များစွာ ပါဝင်နေပါတယ်။ ပိုတက်ဆီယမ်၊ ဗီတာမင် B6၊ ဗီတာမင်စီ၊ ဗီတာမင်အီး၊ အမျှင်ဓာတ်၊ သကြားဓာတ်နဲ့ အဆီဓာတ်တို့ မျှတစွာပါဝင်နေပါတယ်။ ထောပတ်သီးဟာ ကာဗိုဟိုက်ဒရိတ် ကြွယ်ဝစွာပါဝင်သလို ကျန်းမာရေးနဲ့ညီညွတ်တဲ့အဆီဓာတ်များစွာပါဝင်တာကြောင့် ကျန်းမာရေးအတွက် စားပေးသင့်တဲ့အသီးတစ်မျိုးဖြစ်ပါတယ်။ ထောပတ်သီးမှာ ခန္ဓာကိုယ်အတွက်အကျိုးပြု အဆီတစ်မျိုးဖြစ်တဲ့ အိုမီဂါ ၃၊ Fatty အက်စစ်တို့ပါတာကြောင့် ကိုလက်စထရောဓာတ်ကိုကျစေပြီး နှလုံးကိုကျန်းမာစေပါတယ်။

ထောပတ်သီးစားပေးတာက ကိုယ်ခန္ဓာကို အကျိုးမပြုတဲ့ ကိုလက်စထရောတွေကို ကျဆင်းစေပြီး နှလုံးရောဂါခံစားရနိုင်ခြေကို လျှော့ချပေးပါတယ်။ ထောပတ်သီးမှာ ရောင်ရမ်းမှုကိုသက်သာစေတဲ့ အစွမ်းရှိတဲ့အတွက် အဆစ်အမျက်ရောင်ရမ်းတာနဲ့ လေးဖက်နာဝေဒနာတွေကို သက်သာစေပါတယ်။ သွေးတွင်းကိုလက်စထရောမြင့်တဲ့သူတွေအနေနဲ့ ထောပတ်သီးကို နေ့စဉ်စားသုံးပေးမယ်ဆိုရင် ကိုယ်တွင်းက အကျိုးမပြုတဲ့ ကိုလက်စထရောကိုကျဆင်းပြီး အကျိုးပြုကိုလက်စထရောကို တိုးလာစေပါတယ်။

**ဆီးသီး**



ဆီးသီးမှာ ကာဗိုဟိုက်ဒရိတ်၊ ပရိုတင်း၊ အဆီဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်စီ၊ သီရာမင်း၊ နီကာဆင်၊ ဗီတာမင် B-6၊ ဗီတာမင် B-12၊ ကယ်လ်စီယမ်၊ သံဓာတ်၊ မဂ္ဂနီဆီယမ်၊ ပိုတက်ဆီယမ်၊ ဆိုဒီယမ်၊ ဇင့်တို့ပါဝင်ပါတယ်။ ဒါကြောင့် ဆေးဖက်ဝင်တဲ့အသီးအဖြစ် ဆီးသီးကို သတ်မှတ်ခဲ့ကြတာဖြစ်ပြီး ဆီးသီးဟာ အာရုံကြောစနစ်တွေကိုပြေလျော့စေပြီး ကောင်းကောင်းအိပ်ပျော်စေပါတယ်။ ဆီးသီးကို ဖျော်ရည်လုပ်သောက်လို့ရသလို အခြောက်လှန်းပြီး ရေနွေးထဲ စိမ်သောက်တာကလဲ ကျန်းမာရေးအတွက် ကောင်းပါတယ်။

ဆီးသီးမှာပါတဲ့ ကြွယ်ဝတဲ့အမျှင်ဓာတ်က ကိုယ်တွင်းဇီဝကမ္မဖြစ်စဉ်တွေကို ကောင်းမွန်စေပြီး တစ်နေ့တာလုံး လန်းဆန်းတက်ကြွစေမှာဖြစ်သလို ကိုယ်ခန္ဓာကိုလဲ အင်အားပြည့်ဝနေစေမှာဖြစ်ပါတယ်။ ဆီးသီးဟာ အစာခြေစနစ်ကို ကျန်းမာစေပြီး အူနံရံတွေကို အာဟာရစုပ်ယူမှုကောင်းစေကာ အစာကြေလွယ်စေတာကြောင့် ဝမ်းချုပ်တာမျိုးမဖြစ်စေဖို့ ကာကွယ်ပေးပါတယ်။

**ဆီးဖြူသီး**

ဆီးဖြူသီးမှာ ချို၊ ချဉ်၊ ဖန်တဲ့အရသာရှိပြီး အစာကြေလွယ်စေပါတယ်။ ဆီးဖြူသီးဟာ ချောင်းဆိုး၊ ပန်းနာ၊ လေနာတို့ကို ပျောက်ကင်းစေပါတယ်။ သွေးဝမ်းသွားရင် ဆီးဖြူသီးအစိမ်းကိုထောင်းပြီး အရည်ညှစ်ယူကာ



သံပရာရည်နဲ့သောက်ရင် သက်သာပျောက်ကင်းစေပါတယ်။ ဆီးဖြူသီးကို အခြောက်လှန်းပြီး ဒါမှမဟုတ် အစိုကိုသွေးပြီး သံပရာရည်နဲ့ရောကာ အရေပြားပေါ်မှာဖြစ်တတ်တဲ့ ယားယံနာ၊ ပွေး၊ ညှင်း၊ တင်းတိပ်တွေကို လိမ်းပေးနိုင်ပါတယ်။ နှာခေါင်းသွေးလျှံတဲ့အခါ ဆီးဖြူသီးကို ညက်ညက်ကြိတ်ပြီး နှာခေါင်းထိပ်အုံပေးတာက နှာခေါင်းသွေးလျှံတာကို ပျောက်စေပါတယ်။ ဒါ့ပြင် မီးလောင်၊ ရေနွေးပူလောင်တဲ့အနာတွေကိုလဲ ဆီးဖြူရွက်ကို အသုံးပြုပြီး ကုသနိုင်ပါတယ်။

**ပန်းသီးစိမ်း**



ပန်းသီးစိမ်းဟာ ပုံမှန်စားနေကျ အနီရောင်ပန်းသီးတွေလို သိပ်မချိုဘဲ နည်းနည်းချဉ်ပါတယ်။ မမှည့်သေးလို့ စိမ်းနေတာမျိုးမဟုတ်ဘဲ ပန်းသီးစိမ်းဆိုပြီး မျိုးသတ်သတ်ရှိတာပါ။ အနီရောင်ပန်းသီးလိုပဲ အစိမ်းရောင်ပန်းသီးတွေမှာလဲ ကျန်းမာရေးအတွက် ကောင်းကျိုးရှိပါတယ်။ ပန်းသီးစိမ်းတွေမှာ ခန္ဓာကိုယ်တစ်ခုလုံးအတွက် လိုအပ်တဲ့ အာဟာရဓာတ်၊ အမျှင်ဓာတ်၊ သတ္တုဓာတ်တွေနဲ့ ဗီတာမင်တွေ ပါဝင်ပါတယ်။ ဒါ့ပြင် ခန္ဓာကိုယ်တွင်း အစာခြေစနစ်နဲ့ဆိုင်တဲ့ ဇီဝကမ္မဖြစ်စဉ်တွေကို ကောင်းမွန်စေတဲ့ဓာတ်တွေ ပန်းသီးစိမ်းမှာ မြင့်မားစွာပါဝင်ပါတယ်။ ပန်းသီးစိမ်းတွေမှာ အဆီပါဝင်မှုပမာဏ အလွန်နည်းပါတယ်။ ခန္ဓာကိုယ်တွင်း သွေးစီးဆင်းမှုကိုကောင်းစေပြီး ကိုယ်တွင်းသွေးလည်ပတ်မှုကောင်းရင် နှလုံးနဲ့ဆက်စပ်တဲ့ရောဂါတွေနဲ့ လေဖြတ်မဲ့အန္တရာယ်ကနေ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ပန်းသီးစိမ်းတွေမှာ ဗီတာမင်ကေလဲ ပေါကြွယ်ဝတဲ့အတွက် ထိခိုက်ဒဏ်ရာရရင် အမြန်အနာကျက်စေပါတယ်။ ပန်းသီးစိမ်းတွေမှာ အရေပြားဆဲလ်တွေကို (အိုမင်းရင့်ရော်မှုဖြစ်စေတဲ့) ဖရီးရယ်ဒီကယ်တွေကို တိုက်ထုတ်ပေးနိုင်တာကြောင့် ပန်းသီးစိမ်းကို စားသုံးပေးမယ်ဆိုရင် အရေပြားကင်ဆာဖြစ်နိုင်ခြေကိုလဲ လျှော့ချပေးနိုင်တဲ့အပြင် မျက်စိအားကို ကောင်းစေပါတယ်။ ပန်းသီးစိမ်းကို ပုံမှန်စားသုံးပေးမယ်ဆိုရင် အရိုးနဲ့သွားတွေကို ကျန်းမာကြံ့ခိုင်စေနိုင်တယ်လို့လဲ သိရပါတယ်။

အစိမ်းရောင်ရှိတဲ့သစ်သီးတွေဟာ ကိုယ်ခံစွမ်းအားကို တည်ဆောက်ရာမှာပါ ပိုမိုကောင်းမွန်တဲ့အတွက် ရောဂါပိုးတွေကို တိုက်ဖျက်ရာမှာကော ဇီဝဖြစ်စဉ်တွေကို ကောင်းမွန်စေပြီး အရိုးတွေကို သန်မာစေပါတယ်။ အစိမ်းရောင်သစ်သီးတွေကို စားသုံးတာဟာ အာဟာရဓာတ်တွေကလဲ ရရှိစေပြီး ကလိုရိုဖီးလ်ပါဝင်တဲ့ အစိမ်းရောင်သစ်သီးတွေနဲ့ အစိမ်းရောင်ဟင်းသီးဟင်းရွက်တွေကို နေ့စဉ်စားသုံးပေးတာက ကျန်းမာချမ်းသာခြင်းသုခကိုရရှိစေမှာဖြစ်ကြောင်း ရေးသားအပ်ပါတယ်။

**ကိုးကား**

- **Green Fruits To Include In Your Diet**
- **POWERFUL NUTRITION: GREEN FRUITS AND VEGETABLES**

# တနင်္ဂနွေနေ့ညကစားမဲ့ ယူရိုပြိုင်ပွဲနဲ့ ကိုပါအမေရိကဖလားအုပ်စုပွဲစဉ်တွေထဲက ကစားပုံထက်မြက်နေတဲ့ စကော့တလန်၊ ဆွစ်ဇာလန်၊ ဉရုဂွေးအသင်းတို့ကို ရွေးရမှာပါ



တနင်္ဂနွေနေ့ညမှာတော့ ယူရိုပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်တွေနဲ့ ကိုပါအမေရိကဖလား အဖွင့်ပွဲစဉ်တွေရှိနေတာကို တွေ့ရမှာပါ။ အဲဒီထဲက ယူရိုပြိုင်ပွဲက နောက်ဆုံးပွဲစဉ်မှာ ရမှတ်လိုအပ်ချက်ရှိနေတဲ့အသင်းတွေကို ဦးစားပေးချဉ်းကပ်သွားမှာဖြစ်သလို ကိုပါအမေရိကဖလားပြိုင်ပွဲမှာလဲ အဖွင့်ပွဲစဉ်မှာ အစဉ်အလာကောင်းတဲ့ အသင်းတွေကိုပဲ ရွေးချယ်သွားမှာပါ။ လက်ရှိ ယူရိုပြိုင်ပွဲဟာ အုပ်စုနောက်ဆုံးပွဲတွေ ရောက်လာတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်နေသလို အသင်းကြီး၊ အသင်းငယ်ကွာခြားချက် အရမ်းမများဘဲ အသင်းလိုက်ကစားအားကောင်းတဲ့ အသင်းတွေက ရမှတ်ရှာဖွေနိုင်တာကိုတွေ့ရမှာပါ။ ဒါကြောင့် လာမဲ့တနင်္ဂနွေနေ့ညမှာ တိုက်စစ်ကစားပုံထက်မြက်ပြီး အသင်းလိုက်ကစားအားကောင်းနေတဲ့အသင်းကိုပဲ ဆက်လက်ရွေးချယ်သွားမှာဖြစ်ပါတယ်။

### စကော့တလန်အသင်းကို ရွေးချယ်ရမှာပါ

ယူရိုပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ စကော့တလန်နဲ့ ဟန်ဂေရီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ စကော့တလန်ဟာ ယူရိုပြိုင်ပွဲအုပ်စု(A) မှာ စုဖွဲ့မှုအားနည်းတယ်ဆိုပေမဲ့ တိုက်စစ်ကစားပုံထက်မြက်တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ အိမ်ရှင်ဂျာမနီကို ငါးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့ပေမဲ့ တန်ပြန်တိုက်စစ်ကနေ ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့တာကြောင့် ချေပဂိုးတစ်ဂိုးပြန်ရခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်ရဲ့ ပွဲချိန် ၄၄ မိနစ်မှာ ခံစစ်ကစားသမားတစ်ယောက် တိုက်ရိုက်အနီကတ်နဲ့ထုတ်ပယ်ခံခဲ့ရပြီး ပင်နယ်တီပေးလိုက်ရပေမဲ့ ဒုတိယပိုင်းမှာ ဂျာမနီကို တစ်ယောက်လျော့နဲ့ကစားသွားတဲ့ခြေစွမ်းပိုင်းက အားရစရာကောင်းတာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ စကော့တလန်ရဲ့ ၃-၄-၁-၂ ကစားပုံက ဆွစ်ဇာလန်ကို အခက်တွေ့စေခဲ့သလို ဦးဆောင်ဂိုးရမဲ့အခွင့်အရေးတွေလဲ ဖန်တီးနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ဒုတိယပိုင်းပွဲချိန် ၆၁ မိနစ်မှာ တီယာနေးထွက်ခွာပြီးနောက်ပိုင်း စကော့တလန်အသင်း ကစားအားကျသွားတာကြောင့် အနိုင်ရမဲ့အခွင့်အရေးဆုံးရှုံးခဲ့တာဖြစ်ပါတယ်။ နှစ်ပွဲကစားပြီး သရေတစ်မှတ်ရထားတဲ့ စကော့တလန်ဟာ အခုပွဲကိုအနိုင်ရခဲ့ရင် အကောင်းဆုံးတတိယနေရာနဲ့ အုပ်စုကကျော်ဖြတ်နိုင်မဲ့အခွင့်အရေးရှိနေတာကြောင့် ခြေရည်တူအသင်းဖြစ်တဲ့ ဟန်ဂေရီအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာသေချာပါတယ်။

ဆိုဘော့ဇာလိုင် ဦးဆောင်နေတဲ့ ဟန်ဂေရီအသင်းကလဲ အခုအုပ်စုမှာ ကစားသမားစုဖွဲ့မှု အားနည်းတဲ့အသင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ဆွစ်ဇာလန်နဲ့ကစားခဲ့တဲ့အဖွင့်ပွဲစဉ်မှာ ကစားကွက်ပိုင်း ကောင်းမွန်ခဲ့ပေမဲ့ ဆွစ်ဇာလန်ခံစစ်ပိုင်းကို မကျော်ဖြတ်နိုင်ဘဲ တစ်ပွဲလုံးမှာဂိုးပေါက်တည့်မတ်မှု နှစ်ကြိမ်ပဲရှိခဲ့ပြီး သုံးဂိုးတစ်ဂိုးနဲ့ရှုံးခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ ဆိုဘော့ဇာလိုင်နဲ့ ဗာဂါတို့အတွဲအချိတ်အဆက်ကောင်းခဲ့ပေမဲ့ ဆွစ်ဇာလန်ခံစစ်ရဲ့ထိန်းချုပ်မှုကိုခံခဲ့ရတာကြောင့် ဂိုးရဖို့အခွင့်အရေးနည်းခဲ့ပြီး ရှုံးပွဲကြုံခဲ့ရတာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်မှာတော့ အိမ်ရှင်ဂျာမနီအသင်းကို တန်ပြန်တိုက်စစ်နဲ့ပြန်လည်တုံ့ပြန်ခဲ့ပေမဲ့ အဆုံးသတ်ပိုင်းအားနည်းချက်ကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ နှစ်ဂိုးပြတ်နဲ့ရှုံးခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ လာမဲ့ပွဲစဉ်ကို အနိုင်ရရင်တောင်မှ ရမှတ်သုံးမှတ်နဲ့ ပေးဂိုးများနေတာကြောင့် အကောင်းဆုံးတတိယနဲ့နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးလဲ နည်းနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀ ယူရိုပြိုင်ပွဲမှာလဲ သုံးပွဲကစားခဲ့ရာမှာ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အုပ်စုက လှည့်ပြန်ခဲ့ရသလို အခုပြိုင်ပွဲမှာလဲ ခံစစ်ပိုင်းကျဆင်းနေတာကြောင့် စကော့တလန်လို တိုက်စစ်ကစားအားကောင်းတဲ့အသင်းကို ဂိုးပေးရဖို့ များပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတစ်ကြိမ်မှာလဲ စကော့တလန်က တစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာကြောင့် နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ စကော့တလန်အသင်းကို ရွေးချယ်ရမှာပါ။

**စကော့တလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| စကော့တလန် | ၀ | - | ၁ | ဂျော်ဂျီယာ |
| ဂျီဘရော်တာ | ၀ | - | ၂ | စကော့တလန် |
| စကော့တလန် | ၂ | - | ၂ | ဖင်လန် |
| ဂျာမနီ | ၅ | - | ၁ | စကော့တလန် |
| စကော့တလန် | ၁ | - | ၁ | ဆွစ်ဇာလန် |

**ဟန်ဂေရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဟန်ဂေရီ | ၂ | - | ၀ | ကိုဆိုဗို |
| အိုင်ယာလန် | ၂ | - | ၁ | ဟန်ဂေရီ |
| ဟန်ဂေရီ | ၃ | - | ၀ | အစ္စရေး |
| ဟန်ဂေရီ | ၁ | - | ၃ | ဆွစ်ဇာလန် |
| ဂျာမနီ | ၂ | - | ၀ | ဟန်ဂေရီ |

### ဆွစ်ဇာလန်အသင်းနဲ့ လက်တွဲရမှာပါ

အုပ်စု(A) နောက်ဆုံးပွဲစဉ်မှာ နောက်ထပ်အကြိုက်တွေ့မိတာကတော့ ဆွစ်ဇာလန်နဲ့ ဟန်ဂေရီအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ဆွစ်ဇာလန်ဟာ နည်းပြ ယာကင်လက်ထက်မှာ ခြေစွမ်းပိုင်း တိုးတက်လာတာကြောင့် ယူရိုပြိုင်ပွဲမတိုင်မီကစားခဲ့တဲ့ ခြေစမ်းပွဲစဉ်တွေမှာလဲ ရှုံးပွဲမရှိခဲ့တာကိုတွေ့ရမှာပါ။ အခုအုပ်စုမှာလဲ အဖွင့်ပွဲစဉ်မှာ ဟန်ဂေရီကို သုံးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့သလို ဒုတိယပွဲစဉ်မှာလဲ စကော့တလန်ကို တစ်ဂိုးစီသရေရလဒ်ကစားနိုင်တာကြောင့် နောက်တစ်ဆင့်တက်ဖို့အခွင့်အရေးကောင်းနေတာဖြစ်ပါတယ်။ ရမှတ်လေးမှတ်ရထားတဲ့ ဆွစ်ဇာလန်ဟာ အခုပွဲကို သရေကစားနိုင်မယ်ဆိုရင် အုပ်စုကကျော်ဖြတ်နိုင်ဖို့သေချာနေတာကြောင့် နည်းပြယာကင်အနေနဲ့ ၃-၄-၂-၁ ကစားကွက်နဲ့ပဲ ဂျာမနီကို ပွဲထွက်လာမလားဆိုတာစောင့်ကြည့်ရမှာပါ။ သူတို့အသင်းဟာ ဂျာမနီနဲ့တွေ့ဆုံခဲ့တဲ့ တွေ့ဆုံမှုသုံးကြိမ်မှာလဲ တစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ရှုံးပွဲမရှိ ကစားနိုင်တဲ့ အစဉ်အလာကောင်းတွေရှိနေတာကြောင့် အခုပွဲစဉ်မှာ အနည်းဆုံး သရေတစ်မှတ်ရယူနိုင်မယ်လို့ ထင်ပါတယ်။

ဂျာမနီအသင်းဟာ နည်းပြနာဂျယ်စမန်းလက်ထက်မှာ ကစားပုံတိုးတက်လာခဲ့တာကြောင့် ရလဒ်ကောင်းခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲမတိုင်မီကစားခဲ့တဲ့ ခြေစမ်းပွဲမှာ ပြင်သစ်၊ နယ်သာလန်တို့လို တိုက်စစ်ကောင်းတဲ့အသင်းတွေကိုနိုင်ပွဲရခဲ့သလို အဖွင့်ပွဲစဉ်မှာလဲ စကော့တလန်ကို ကစားပုံအသာနဲ့ကစားပြီး ငါးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒုတိယပွဲစဉ်မှာလဲ ဟန်ဂေရီကို ကစားပုံအသာနဲ့နှစ်ဂိုးပြတ်အနိုင်ရခဲ့တဲ့ခြေစွမ်းတွေက အားရစရာကောင်းနေသလို တိုက်စစ်မှူးမူစီအာလာကလဲ ပွဲတိုင်းဂိုးသွင်းယူနိုင်ခဲ့ပြီး ပြိုင်ဘက်အသင်းတွေရဲ့အာရုံစိုက်ခံနေရတဲ့ ကစားသမားဖြစ်နေတာကို တွေ့ရမှာပါ။ အခုပြိုင်ပွဲမှာ နှစ်ပွဲစလုံးအနိုင်ရခဲ့တာကြောင့် အုပ်စုက အစောဆုံးတက်ရောက်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် လာမဲ့ပွဲစဉ်ဟာ ဂျာမနီအတွက်အရေးမပါတော့ပေမဲ့ ဆွစ်ဇာလန်အတွက်ကတော့ အနည်းဆုံးသရေတစ်မှတ်ရမှ နောက်တစ်ဆင့်တက်ဖို့ သေချာမှာဖြစ်လို့ ရမှတ်လိုအပ်နေတဲ့ဆွစ်ဇာလန်အသင်းနဲ့ လက်တွဲရမှာပါ။

**ဆွစ်ဇာလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အိုင်ယာလန် | ၀ | - | ၁ | ဆွစ်ဇာလန် |
| ဆွစ်ဇာလန် | ၄ | - | ၀ | အက်စ်တိုးနီးယား |
| ဆွစ်ဇာလန် | ၁ | - | ၁ | ဩစတြီးယား |
| ဟန်ဂေရီ | ၁ | - | ၃ | ဆွစ်ဇာလန် |
| စကော့တလန် | ၁ | - | ၁ | ဆွစ်ဇာလန် |

**ဂျာမနီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျာမနီ | ၂ | - | ၁ | နယ်သာလန် |
| ဂျာမနီ | ၀ | - | ၀ | ယူကရိန်း |
| ဂျာမနီ | ၂ | - | ၁ | ဂရိ |
| ဂျာမနီ | ၅ | - | ၁ | စကော့တလန် |
| ဂျာမနီ | ၂ | - | ၀ | ဟန်ဂေရီ |

### ဉရုဂွေးအသင်း အနိုင်ရမှာပါ

ကိုပါအမေရိကဖလား အုပ်စုအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဉရုဂွေးနဲ့ပနားမားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဉရုဂွေးအသင်းဟာ အုပ်စု(C)မှာ အမေရိကန်၊ ဘိုလီဗီးယား၊ ပနားမားတို့နဲ့ကစားရမှာဖြစ်ပေမဲ့ အမေရိကန်အသင်းနဲ့သာ အုပ်စုကကျော်ဖြတ်ဖို့ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဘိုလီဗီးယားနဲ့ ပနားမားအသင်းကတော့ အမေရိကန်၊ ဉရုဂွေးအသင်းတို့နဲ့ယှဉ်ရင် ကစားကွက်ပိုင်းရော စုဖွဲ့မှုပိုင်းမှာပါ အားနည်းနေတဲ့အသင်းတွေဖြစ်နေတာကိုတွေ့ရမှာပါ။ ဉရုဂွေးအသင်းဟာ ကိုပါအမေရိကဖလားသမိုင်းမှာ ဆုဖလား ၁၅ ကြိမ်ထိရရှိခဲ့ပြီး နောက်ဆုံးဆုဖလားကိုတော့ ၂၀၁၁ ခုနှစ်မှာရရှိခဲ့တာဖြစ်ပါတယ်။ အခုပြိုင်ပွဲမှာတော့ သူတို့အသင်းဟာ ချန်ပီယံဆုကိုစိန်ခေါ်နိုင်ဖို့အတွက် ထိပ်တန်းအဆင့်ကစားသမားတွေဖြစ်တဲ့ နူနက်၊ ဆွာရက်ဇ်၊ ဘန်တန်ကာ၊ ဂျီမီနက်ဇ်၊ အာရှုဂျို တို့လိုကစားသမားတွေနဲ့ စုဖွဲ့ထားတာဖြစ်ပါတယ်။ ကိုပါအမေရိကဖလား မတိုင်ခင်ခြေစမ်းပွဲမှာလဲ ကော်စတာရီကာကို သရေ၊ မက္ကဆီကိုကို လေးဂိုးပြတ်နဲ့အနိုင်ရခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာဖြစ်နေပါတယ်။

ကွန်ကာကပ်ဇုန်က ပနားမားအသင်းဟာ ကမ္ဘာ့အဆင့်(၄၅)မှာ ရပ်တည် နေပေမဲ့ ကမ္ဘာ့အဆင့်(၁၅)က ဉရုဂွေးနဲ့ယှဉ်ရင်တော့ အဆင့်တစ်ဆင့်လောက်ကွာခြားမှုရှိနေတာကို တွေ့ရမှာပါ။ ပနားမားဟာ ကိုပါအမေရိကဖလားပြိုင်ပွဲမှာ ၂၀၁၆ ခုနှစ်မှာ ပါဝင်ကစားခွင့်ရခဲ့ပေမဲ့ တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးနဲ့ အုပ်စုအဆင့်ကပဲ ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ကွန်ကာကပ်ဖလားပြိုင်ပွဲမှာတော့ ၂၀၀၅ ခုနှစ်ကစလို့ နှစ်တိုင်းခြေစစ်ပွဲအောင်ခဲ့သလို အမြင့်ဆုံးဗိုလ်လုပွဲထိတက်ရောက်နိုင်ခဲ့တာကို တွေ့ရမှာပါ။ ကစားသမားစုဖွဲ့မှုကတော့ ဉရောပထိပ်သီးကလပ်မှာကစားနေတဲ့ မာဆေးအသင်းက မူရီလိုတစ်ယောက်ပဲရှိပြီး ကျန်ကစားသမားတွေကတော့ အသင်းငယ်တွေက ကစားသမားတွေနဲ့စုဖွဲ့ထားတာဖြစ်ပါတယ်။ ပနားမားအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ သူတို့အနိုင်ရခဲ့တာက သမုဒ္ဒရာပိုင်းဇုန်ကအသင်းငယ်တွေဖြစ်တာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု သုံးကြိမ်မှာတော့ ဉရုဂွေးက သုံးပွဲစလုံးအနိုင်ရခဲ့ပြီး သွင်းဂိုး ကိုးဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်လို့ အခုပွဲစဉ်မှာလဲ ခြေစွမ်းပိုင်းကောင်းမွန်တဲ့ ဉရုဂွေးအသင်း အနိုင်ရမှာပါ။

**ဉရုဂွေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အာဂျင်တီးနား | ၀ | - | ၂ | ဉရုဂွေး |
| ဉရုဂွေး | ၃ | - | ၀ | ဘိုလီဗီးယား |
| အိုင်ဗရီကို့စ် | ၂ | - | ၁ | ဉရုဂွေး |
| ကော်စတာရီကာ | ၀ | - | ၀ | ဉရုဂွေး |
| မက္ကဆီကို | ၀ | - | ၄ | ဉရုဂွေး |

**ပနားမားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပနားမား | ၃ | - | ၁ | ကော်စတာရီကာ |
| ပနားမား | ၃ | - | ၀ | မက္ကဆီကို |
| ဂျမေကာ | ၁ | - | ၀ | ပနားမား |
| ပနားမား | ၂ | - | ၀ | ဂူယာနာ |
| မောင်ဆာရက် | ၁ | - | ၃ | ပနားမား |

# ကနေဒါနိုင်ငံ နယူးဖောင်လန်နှင့် လာဘရာဒေါပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု မထိန်းချုပ်နိုင်သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ



**အော့တာဝါ ဇွန် ၂၁**

ကနေဒါနိုင်ငံ အရှေ့ပိုင်းပြည်နယ်ဖြစ်သော နယူးဖောင်လန်နှင့် လာဘရာဒေါပြည်နယ်တွင် တောမီးလောင်ကျွမ်းမှု မထိန်းချုပ်နိုင်သည့်အတွက် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဇွန် ၁၉ ရက် နှောင်းပိုင်းက စတင်လောင်ကျွမ်းခဲ့သော တောမီးသည် ဇွန် ၂၀ရက်တွင် မထိန်းချုပ်နိုင်သေးသဖြင့် တောမီးလောင်ကျွမ်းမှုအနီး နေထိုင်သူ ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

"ရေပုံးကြိုလေယာဉ်လေးစင်းနဲ့ ရဟတ်ယာဉ်လေးစင်းထိ အသုံးပြုပြီး မီးကို ကြိုးစားငြိမ်းသတ်နေပါတယ်။ လက်ရှိမှာ ပြည်နယ်ဟာ ပြင်းထန်တဲ့ တောမီးခုနစ်ခုကို ကိုင်တွယ်ဖြေရှင်းနေရပြီး သုံးခုကို ထိန်းချုပ်နိုင်ခဲ့ပေမဲ့ လေးခုကိုတော့ ထိန်းချုပ်နိုင်တာမရှိသေးပါဘူး"ဟု နယူးဖောင်လန်နှင့် လာဘရာဒေါပြည်နယ် ဝန်ကြီးချုပ် Andrew Furey က ပြောကြားခဲ့သည်။

Churchill Falls စက်ရုံသည် လျှပ်စစ်ဓာတ်အား ၅၄၂၈ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်ပြီး ပြည်နယ်တွင် အကြီးဆုံး မြေအောက်ရေအားလျှပ်စစ်စက်ရုံဖြစ်ကြောင်း၊ ယခုလောင်ကျွမ်းနေသောမီးလောင်မှုသည် အဆိုပါ စက်ရုံမှ ငါးကီလိုမီတာအကွာတွင် ဖြစ်ပွားနေခြင်းဖြစ်သည့်အတွက် အန္တရာယ်ရှိသဖြင့် ဒေသခံများကို ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်ကြောင်း ပြည်နယ်လျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Russia Today**

**Trs : KZ**

# ကမ္ဘာ့မြောက်ခြမ်းရှိ နေရောင်ခြည်စွမ်းအင်မှ တစ်ကမ္ဘာလုံးအတွက် လျှပ်စစ်လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်

**လန်ဒန် ဇွန် ၂၁**

ကမ္ဘာ့မြောက်ခြမ်း၏ တစ်နှစ်တာလုံးတွင်ရရှိသော နေရောင်ခြည်စွမ်းအင်သည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် လိုအပ်သော လျှပ်စစ်လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းကို ထုတ်လုပ်နိုင်ကြောင်း Thinktank Ember အဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်ခြင်းသည် နည်းပညာကုန်ကျစရိတ်သက်သာသော သဘာဝလျှပ်စစ်အရင်းအမြစ်တစ်ခုဖြစ်ပြီး ၂၀၅၀ ပြည့်နှစ်မတိုင်မီတွင် နေရောင်ခြည်စွမ်းအင်သည် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် အကြီးမားဆုံးအရင်းအမြစ်ဖြစ်လာရန် မျှော်လင့်ထားကြောင်း သုတေသီတချို့က ပြောကြားသည်။

၂၀၂၃ ခုနှစ်တွင် နေရောင်ခြည်စွမ်းအင်မှ ကမ္ဘာလုံးဆိုင်ရာလျှပ်စစ်ဓာတ်အား၏ ၅ ဒသမ ၅ ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၃၄ နိုင်ငံသည် ၎င်းတို့၏လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၁၀ ရာခိုင်နှုန်းကျော်ကို နေရောင်ခြည်စွမ်းအင်မှထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း Thinktank Ember အဖွဲ့၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

Thinktank Ember အဖွဲ့သည် သန့်ရှင်းသော စွမ်းအင်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်ရန် အချက်အလက်နှင့် မူဝါဒကိုအခြေခံထားသည့် လွတ်လပ်သော ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ပညာရှင်များအဖွဲ့ဖြစ်ကြောင်း၊ ၎င်းအဖွဲ့သည် နေရောင်ခြည်စွမ်းအင်ကို စုပ်ယူရန်အတွက် ဆိုလာပြားများစွာကို မြောက်ဘက်ကမ္ဘာခြမ်းတွင် တပ်ဆင်ထားပြီး မေလက အဆိုပါဆိုလာပြားများမှ တစ်နေ့လျှင် ကမ္ဘာ့လျှပ်စစ် လိုအပ် ချက်စုစုပေါင်း၏ ၈ ဒသမ ၂ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ဇွန်လတွင် ၂၀ ရာခိုင်နှုန်းထိ တိုး၍ထုတ်လုပ်လာကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# အိန္ဒိယနိုင်ငံတွင် မိုးရွာသွန်းလာမှုကြောင့် အပူချိန်မြင့်တက်မှုလျော့ကျလာဖွယ်ရှိ

**နယူးဒေလီ ဇွန် ၂၁**

အိန္ဒိယနိုင်ငံတွင် မေလနောက်ဆုံးပတ်မှစတင်၍ အပူလှိုင်းဖြတ်သန်းပြီး အပူချိန်မြင့်တက်ခဲ့သော်လည်း ယခုအခါ မိုးရွာသွန်းလာမှုကြောင့် လာမည့်ရက်ပိုင်းအတွင်း အပူချိန် လျော့ကျလာဖွယ်ရှိနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးရွာသွန်းမှုကြောင့် အပူချိန် လျော့ကျလာဖွယ်ရှိနေသည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း အဆင်ပြေသွားနိုင်သည့် အခြေအနေဖြစ်ကြောင်း၊ မဟာရက်ရှ်သရာပြည်နယ်တွင် မိုးရွာသွန်းမှုသည် ခန့်မှန်းထားသည်ထက် နှစ်ရက်စော၍ ရွာသွန်းခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ အလယ်ပိုင်းနှင့်အရှေ့ဘက်ပိုင်းတွင် လာမည့်ရက်ပိုင်းအတွင်း မိုးရွာသွန်းဖွယ်ရှိနေကြောင်း အိန္ဒိယ မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"မဟာရက်ရှ်သရာပြည်နယ်မှာတော့ မိုးရွာသွန်းမှုတွေဖြစ်ပေါ်နေပါတယ်။ မိုးရွာသွန်းမှုကြောင့် လာမဲ့နှစ်ရက်၊ သုံးရက်အတွင်း အပူချိန်တွေ လျော့ကျလာနိုင်ပါတယ်" ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မိုးရွာသွန်းနေသည့် ဒေသများတွင် ဆည်မြောင်းတာတမံများအတွင်း ရေသိုလှောင်မှုများ ပြုလုပ်နေပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလုံလောက်စွာပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း မဟာရက်ရှ်သရာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်



သွားခဲ့သည်။

မိုးခေါင်သည့်ပြဿနာရင်ဆိုင်ထားရသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေပေးဝေနိုင်ရေး ဆည်မြောင်းများ၊ ရေလှောင်တမံနှင့် တာတမံများတွင် ရွာသွန်းနေသည့် မိုးရေ၏ ၇၀ ရာခိုင်နှုန်းထိကို ရေပြန်လည်ဖြည့်တင်းရေးအတွက် အသုံးပြုသွားရဖွယ်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံးပြီး လူနေအိမ် ၅၀၀ ကျော် မီးလောင်ကျွမ်းပျက်စီးခဲ့

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် လူနှစ်ဦးသေဆုံးကာ လူနေအိမ် ၅၀၀ ကျော် မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း နယူးမက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် နယူးမက္ကဆီကိုပြည်နယ် တောင်ဘက်ပိုင်းတွင် ဖြစ်ပွားနေခြင်းဖြစ်ပြီး လူဦးရေ ၈၀၀၀ ကျော် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း၊ သေဆုံးသူ သုံးဦးကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် တစ်ဦးကို အတည်ပြုနိုင်ခဲ့ပြီး ၎င်းသေဆုံးသူမှာ အသက် ၆၀ နှစ်အရွယ် ပက်ထရစ်ပီယာဆန်ဖြစ်ကြောင်း နယူးမက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ လူနေအိမ်ခြေတွေဆီကို ကူးစက်လောင်ကျွမ်းနေပါတယ်။ လူနေအိမ် ၅၀၀ ကျော်ထိ တောမီးကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးအန္တရာယ်ကြောင့် လူနှစ်ယောက်သေဆုံးသွားခဲ့ပြီး အယောက် ၈၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတယ်။ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ အန္တရာယ်ဇုန်အတွင်းမှာ နေထိုင်တဲ့ ဒေသခံတွေအားလုံး ဘေးလွတ်ရာကို မဖြစ်မနေ ရွှေ့ပြောင်းကြဖို့လဲ တိုက်တွန်းအပ်ပါတယ်"ဟု နယူးမက္ကဆီကိုပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းခဲ့သည့် အဆောက်အအုံ ၁၄၀၀ ကျော်ရှိခဲ့ပြီး လက်ရှိလောင်ကျွမ်းနေသည့် တောမီးလောင်ကျွမ်းမှုသည် အဆိုးရွားဆုံးသော တောမီးလောင်ကျွမ်းမှုအဖြစ် မှတ်တမ်းဝင်သွားခဲ့ကြောင်း သိရသည်။

တောမီးဒဏ်သင့်ဒေသများကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ရပြီး တောမီးကူးစက်လောင်ကျွမ်းခဲ့သည့်သစ်တောမြေဒေသမှာ စိုက်ပျိုးမြေဧက၂၃၀၀၀ ကျော်ထိ ပျက်စီးနေပြီဖြစ်ကြောင်း နယူးမက္ကဆီကို အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မက္ကဆီကိုပင်လယ်ကွေ့တွင် အယ်ဘာတိုမုန်တိုင်းတိုက်ခတ်မှုကြောင့် လူသုံးဦး သေဆုံး

**မက္ကဆီကိုစီးတီး ဇွန် ၂၁**

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုပင်လယ်ကွေ့တွင် အယ်ဘာတိုဟု အမည်ပေးထားသည့် မုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့မှုကြောင့် လူသုံးဦးသေဆုံးခဲ့ကြောင်း မက္ကဆီကိုအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မုန်တိုင်းသည် မက္ကဆီကိုပင်လယ်ကွေ့နှင့် မက္ကဆီကိုနိုင်ငံ အရှေ့မြောက်ဘက်ပိုင်းသို့ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ အရှေ့ဘက်ပိုင်း တမ်ပီကိုဆိပ်ကမ်းမြို့သို့ အဓိကဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၅၀ နှုန်းဖြင့်တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အယ်ဘာတိုမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားနေပြီးတော့ မုန်တိုင်းကြောင့် နေရာတော်တော်များများမှာရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ မြေပြိုကျမှုတွေလဲဖြစ်ပေါ်လာနိုင်တယ်။ ရေဘေးအန္တရာယ်ကြောင့် လူသုံးယောက် သေဆုံးခဲ့တယ်။ သေဆုံးသူတွေအနက် တစ်ယောက်ကတော့ အသက် ၁၅ နှစ်အရွယ် အမျိုးသားတစ်ယောက်ဖြစ်ပါတယ်။ ကျန်နှစ်ယောက်ကိုတော့ စိစစ်နေဆဲဖြစ်ပါတယ်"ဟု မက္ကဆီကိုနိုင်ငံ ကယ်ဆယ်ရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မုန်တိုင်းဒဏ်သင့် ဒေသများတွင် မက္ကဆီကိုကယ်ဆယ်ရေး ဝန်ထမ်းများအပြင် မက္ကဆီကိုတပ်မတော်သားများကပါ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သေဆုံးသူ သုံးဦးအနက် တစ်ဦးမှာ အသက် ၁၅ နှစ်အရွယ် လူငယ်တစ်ဦးဖြစ်ပြီး ကျန်နှစ်ဦးကို စိစစ်နေဆဲဖြစ်ကြောင်း မက္ကဆီကိုနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

အယ်ဘာတိုမုန်တိုင်းကြောင့် မိုးသည်းထန်စွာရွာသွန်းမှုအပြင် မြေပြိုကျမှုများလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် ဒေသခံများကို သဘာဝဘေးအန္တရာယ်အရေးပေါ် အခြေအနေအဖြစ် ထုတ်ပြန်ထားကြောင်း မက္ကဆီကိုကယ်ဆယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ပြင်ဦးလွင်

နန်းမြိုင်ကော်ဖီ






ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၈၅ ၂၀၂၀၇၄၀၊ ၀၉ ၃၀၅၂၉၀၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

DAGON ဒဂုံ

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၀၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ချိတ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)၊ မြဝတီစာပေတိုက်၊ မြဝတီသတင်းစာတိုက်၊ ရတနာပုံသတင်းစာတိုက်နှင့် တပ်မတော်ပညာရေးကျောင်းများအတွက် လိုအပ်သော ပုံနှိပ်စက်သုံးကုန်ကြမ်းပစ္စည်းများ၊ ထုပ်ပိုးခွံနှင့်လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ ဆက်တင်ပိုင်းဆိုင်ရာပစ္စည်းများ၊ ဖျော်ဖြေရေးဆိုင်ရာပစ္စည်းများနှင့် ဖျော်ဖြေရေးဝတ်စုံပိုင်းဆိုင်ရာပစ္စည်းများအား ချိတ်ပိတ်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်၍ တင်ဒါပုံစံဖြည့်စွက်ပြီး ၂၂-၆-၂၀၂၄ ရက်မှ ၂၈-၆-၂၀၂၄ ရက်ထိ နောက်ဆုံးထားတင်သွင်းနိုင်ပါသည်။ တင်သွင်းလိုသူများအနေဖြင့် ပစ္စည်းခေါင်းစဉ်တစ်ခုချင်းစီ၏ Lot အလိုက် ပစ္စည်းများအားလုံး တင်ဒါတင်သွင်းရမည်ဖြစ်ကြောင်း ဖြည့်စွက်ဖော်ပြအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက သက်ဆိုင်ရာတပ်သို့လည်းကောင်း၊ ဖုန်းနံပါတ်၊ ၀၃၁-၇၄၀၀၆၊ ၀၃၁-၆၀၂၇၈၊ ၀၃၁-၇၄၂၇၃၊၀၃၂-၃၀၂၇၀၊ ၀၃၃-၇၂၇၈၁၊ ၀၃၆-၃၀၅၂၆ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်နေ ဦးချစ်စု ၏သား ဦးဇော်မျိုးငွေး၏ မွေးသက္ကရာဇ်အမှန်မှာ ၇-၁၁-၁၉၈၂ ဖြစ်ပါကြောင်း။ **၇-၁၁-၁၉၈၂**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ ဆည်တိုကျေးရွာ၊ ပညာငွေလမင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်လင်းထက်ဟိန်း ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ခိုင် ဖြစ်ပါကြောင်း။ **ဦးကျော်ခိုင်(၉/မလန(နိုင်)၁၄၉၂၈၂)**

## ဖခင်အမည်မှန်

မလှိုင်မြို့နယ်၊ ဆည်တိုကျေးရွာ၊ အောင်ခွင်မှန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မဟေနွယ်ဦး ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးသိန်းဇော်ဝင်း ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်ဝင်း(၉/ကပတ(နိုင်)၂၂၉၁၅၃)**

## အမည်မှန်

မလှိုင်မြို့နယ်၊ ဆည်တိုကျေးရွာ၊ ဂုဏ်ထူးဦးချမ်းသာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော (ဘ)ဦးနန်းဝင်း(၉/မလန(နိုင်)၁၁၆၀၀၃) ၏သမီး မအိမ့်ဖူးသွယ် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မအိအိမွန် ဖြစ်ပါကြောင်း။ **မအိအိမွန်**

## အမည်မှန်

မလှိုင်မြို့နယ်၊ အထက-ဆည်တို၊ Grade-6 တွင် ပညာသင်ကြားနေသော (ဘ) ဦးနေမောင်း (၉/ကပတ(နိုင်)၀၀၀၅၃၆)၏သား မောင်စိုးသူရနေယု ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်ဇွဲထက်ပိုင် ဖြစ်ပါကြောင်း။ **မောင်ဇွဲထက်ပိုင်**


## ပျောက်ဆုံးကြောင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၂၈၁)နေ ဒေါ်သင်းသင်းရီ (ဘ) ဦးသိန်း(ခ)ကိုကြီး(၉/မရမ(နိုင်)၀၉၁၇၃၃) ၏ နိုင်ငံကူးလက်မှတ်အမှတ် (A-391021) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **၀၉-၄၄၀၄၅၆၄၀၉**

## စာအုပ်စာပေ လူ့မိတ်ဆွေ

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ MSME လုပ်ငန်းများကို ဆောင်ရွက်ရာ၌ One Region One Product ဖြစ်ရန်လိုပြီး ဒေသတွင်း၊ ပြည်တွင်း ဈေးကွက်သာမက ပြည်ပအထိ ထိုးဖောက်နိုင်သည်အထိ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဆောင်ရွက်ကြရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင်ပြုလုပ်သောပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်



**နေပြည်တော် ဇွန် ၂၁**

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများ၊ အားကစားသမားများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ ပျံလွန်တော်မူခဲ့ရသည့်ဖြစ်စဉ်နှင့် ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး စိစစ်ဖော်ထုတ်လျက်ရှိ

စာမျက်နှာ - ၂၂

တာချီလိတ်မြို့နယ်၌ မြန်မာနိုင်ငံအတွင်း တရားမဝင်ဝင်ရောက် နေထိုင်လျက်ရှိသော တရုတ်နိုင်ငံသား လေးဦးကို လက်နက်၊ ခဲယမ်းများ၊ ဆက်သွယ်ရေးစကားပြောစက်များ၊ မူးယစ်ဆေးဝါးများ၊ တရားမဝင်လက်ဝယ်ထားရှိသည့် တောရိုင်းတိရစ္ဆာန်များနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ - ၂၂

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com
BEST QUALITY CEMENT ASTM.C150 TYPE I (42.5) ဆင်မင်းဘိလပ်မြေ
BEST QUALITY CEMENT ASTM.C150 TYPE II (32.5) ဆင်မင်းဘိလပ်မြေ